ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်၊ သောကြာနေ့။ Friday, 19 April 2024 ၁၁၄၃၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# မဟာသင်္ကြန်နှစ်သစ်ကူးကာလအတွင်း ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြား

နေပြည်တော် ဧပြီ ၁၈

ပြီးခဲ့သည့် သီတင်းကျွတ်လပြည့်နေ့မှ ယနေ့အထိ ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်သို့ ဘုရားဖူးပြည်သူ ငါးသိန်းဝန်းကျင် လာရောက်ခဲ့ပြီး မဟာသင်္ကြန်နှစ်သစ်ကူးကာလအတွင်း ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း ကျိုက်ထီးရိုးဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○



# ဧပြီ ၁၈ ရက်တွင် သီလဝါဆိပ်ကမ်းနှင့် မင်းထက်မင်းဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၁၇၂၀၀ တင်ပို့

နေပြည်တော် ဧပြီ ၁၈

နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေး လုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့ ပူးပေါင်းစီစဉ်၍ ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဧပြီ ၁၈ ရက်တွင် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းဖြစ်သော သီလဝါဆိပ်ကမ်း (International Bulk Terminal Thilawa– IBTT) မှ ပြောင်းဖူးစေ့တန်ချိန် ၁၄၅၀၀ နှင့် မင်းထက်မင်းဆိပ်ကမ်း (MHM)မှ ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ စုစုပေါင်းတန်ချိန် ၁၇၂၀၀ တင်ပို့ခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

ယနေ့ ဖတ်စရာ

စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားပါမှ ...
ဆောင်းပါး စာမျက်နှာ » ၆

အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း ရှမ်ကျွန်း၌ လျှင်များ ဆက်တိုက်လှုပ်ခတ်ခဲ့ပြီး မီးတောင်ပေါက်ကွဲ
စာမျက်နှာ » ၁၃

ပလတ်စတစ်ညစ်ညမ်းမှုပြဿနာ လျှော့ချရေးကို အချိန်မီမဆောင်ရွက်နိုင်ပါက ကမ္ဘာမြေ၏ ရေထုထဲတွင် ရေနေသတ္တဝါများထက် ပလတ်စတစ်အမှိုက်များဖြင့် ပြည့်နှက်နေမည်ဖြစ်ရာ အနာဂတ်တွင် အမိကမ္ဘာမြေ၏ သဘာဝဂေဟစနစ် လည်ပတ်မှုမှာ စိုးရိမ်ဖွယ်ရာပင်ဖြစ်
ဆောင်းပါး စာမျက်နှာ » ၁၀

ရင်းနှီးချစ်ကြည် သွေးချင်းတို့ဌာနီ
မန္တလေးက ကြေးပိုသာချိန် သုံးထောင်ကျော်ရှိ ငြိမ်းချမ်းသာယာကြေးစည်တော်
စာမျက်နှာ » ၂၀

## ကြေးမုံ

# အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်တိုက်ဖျက်

ယဉ်ကျေးမှုအစဉ်အလာကြီးမားသော မြန်မာနိုင်ငံ၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ကျင်းပနေစဉ်ကာလ၊ မြန်မာတို့၏ နှစ်ဟောင်းကုန်ဆုံးပြီး နှစ်သစ်သို့ ကူးပြောင်းသည့် မင်္ဂလာရှိသောအချိန်ကာလ၊ ထိုကဲ့သို့ ကောင်းမြတ်သည့် နေ့ရက်ကာလများတွင် မြန်မာတစ်မျိုးသားလုံး ပျော်ရွှင်ချမ်းမြေ့၊ စိတ်ကြည်နူးဖွယ် အစဉ်အလာဓလေ့များကို နိုင်ငံတစ်ဝန်း၌ မြင်တွေ့ရသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။

သို့သော် မြန်မာတစ်မျိုးသားလုံးကောင်းကျိုးများကိုဆောင်ကြဉ်းပြီး စိတ်အေးချမ်းမြေ့ ပျော်ရွှင်ကြည်နူးနေကြချိန်တွင် ရန်လိုအမုန်းပွားစိတ်ထားဖြင့် ပျက်ပြားအောင်၊ အကျည်းတန်အရုပ်ဆိုးအောင် ပြုလုပ်ခဲ့သည့်လုပ်ရပ်များကို မြင်တွေ့ကြားသိရသည်မှာ စိတ်မချမ်းမြေ့စရာ၊ ဝမ်းနည်းစရာ၊ စက်ဆုပ်ရွံရှာစရာ၊ ခံပြင်းဒေါသဖြစ်စရာဖြစ်ရသည်။ အကြံပက်စက် ဆန်ကောလောက်မှ ဖောက်မနက်သည့် ဆင်ခြင်တုံအသိတရားနည်းပါးသော အကြမ်းဖက်အဖျက်သမားများကို မြန်မာတစ်မျိုးသားလုံးက ဝိုင်းဝန်းဆန့်ကျင်ကန့်ကွက်တိုက်ဖျက်ကြရမည်ဖြစ်သည်။

၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ကာလမတိုင်မီကတည်းက မြန်မာနိုင်ငံတွင် အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူများက ၎င်းတို့အာဏာတည်ဆောက်နိုင်ရေးအတွက် မြို့ရွာ၊ လမ်းတံတား၊ အခြေခံအဆောက်အအုံများကို မကြာခဏတိုက်ခိုက်ဖျက်ဆီးနေကြသည်ကို မြင်တွေ့ရသည်။ သောင်းကျန်းသူအကြမ်းဖက်အဖျက်သမားများလက်ချက်ကြောင့် နိုင်ငံတော်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေကြသူများ၊ အေးချမ်းစွာနေထိုင်ကြသည့် အပြစ်မဲ့ ရဟန်းရှင်လူပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးပါးခဲ့ကြသည့် စိတ်မကောင်းဖွယ်အဖြစ်များကို မြင်တွေ့ကြားသိရပေသည်။

သင်္ကြန်အကျနေ့ ဧပြီလ ၁၄ ရက် ည ၁၀ နာရီဝန်းကျင်ခန့်အချိန်တွင် ပြင်ဦးလွင်မြို့ကို အကြမ်းဖက်အဖျက်သမားများက ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြင်ဦးလွင်မြို့ စံပါယ်ရပ်ကွက်၊ ဗလမင်းထင်ရပ်ကွက်၊ အောင်မြေဇေယျာ ဘုန်းတော်ကြီးကျောင်း၊ ပြင်ဦးလွင်ပြည်သူ့ဆေးရုံကြီး အရိုးကုသဆောင်၊ ဟိုတယ်တစ်လုံး၏ အနီးနှင့် ရပ်ကွက်ကြီး (၅)ဘက်တွင်ရှိသည့် ရပ်ကွက်သူ ရပ်ကွက်သားနေအိမ်များစသည့်နေရာရှစ်နေရာတွင် ဗုံးများကျရောက်ပေါက်ကွဲခဲ့သည်။ ဗုံးကျရောက်ပေါက်ကွဲမှုကြောင့် သံဃာတော်နှစ်ပါး ပျံလွန်တော်မူပြီး ပြည်သူနှစ်ဦး သေဆုံးကာ ဒဏ်ရာရသူ ၁၂ ဦးရှိကြောင်း သိရသည်။

အဆိုးရွားဆုံးအနေဖြင့် ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီး အရိုးကုသဆောင်ပေါ်သို့ ဗုံးကျရောက်ပေါက်ကွဲခဲ့သဖြင့် ကလေးငယ်များအပါအဝင် ပြည်သူ ၁၁ ဦး ဒဏ်ရာများ ပြင်းထန်စွာ ထိခိုက်ခံစားရခြင်းဖြစ်သည်။ အဆိုပါ လူမဆန်သည့်လုပ်ရပ်များကို NUG, PDF အမည်ခံ အကြမ်းဖက်သမားများက ရက်စက်စွာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး EAO အဖွဲ့များက ကူညီပံ့ပိုးပေးခဲ့သည်။ လွန်ခဲ့သောရက်များကလည်း အကြမ်းဖက်သမားများက ပြင်ဦးလွင်-မန္တလေးကားလမ်း၊ ပြင်ဦးလွင်မြို့အဝင်နေရာသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ သင်္ကြန်အတက်နေ့ ဧပြီလ ၁၆ ရက်နေ့ကလည်း တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ပလောက်မြို့ပြည်သူ့ဆေးရုံ ကလေးကုသဆောင်ပေါ်သို့ အကြမ်းဖက်သမားများက ဒရုန်းဗုံးပစ်ချတိုက်ခိုက်မှုကြောင့် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ခြောက်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်ကို ရိုးရာအစဉ်အလာမပျက် ဆက်လက်ထိန်းသိမ်းနိုင်ရန်၊ ပြည်သူများ ကိုယ်စိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတွင် ပါဝင်ဆင်နွှဲနိုင်ရန်၊ ပြည်သူများ ပင်ပန်းနွမ်းနယ်သမျှကို အတာရေဖြင့် ပက်ဖျန်းလန်းဆန်းစေပြီး နှစ်သစ်ကို ပျော်ရွှင်ချမ်းမြေ့စွာကြိုဆိုနိုင်ရန်စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံတစ်ဝန်း၌ အတာသင်္ကြန်ပွဲတော်ကျင်းပနေသည့်ကာလတွင် အေးချမ်းစွာ နေထိုင်လုပ်ကိုင်ဆောင်ရွက်နေကြသော ပြည်သူများအား ထိခိုက်သေကျေပျက်စီးစေရန် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်အဖျက်သမားများ၏ အကျည်းတန်အရုပ်ဆိုးသော လုပ်ရပ်များကို ဝိုင်းဝန်းဆန့်ကျင်ကန့်ကွက် တိုက်ဖျက်ကြရမည်ဖြစ်သည်။

အကြမ်းဖက်သောင်းကျန်းသူများသည် တော်လှန်ရေးအကြောင်းပြကာ စစ်ရေးပစ်မှတ်မဟုတ်သော ပြည်သူများအား တိုက်ခိုက်နေသည်။ ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သော မြို့ရွာ၊ ရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime) ကို ကျူးလွန်ခြင်းဖြစ်သဖြင့် အဆိုပါအကြမ်းဖက်သမားများကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူများ၏ လူမဆန်သော အဖျက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် ပြည်သူလူထုတစ်ရပ်လုံးက အကြမ်းဖက်သမားများကို ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချကြပြီး ထိရောက်စွာ ရှာဖွေရှင်းလင်းချေမှုန်းနိုင်ရန်အတွက် လျှို့ဝှက်စွာသတင်းပေးခြင်းဖြင့် ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။ ။





# မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှ မော်လမြိုင်မြို့ မြဆည်းဆာဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် မေ ၁၈**

မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)သည် မြန်မာနှစ်သစ်ကူး နှစ်ဆန်းနှစ်ရက်နေ့ ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မြဆည်းဆာဘိုးဘွားရိပ်သာ၌ အဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

အခမ်းအနားသို့ မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) နာယကများဖြစ်ကြသည့် ဦးဇော်လင်းထွန်း၊ ဦးအောင်မြို့၊ ဦးကိုလေး၊ ဥက္ကဋ္ဌ ဦးကြည်သိန်းနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြဆည်းဆာ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်၍ သက်ကြီးအဘိုးအဘွားများကို လှူဖွယ်ပစ္စည်းဖြင့် ကန်တော့ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ချီဖွေမြို့နယ် လာနော့- ကန်းဖန့် ကျေးရွာချင်းဆက်လမ်း ကျောက်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ချီဖွေ မေ ၁၈**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကချင်ပြည်နယ် ချီဖွေမြို့နယ် လာနော့ - ကန်းဖန့် ကျေးရွာချင်းဆက်လမ်း တစ်မိုင်လေးဖာလုံ ကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၂၅၀ ဒသမ ၈၈၉ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ချီဖွေမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

အဆိုပါလမ်း ဆောင်ရွက်ပေးနိုင်မှုကြောင့် ချီဖွေမြို့နယ်နှင့် ဆော့လော်မြို့နယ်အတွင်းရှိ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့်အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ အခြေခံလူမှုစီးပွားဘဝနှင့် ကုန်စည်စီးဆင်းမှုကို များစွာအထောက်အကူပြုလျက်ရှိသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကချင်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၅၄၈၈ ဒသမ ၈၈၂ သန်းဖြင့် လမ်း/တံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ သာသနာရေးလုပ်ငန်းနှင့် တန်ဖိုးနည်းအိမ်ရာတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သုံးခွမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ (ပဉ္စမ)အကြိမ် ထုတ်ချေး

**သုံးခွ မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ (ပဉ္စမ) အကြိမ် ထုတ်ချေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဦးကြာမှိုင်းပတုပ်ကျေးရွာ၌ ကွင်းဆင်းထုတ်ချေးခဲ့သည်။

ဦးစွာ သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းချိုက ဦးကြာမှိုင်းပတုပ်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ဦးကြာမှိုင်းပတုပ်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၅၁ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဦးကြာမှိုင်းပတုပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်းအသင်းသူအသင်းသား ၁၁၈ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၅၁ သိန်းကို အသင်းသူ အသင်းသားများ၏ တစ်ဦးချင်းလက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် (ပဉ္စမ)အကြိမ်မြောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**၂၂၂**


## ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



# ဘိုကလေးမြို့နယ်၌ မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ဘိုကလေး ဧပြီ ၁၈

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးပြီး မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၏ စုပေါင်းပါဝင် လှူဒါန်းမှုဖြင့် မြန်မာနှစ်ဆန်းတစ်ရက်(ဧပြီ ၁၇ရက်)ညနေ၄နာရီကဘိုကလေးမြို့မဆွမ်းလောင်းဓမ္မာရုံကြီးတွင် စုရပ်ထားကာ မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို သိုက်မြိုက်စွာ ကျင်းပသည်။

**ဆွမ်းဆန်လောင်းလှူ**

ဆွမ်းဆန်စိမ်းလောင်းလှူရာသို့ ဘိုကလေးမြို့ပေါ်မှ ကျောင်းတိုက်ပေါင်း ၅၃ ကျောင်းမှ သံဃာတော်အပါး ၁၀၀၀ ခန့် ကြွရောက်တော်မူပြီး မြို့မဆွမ်းလောင်းဓမ္မာရုံကြီးရှေ့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဦးကံဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ဆွမ်းဆန်များလောင်းလှူခဲ့သည်။

ထို့နောက် မြို့တွင်းမှ ဆွမ်းဒါယကာဒါယိကာမများကလည်း ဆွမ်းဆန်စိမ်းအပါအဝင် အခြားလှူဖွယ်ဝတ္ထုများ လောင်းလှူပူခဲ့ကြပြီး ဘိုကလေးမြို့နယ်၏ နှစ်စဉ် အစဉ်အလာမပျက် ကျင်းပ ဆောင်ရွက်ခဲ့သော မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်း လောင်းလှူပွဲအား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**



# မုဒုံမြို့ ကန်ကြီးစေတီတော်မြတ်ကြီးတွင် ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀ ပူဇော်ပွဲကျင်းပ

မုဒုံ ဧပြီ ၁၈

မွန်ပြည်နယ် မုဒုံမြို့ ကျက်သရေဆောင် သမိုင်းဝင်ဆံတော်ရှင် ကန်ကြီးစေတီတော်မြတ်ကြီးတွင် ၁၃၈၆ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်(ဧပြီ ၁၇ ရက်) က ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀ ပူဇော်ပွဲ ကျင်းပသည်။

ဦးစွာ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ စေတီတော်ဂေါပကအဖွဲ့၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သီလတော်မြတ်ခံယူကြပြီး နှစ်ဦးပရိတ်တရားတော်မြတ်အား ရွတ်ပွားသရဇ္ဈာယ်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ကြီးများ ဦးဆောင်၍ စေတီတော်ရင်ပြင်တော်ဝန်းကျင်တွင် ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ မြို့နယ်အတွင်းရှိ ပြည်သူများ၊ ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာပြည်သူများက ရေချမ်း၊ ပန်း၊ ဆီမီး၊ နံ့သာတိုင်များ ထွန်းညှိပူဇော်ခြင်း၊ ဘုရားဝတ်ပြု ဆုတောင်းသူများ၊ ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀ ဗုဒ္ဓပူဇနိယပူဇော်ပွဲနှင့် မုန့်ပဲသရေစာ၊ ကလေးကစားစရာ စသည့် အရောင်းဆိုင်များ၊ ဘုရားပွဲဈေးရောင်းဈေးဝယ်များဖြင့် အထူးစည်ကားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

○ **မဟာသင်္ကြန်မှ**

"ဘုရားဖူးက ကိုဗစ်ကာလမှာ နည်းတယ်။ ကိုဗစ်ပြီးတော့ တဖြည်းဖြည်း ပြန်တက်လာတယ်။ သင်္ကြန်အကြိုနေ့ကနေ သင်္ကြန်အတက်နေ့အထိ ပြည်တွင်းခရီးသွားက ၂၄၅၉၈၂ ဦး ရှိပါတယ်။ ပြည်ပခရီးသွားလာရောက်မှုအနေနဲ့ ၁၂၉၄ ဦးရှိပါတယ်။ ပြည်ပခရီးသွား လာရောက်မှုမှာ ထိုင်းနိုင်ငံက အများဆုံးဖြစ်ပါတယ်။ မနှစ်က ဘုရားပွဲတော်မှာ ဘုရားဖူးပြည်သူလေးသိန်းကျော်လောက် လာပါတယ်။ စာရင်းတွေအရဆိုရင် ပြီးခဲ့တဲ့နှစ်နဲ့ ယှဉ်ရင်တော့ ဒီနှစ် ဘုရားဖူးပြည်တွင်း၊ ပြည်ပလာတဲ့သူပိုများလာပါတယ်။ ဒီနေ့မှာလည်း ဘုရားဖူးတွေလာပါတယ်။ တောင်တက်ကား အစီး ၁၅၀ နဲ့ စနစ်တကျပြေးဆွဲပေးနေပါတယ်။ ရသေ့တောင်ကနေ ရင်ပြင်တော်အထိ နေ့စဉ်ကေဗယ်အစီးအရေအတွက် ၄၀ နဲ့လည်း နေ့စဉ် ပြေးဆွဲပေးနေပါတယ်။" ဟု ကျိုက်ထီးရိုးဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှက ပြောသည်။

ထို့ပြင် ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်သို့ ယခုရက်ပိုင်းအတွင်း ဘုရားဖူးပြည်သူများ ပိုမိုလာရောက်မှုရှိပြီး ဘုရားဖူးများလာရောက်သည့်အတွက် ကျိုက်ထီးရိုး ရင်ပြင်တော် ဈေးဆိုင်တန်းတစ်လျှောက်ရှိ ထမင်းဆိုင်များ၊ အမှတ်တရအရောင်းဆိုင်များ၌ ဘုရားဖူးများဖြင့် စည်ကားနေသည့်အပြင် တည်းခိုဆောင်များ၌လည်း တည်းခိုနေထိုင်သူများပြားလျက်ရှိကြောင်း သိရသည်။

"နှစ်သစ်ကူး သင်္ကြန်ပိတ်ရက်က ရက်ရှည်ဖြစ်တဲ့အတွက် မိသားစု ဆွေမျိုးတွေ စုစည်းပြီး လာဖြစ်တာပါ။ နှစ်တိုင်းနီးပါး ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကို လာရောက်ဖူးမြော်ဖြစ်ပါတယ်။ ကိုဗစ်ကာလတုန်းကတော့ မလာဖြစ်ဘူး။ ကျွန်မတို့ ရန်ကုန်နဲ့ကနီးပြီး သွားရလာရလည်း လွယ်ကူပါတယ်။ နွေရာသီ အပူချိန်များတဲ့ ကာလဖြစ်ပေမယ့် ပေ ၃၀၀၀ ကျော်မြင့်တဲ့ တောင်ပေါ်မို့ မနက်ပိုင်းနဲ့ ညနေပိုင်းဆို အေးချမ်းပြီး နေလို့ကောင်းတယ်။ အပန်းလည်းပြေတယ်။ ဘုရားဝတ်ပြုလို့လည်းကောင်းတယ်။ နေ့လယ်ပိုင်းတစ်ချက်ပဲ ပူတယ်။ ဒါပေမဲ့ လာရောက်တဲ့ ဘုရားဖူးပြည်သူတွေများပါတယ်" ဟု ရန်ကုန်မြို့မှ လာရောက်သူ မနန္ဒာလင်းက ပြောပြသည်။

ထိုသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ၊ အန္တရာယ်ကင်းဝေးစေရန်နှင့် စိတ်ချမ်းမြေ့စွာ ဘုရားဖူးမြော်နိုင်ရန်အတွက် ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက ဘုရားဖူးပြည်သူများ၏ လုံခြုံရေးနှင့်ပတ်သက်၍ အလေးပေး ဆောင်ရွက်လျက်ရှိသည်။

"လုံခြုံရေးနဲ့ပတ်သက်ရင်လည်း လုံခြုံရေးအဖွဲ့ဝင်တွေက လမ်းခရီးတစ်လျှောက်မှာ ထိန်းသိမ်းဆောင်ရွက် ပေးနေတာတွေရှိတယ်။ ဂေါပကအဖွဲ့တွေကလည်း ဘုရားဖူးတွေရဲ့ စားရေး၊ သောက်ရေး၊ နေထိုင်ရေးတွေကို ချို့ယွင်းချက်မရှိအောင် ဟိုတယ်တွေ၊ မော်တော်ယာဉ်လိုင်းတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးနေပါတယ်" ဟု ဂေါပကအဖွဲ့ဥက္ကဋ္ဌက ပြောပြသည်။

**သက်နိုင် (မော်လမြိုင်)**

❋ **ရှေ့ဖုံးမှ**

အလားတူ အေးရှားဝေါလ်ဆိပ်ကမ်း (AWPT-3)မှ သင်္ဘောတစ်စင်းပေါ်သို့ ရေထွက်ကုန်ပစ္စည်း၊ ဆန်၊ ပဲ၊ ပြောင်းများ တင်ဆောင်လျက်ရှိသည်။

**ဆက်လက်တင်ပို့သွားမည်**

ထို့ပြင် ဧပြီ ၁၉ ရက်တွင် အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (AIPT-3) မှ ပြောင်းဖူးစေ့တန်ချိန် ၆၆၀၀ နှင့် ဧပြီ ၂၀ ရက်တွင် ယခင်ဗိုလ်အောင်ကျော် ဆိပ်ကမ်း (The Myanmar Terminal-TMT) မှ ပြောင်းဖူးစေ့တန်ချိန် ၁၂၇၀၀ ဆက်လက် တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းဘူးမြို့၌ မြို့လုံးကျွတ် သက်ကြီးဘိုးဘွားပူဇော်ပွဲ ကျင်းပ

မင်းဘူး ဧပြီ ၁၈

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်ကူးအလှူတော်မင်္ဂလာအဖြစ် မြို့လုံးကျွတ်သက်ကြီးဘိုးဘွားပူဇော်ပွဲကို ယမန်နေ့ညနေပိုင်းက သုံးထပ်ဆောင်သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နမ္မဒါဘိုးဘွားရိပ်သာမှ သက်ကြီးဘိုးဘွားများနှင့် မင်းဘူးမြို့ပေါ်ရပ်ကွက်များရှိ သက်ကြီးဘိုးဘွားများအား ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ဝန်ချတောင်းပန် ရှိခိုးကန်တော့ခဲ့ကြပြီး ဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက ဆုတောင်းစကား ပြန်လည်ပြောကြားသည်။

သက်ကြီးဘိုးဘွားပူဇော်ပွဲတွင် မင်းဘူးမြို့ နမ္မဒါဘိုးဘွားရိပ်သာမှ အဘိုးအဘွား ၁၃ ဦးနှင့် မြို့ပေါ်ရပ်ကွက်များမှ အသက် ၈၀ နှစ်နှင့်အထက် ဘိုးဘွား ၉၆ ဦး စုစုပေါင်း ၁၀၉ ဦးအား တစ်ဦးလျှင် အလှူငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ၅၄၅၀၀၀၀ ကျပ်ကို ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် တာဝန်ရှိသူများက လှူဒါန်းပေးအပ်ကြပြီးလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများနှင့် သွားလာနေထိုင်စားသောက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# ပြည်မြို့၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ကောင်းမှုကုသိုလ်များ စုပေါင်းဆောင်ရွက်

ပြည် ဧပြီ ၁၈

ပြည်မြို့၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက်ပိုင်းတွင်အန္တရာယ်ကင်း ပရိတ်တရားတော်ရွတ်ဖတ်ခြင်း၊ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားပူဇော်ပွဲစသည့် ကုသိုလ်ကောင်းမှုများကို ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်)နှင့် ပြည်ခရိုင်/မြို့နယ်ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ကြောင်း သိရသည်။

ဦးစွာဗဟိုမဏ္ဍပ်၌ ဆရာတော်သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး ပြည်မြို့ဝက်ဘာတောရကျောင်းတိုက်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့်တာဝန်ရှိသူများက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်မြို့ ဝက်ဘာတောရကျောင်းတိုက် ဆရာတော်ကြီးအမှူးပြုသော ဆရာတော် သံဃာတော်များက မေတ္တာသုတ်စသော အန္တရာယ်ကင်း ပရိတ်တရားတော်မြတ်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။ ထို့နောက်သရေခေတ္တရာဘိုးဘွားရိပ်သာရှိ အဘိုးအဘွား ၄၀ အား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခြင်းစသည့် ကုသိုလ်ကောင်းမှုများကို ပူးပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကဦးဆောင်၍ စတုတ္ထအကြိမ်မြောက် မြန်မာ့နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ပွဲ ကျင်းပ

ပဲခူး မေ ၁၈

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကဦးဆောင်၍ မေ ၁၇ ရက် ညပိုင်းတွင် ပဲခူးမြို့ ဆေးရုံဟောင်းလမ်းပေါ်ရှိ နှစ်ဦးတရားအလှူဓမ္မသဘင်မဏ္ဍပ်၌ စတုတ္ထအကြိမ်မြောက် မြန်မာ့နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်ပွဲ ကျင်းပခဲ့သည်။

ဦးစွာ ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်မှ ဘဒ္ဒန္တသုန္ဒရ (သာသနဓဇဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)ဆရာတော်က "ပညာရှိတို့ဆုံးမစကား" တရားခေါင်းစဉ်ဖြင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူပြီး ဝန်ကြီးချုပ် အမှူးပြုသော တရားနာပရိသတ်များက တရားတော်နာယူ၍ ဓမ္မပူဇာအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ မြန်မာ့နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ပွဲအား မေ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မေ ၁၈ ရက်တွင် ပဲခူးမြို့ ဥသ္သာသီရိစာသင်တိုက် ပဓာနနာယက ဒေါက်တာဘဒ္ဒန္တသူရိယ (သာသနဓဇဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်) ဆရာတော်ကလည်းကောင်း၊ မေ ၁၉ ရက်တွင် ပဲခူးမြို့ သာသနာ့ဇောတိကစာသင်တိုက် ဘဒ္ဒန္တဇနိတ (သာသနဓဇဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ)က လည်းကောင်း တရားရေအေး ဟောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# လှည်းကူးမြို့နယ်၌ သက်ကြီးဘိုးဘွားပူဇော်ပွဲအခမ်းအနား ကျင်းပ

လှည်းကူး မေ ၁၈

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ နှစ်ဆန်းတစ်ရက်နေ့ သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၅ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်က အမှာစကားပြောသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ Uni-Win Leather Myanmar Co.,Ltd. အိတ်စက်ရုံမှတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က မြို့နယ်အတွင်း အသက် ၈၅ နှစ်အထက် အဘိုး အဘွား စုစုပေါင်း ၈၅၀ အား တစ်ဦးလျှင် ဆန် ငါးပြည်အိတ်တစ်အိတ်၊ ဆီတစ်ဘူးနှင့် ကြက်ဥ ၁၀ လုံးတို့ကို ပေးအပ်လှူဒါန်းခဲ့ပြီး ဘိုးဘွားများကိုယ်စား အဘိုး ဦးမောင်တင်က မုဒိတာစကား ပြန်လည်ပြောကြားသည်။ အခမ်းအနားသို့ မတက်ရောက်နိုင်သည့် ကျန်ရှိနေသော အဘိုး အဘွားများအား အိမ်တိုင်ရာရောက် ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။




ဥာဏ်ဟိန်း




# မိတ္ထီလာမြို့နယ် ရှမ်းတဲစံပြကျေးရွာ၌ သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲ ကျင်းပ

မိတ္ထီလာ မေ ၁၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရှမ်းတဲစံပြကျေးရွာ၌ (၄၈)ကြိမ်မြောက် အသက် ၇၅ နှစ်အထက် သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၄ နာရီက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစောလွင်က အမှာစကားပြောကြားပြီး အကျိုးဆောင်ဦးကြည်ဝင်းက သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အသက် ၇၅ နှစ်အထက် သက်ကြီးဘိုးဘွား ၇၅ ဦးအား ကျေးရွာများမှ အလှူရှင်များ၏ ပူဇော်ကန်တော့ငွေများနှင့် လှူဖွယ်ပစ္စည်းများ၊ တစ်ဦးတည်းအလှူရှင်များ၏ လှူဒါန်းငွေများကို တာဝန်ရှိသူများနှင့် အလှူရှင်များက ပေးအပ်လှူဒါန်း ကန်တော့ခဲ့ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

# တာချီလိတ်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

တာချီလိတ် မေ ၁၈

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နားယောင်းကျေးရွာအုပ်စု ဟွေဝုန်းကျေးရွာ၌ ကျင်းပခဲ့သည်။



ဦးစွာ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့လှဲ့သင်းက ဟွေဝုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလ သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

**ရွေးချယ်ဖွဲ့စည်း**

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ဟွေဝုန်းကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်သည့် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

တာချီလိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ လုပ်ကိုင်လာနိုင်စေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ဟွေဝုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း Type- 3 အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် စီမံကိန်းနှင့် အကျုံးဝင်သည့် လုပ်ငန်းများတွင် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

 JJJ



# မင်းလှမြို့နယ်၌ ဇီဝိတဒါနငါးလွှတ်ပွဲပြုလုပ်

မင်းလှ မေ ၁၈

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ အမှတ်(၂)ရပ်ကွက် ကံကြီးတောရဘုန်းတော်ကြီးကျောင်း ငါးကန်အတွင်း ၁၃၈၀ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့က ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပခဲ့သည်။

အဆိုပါငါးလွှတ်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် အဖွဲ့ဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေလင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများစုပေါင်း၍ ငါးမြစ်ချင်း ၂၀၀၀၊ ရွှေဝါငါးကြင်း ၄၀၀၀၊ ထိုင်းငါးခုံးမ ၄၀၀၀ စုစုပေါင်းကောင်ရေ ၁၀၀၀၀ ကို ကန်အတွင်း ဇီဝိတဒါနငါးလွှတ်ခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် မေ ၁၈

မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် မေ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာနှစ်ဆန်းတစ်ရက် ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲသို့ တက်ရောက်

ထားဝယ် မေ ၁၈

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၆ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် ဇီဝိတဒါန ငါးလွှတ်ပွဲကို ယမန်နေ့နံနက် ၇ နာရီက ထားဝယ်မြို့ ဒေါင်းငူ/တံငါရပ်ကွက် ဆိပ်ကမ်းသာဖောတံတား၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး အောင်မျိုးထွန်းနှင့် တာဝန်ရှိသူများက ကကတစ် ငါးသားပေါက်ကောင်ရေ ၅၀၀၀ အား ဆိပ်ကမ်းသာဖောတံတားပေါ်မှ ထားဝယ်မြစ်အတွင်းသို့ ကုသိုလ်ပြု ဇီဝိတဒါနငါးလွှတ်ပေးခဲ့သည်။

ထို့နောက် သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို နံနက် ၉ နာရီက သာသနာ့ဗိမာန်တော်ကြီး၌ ဆက်လက်ကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဘိုး အဘွားများအား ပူဇော်ကန်တော့ခြင်းအကြောင်း အမှာစကားပြောကြားပြီး ဖိတ်ကြားထားသော ဧည့်သည်တော်များက အဘိုးအဘွား ၃၅ဦးအား ပူဇော်ကန်တော့ခဲ့ကြသည်။

ဆက်လက်၍ အဘိုးအဘွားများကိုယ်စား အဘိုးတစ်ဦးက ဝမ်းမြောက်စကားပြောကြားပြီး ဆုတောင်းမေတ္တာပို့သ၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက အဘိုးအဘွားများအား အလှူငွေများနှင့် ကန်တော့လက်ဆောင်ပစ္စည်းများပေးအပ်ကာ အဘိုးအဘွားများအား ထားဝယ်ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်များအဖွဲ့က ကျန်းမာရေး ဆေးစစ်ကုသပေးသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့က ကန်တော့ခံဘိုးဘွား ၃၅ ဦးနှင့် ထားဝယ်မြို့နယ်အတွင်းရှိ အသက် ၉၀ နှင့်အထက် အဘိုးအဘွား ၄၅၆ ဦး စုစုပေါင်း ၄၉၁ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၉၆ သိန်း ၄ သောင်းအားလည်းကောင်း၊ ကန်တော့ခံအဘိုးအဘွား ၃၅ ဦးအတွက် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနက လှူဒါန်းငွေကျပ် သုံးသိန်းအား လည်းကောင်း လှူဒါန်းခဲ့ကြပြီး ပူဇော်ပွဲအခမ်းအနားသို့ မတက်ရောက်နိုင်သော အဘိုးအဘွားများအား တာဝန်ရှိသူများက အိမ်တိုင်ရာရောက် အလှူငွေများနှင့် ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။



တိုင်းဒေသကြီး(ပြန်/ဆက်)

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဝိုင်းမော်မြို့နယ် မိုင်းနား RC ယာယီတိမ်းရှောင်စခန်းတွင် နေရပ်စွန့်ခွာတိမ်းရှောင်လာသော အိမ်ထောင်စုများအား တွေ့ဆုံအားပေးထောက်ပံ့

မြစ်ကြီးနား မေ ၁၈

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းမှ နယ်မြေမတည်ငြိမ်မှု ဖြစ်စဉ်များကြောင့် နေရပ်ကျေးရွာများကို စွန့်ခွာ၍ မိုင်းနားကျေးရွာ မိုင်းနားစိန့်ဂျိုးဇက်(RC)စခန်းသို့ ယာယီတိမ်းရှောင်လာခဲ့ကြသော အိမ်ထောင်စုများအား ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် မေ ၁၇ ရက် မွန်းလွဲ ၃ နာရီက သွားရောက်တွေ့ဆုံ အားပေးခဲ့သည်။



ထိုသို့ သွားရောက်တွေ့ဆုံအားပေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စိန့်ဂျိုးဇက်(RC)စခန်းအတွင်းရှိ ခန်းမ၌ ထပ်မံရွှေ့ပြောင်း နေထိုင်သော အိမ်ထောင်စုများနှင့် တွေ့ဆုံပြီး ပြည်နယ် ဝန်ကြီးချုပ်က လတ်တလောနယ်မြေအခြေအနေအရ နေရပ်ကျေးရွာများကို စွန့်ခွာပြီး ယခုလို လာရောက်ခိုလှုံနေထိုင်သည့်အတွက် နေထိုင်စားသောက်မှု အခက်အခဲနှင့် လိုအပ်ချက်များ ကြုံတွေ့နေရမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လတ်တလောနေထိုင်စားသောက်မှု အဆင်ပြေစေရေး လာရောက်ထောက်ပံ့ပေးခြင်းဖြစ်ပြီး လိုအပ်ချက်များကိုလည်း အတတ်နိုင်ဆုံးနှင့် အမြန်ဆုံး ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း အားပေးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဝိုင်းမော်မြို့နယ်ရွှေညောင်ပင်အောင်မြေ(၁)၊ အောင်မြေ(၂)၊ နောင်စီပေါ၊ ကဇူး၊ ဒဘတ်ယန်၊ ဂါးရာယန်၊ တာလောကြီး၊ ခါးရှိ၊ နောင်ပတိန်းနှင့် ဝါးရှောင်ကျေးရွာများမှ ခေတ္တတိမ်းရှောင်လာသော အိမ်ထောင်စု ၁၂၆ စု၊ လူဦးရေ၅၁၇ ဦးတို့အတွက် ထောက်ပံ့ငွေကျပ် သိန်း ၁၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ယင်းနောက် အိမ်ထောင်စုများနှင့် စခန်းတာဝန်ခံများက စခန်းအတွင်း နေထိုင်စားသောက်ရာတွင် သောက်သုံးရေ လိုအပ်ချက်များ၊ နေအိမ်လိုအပ်ချက်များနှင့် အခက်အခဲများကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က မိသားစုများ၏ လိုအပ်ချက်များအပေါ် အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် အိမ်ထောင်စုများနှင့် စခန်းတာဝန်ခံများ၏ တင်ပြချက်အရ ထပ်တိုးရောက်ရှိလာသည့် အိမ်ထောင်စုများအတွက် မခေါယန်ကျေးရွာအတွင်းရှိ RC အသင်းတော်ပိုင်ဝင်း အတွင်း ယာယီခိုလှုံရာ နေအိမ်တန်းလျားများ တည်ဆောက်နေမှုကို တာဝန်ရှိသူများနှင့် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး နေအိမ်တန်းလျားများ တည်ဆောက်ရာတွင် လိုအပ်သည့် အမိုး၊ အကာ၊ ကြမ်းခင်းများ အမြန်ဆုံးဆောင်ရွက်ပြီးစီးရေး၊ ရေအိမ်သာများ ထပ်တိုးတည်ဆောက် ပေးနိုင်ရေးနှင့် ရေတွင်းများ တူးဖော်ပေးနိုင်ရေးအတွက် ငွေကျပ် ၁၅၆ သိန်းကို ပံ့ပိုးကူညီပေးနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းနှင့် ကျောက်ဖြူ(ဘိုးဘွားရိပ်သာ)သို့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

ကျောက်ဖြူ မေ ၁၈

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက နဂါးကျောင်းပရိယတ္တိစာသင်တိုက် သီလရှင်ကျောင်းနှင့် ကျောက်ဖြူ ဘိုးဘွားရိပ်သာသို့ သွားရောက်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းသူနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များသည် နဂါးကျောင်းပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး ၎င်းကျောင်းတိုက်ဆရာတော် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစက္ကိန္ဒာဘိဝံသအားသွားရောက်ဖူးမြော်ကြည်ညို၍ ကျန်းမာရေးအခြေအနေအား မေးမြန်းလျှောက်ထားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များသည် ဇေယျာသုခ သီလရှင်ကျောင်းသို့ သွားရောက်ပြီး သီလရှင်ဆရာလေးများကို လှူဖွယ်ဝတ္ထုငွေ၊ ဆီ၊ ကြက်သွန်နှင့် စားသောက်ဖွယ်ရာပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ယိမ်းအဖွဲ့များသည် ကျောက်ဖြူဘိုးဘွားရိပ်သာသို့ သွားရောက်ပြီး ဘိုးဘွားများ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် အလှူငွေများကို ထောက်ပံ့လှူဒါန်းရာ ဘိုးဘွားရိပ်သာအထောက်အကူပြုအဖွဲ့ဝင်များက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# ကျောက်ဆည်မြို့နယ်၌ ဖွန်ပန်းစိုက်ပျိုးရောင်းချသူများ နေ့စဉ်ဝင်ငွေရရှိသဖြင့် မိသားစုများ အဆင်ပြေ

ကျောက်ဆည် မေ ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ထားဝယ်ကျေးရွာတွင် ဖွန်ပန်းများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရောင်းချလျက်ရှိရာ နေ့စဉ်ဝင်ငွေရရှိသဖြင့် မိသားစုများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ် ထားဝယ်ကျေးရွာတွင် အိမ်ထောင်စု ၁၈၅ စု နေထိုင်လျက်ရှိပြီး အိမ်ထောင်စု အားလုံးနီးပါး အပိုဝင်ငွေရရှိရေးအတွက် ဖွန်ပန်းရုံများကို နေအိမ်ဝိုင်းမြေကွက်လပ်များတွင် စိုက်ပျိုးထားရှိပြီး ဖွန်ပန်းရုံ ၂၀၀ စိုက်ပျိုးထားရာ နေ့စဉ်ခူးဆွတ် ရောင်းချနေရကြောင်း၊ ခူးဆွတ်ရာတွင် ပန်းမပွင့်မီ အငုံကာလ၌ ခူးဆွတ်ရကြောင်း၊ တစ်ရက်လျှင် ဖွန်ပန်းရုံတစ်ရုံမှ ပန်းအငုံ နှစ်ဆီဘူး တစ်ဘူးနီးပါး ခူးဆွတ်ရကြောင်း၊ ရောင်းချရာတွင် ပန်းမပွင့်မီပန်းအငုံများအား အပ်ချည်တွင်သီကုံး၍ ပန်းအငုံ ၆၀ ပါ ပန်းကုံးတစ်ကုံးအား ငွေကျပ် ၉၀ ဖြင့် ပန်းပွဲစားများအား တစ်နေ့တာထွက်ရှိသည့် ပန်းများအားလုံးရောင်းချရကြောင်း၊ တစ်ရက်လျှင် ပန်းအကုံး ၃၆၀၀ ခန့်ရောင်းချရသဖြင့် နေ့စဉ်ဝင်ငွေရရှိ၍ အဆင်ပြေလျက်ရှိကြောင်း ဖွန်ပန်းစိုက်ပျိုးရောင်းချသည့် ဦးဝင်းနိုင်က ပြောသည်။

**သက်မောင်(ကျောက်ဆည်)**

ဥတုရာသီ တောကိုမှီ၍

# စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားပါမှ …

**စာဖတ်ပရိသတ်တစ်ဦး**

သော်တာဆွေ “ကျွန်တော့်ဘဝဇာတ်ကြောင်း (၁)” နှစ်သောင်းကျပ်၊ “ကျွန်တော့်ဘဝဇာတ်ကြောင်း (၂)” နှစ်သောင်းကျပ်၊ “ကျွန်တော့်ဘဝဇာတ်ကြောင်း (၃)” နှစ်သောင်းကျပ်။

တစ်နေ့က လူမှုကွန်ရက်စာမျက်နှာထက်တွင် တွေ့လိုက်ရသည့် စာအုပ်ကြော်ငြာလေး။ အမယ်လေး၊ ဒီဘက်ခေတ် စာအုပ်ဈေးနှုန်းတွေကိုကြည့်ရင်း ကျွန်တော်အံ့သြမှင်တက်ကာ အမယ်လေးတမိပါသည်။

၂၀၀၀ ပြည့်နှစ်တုန်းဆီက စာပေလောကစာအုပ်တိုက်က ထုတ်ဝေခဲ့သော ဆရာသော်တာဆွေ၏ “ကျွန်တော့်ဘဝဇာတ်ကြောင်း ၁၊ ၂၊ ၃၊ ၄” အတွဲများကို ကျွန်တော်ဝယ်ယူဖတ်ရှုခဲ့စဉ်က တစ်တွဲမှ ငွေကျပ် ၁၅၀၀ စီမျှသာ ပေးခဲ့ရပါသည်။

ထို့အတူ ဆရာသိန်းဖေမြင့်၏ “သူတို့ခေတ် သူတို့အတိတ်၊ သူတို့အရိပ်၊ ပွင့်ပွင့်လင်းလင်း သတင်းစာဖြတ်ပိုင်းများ” ဆောင်းပါးပေါင်းချုပ် စာအုပ်ကလည်း တစ်အုပ်မှ ငွေကျပ် ၁၅၀၀၊ ပညာရွှေတောင်စာအုပ်တိုက်ကဝယ်ဖြစ်ခဲ့သည့် ဆရာသိန်းဖေမြင့်၏ ဝတ္ထုတိုပေါင်းချုပ်ကလည်း ငွေကျပ် ၃၀၀၀ မျှသာ ဖြစ်သည်။

၁၉၉၇-၉၈ ခုနှစ်က ဆရာကြီးရွှေဥဒေါင်း၏ “တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ” ပထမတွဲနှင့် ဒုတိယတွဲစာအုပ်မှာလည်း စာပေလောကစာအုပ်တိုက်တွင် တစ်တွဲမှ ငွေကျပ် ၃၀၀၀ မျှသာပေးခဲ့ရသည်။

**စာအုပ်ဈေးနှုန်းများ မြင့်တက်လာ**

ဆိုရလျှင် ထိုခေတ် ထိုအခါက စာအုပ်ဈေးနှုန်းများသည် ကျွန်တော်တို့လို စာဖတ်ပရိသတ်များအတွက် ကိုယ်ပိုင်ဝယ်ယူဖတ်ရှုနိုင်ရန် လက်လှမ်းမီသောဈေးနှုန်းများဖြစ်ခဲ့သည်။ ၂၀၁၂၊ ၂၀၁၃ ခုနှစ်ကာလများတွင် စာအုပ်ဈေးနှုန်းများ အနည်းငယ် မြင့်တက်လာသည်။

၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ငါတို့စာပေတိုက်မှ ဝန်ကြီးချုပ်ဟောင်း ဦးနု၏ “တာတေစနေသား” ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ် ထွက်ရှိလာသည်။ ဖတ်ချင်လိုက်သည်မှာ မပြောပါနှင့်တော့။ သို့သော် စာအုပ်ရောင်းဈေးတန်ဖိုးက ငွေကျပ် ၈၅၀၀ ဖြစ်၍ လတ်တလော ဝယ်ယူဖတ်ရှုရန် လက်လှမ်းမမီဖြစ်ရသည်။ ငွေပိုငွေလျှံရှိမှ ဝယ်တော့မည်ဟု ဆုံးဖြတ်ကာ စာအုပ်ကို စာအုပ်အရောင်းဆိုင်စင်ပေါ်တွင် ပြန်ထားခဲ့ရသည်။

သို့ရာတွင် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေသောအခါ တန်ဖိုးမှာ မူလပထမအကြိမ်တန်ဖိုးထက် ထက်ဝက်သက်သာ၍ ချက်ချင်းဝယ်ယူ ဖတ်ရှုဖြစ်ခဲ့သည်။ ဒုတိယအကြိမ်အဖြစ် ထပ်မံထုတ်ဝေသောစာအုပ်တွင် စာအုပ်တန်ဖိုးကို အဘယ်ကြောင့် ထက်ဝက်နီးပါးလျှော့ချခဲ့ရသည်နှင့်ပတ်သက်၍ ဝန်ကြီးချုပ်ဟောင်း ဦးနု၏ သမီး ဆရာမကြီးဒေါ်စန်းစန်းနုက **“စာအုပ်တန်ဖိုး ၈၅၀၀ ကျပ်က များလွန်းသည်။ လူတိုင်း မဝယ်နိုင် မတတ်နိုင်ဘူး၊ ကိုယ်တွေလည်းကြုံရကြားရသည်။ ထိုသို့ကြားသိလာရသည့်နောက်တွင် စန်းမွန်အောင်က သူ့စာအုပ်ကိုပြန်ပြင်ပြီး ၄၅၀၀ ကျပ်နှင့်ထက်ဝက်လျှော့ကာ ရောင်းချင်သည်။ သူ့အတွက် စာအုပ်ထုတ်ခစရိတ်ကျန်လျှင်ရပြီ။ အဲဒီလိုဆိုလျှင် အန်တီလည်း စာမူခရတာနည်းသွားမယ်။ ဖြစ်မလား၊ ကျေနပ်မလားဟုမေးပါသည်။ သူက စာအုပ်ဈေးကြီးတာနှင့် လူတိုင်းမဝယ်နိုင် မဖတ်ဖြစ်နိုင်သည့်အတွက် အားနာပြီး စိတ်မကောင်းဖြစ်နေသူ၊ ကျွန်မက ဘာပဲဖြစ်ဖြစ် တာတေစနေသားစာအုပ်ဖြစ်လျှင်ပြီးရော ကျွန်မဖေဖေဆန္ဒအတိုင်း မြန်မာတစ်ပြည်လုံးရှိ အလွှာအသီးသီးမှ လူကြီး လူငယ် (အထူးသဖြင့်) လူငယ်များအားလုံး ဝယ်နိုင်ဖတ်နိုင်စေချင်သူဖြစ်သဖြင့် ရတယ်ဟုပြောလိုက်၍ စန်းမွန်အောင်နှင့် ကျွန်မတို့ တူအရီးနှစ်ယောက်၊ နှစ်ယောက်ပေါင်း စိတ်တူကိုယ်တူနှင့် စာအုပ်ကို အသွင်သစ်၊ မူလစာအုပ်ထုတ်ဝေခဲ့သော စက္ကူအကောင်းမျိုးနှင့်ပင် ဓာတ်ပုံအသစ်များ ဝေဝေဆာဆာနှင့် ရောင်းဈေးထက်ဝက်လျှော့ချပြီး တန်ဖိုး ၄၅၀၀ ကျပ်ဖြင့် ထုတ်ဝေရောင်းချပေးလိုက်ပါပြီ”** ဟူ၍ အမှာစာတွင်ဖော်ပြခဲ့ပါသည်။

ဝန်ကြီးချုပ်ဟောင်းဦးနု၏ “တာတေစနေသား” စာအုပ်နည်းတူ တော်ကောင်းမင်း၏ “ကျန်ဇီမင်း သို့မဟုတ် တရုတ်ပြည်ကိုပြောင်းလဲခဲ့သူ” စာအုပ်မှာလည်း တန်ဖိုးငွေကျပ် ၉၀၀၀ ဖြစ်၍ ဒုတိယအကြိမ်ထုတ်ဝေမှသာ ဝယ်ယူဖတ်ရှုနိုင်ခဲ့ပါသည်။

**စာပေဘဏ်တိုက်များ**

ကျွန်တော်တို့ငယ်စဉ်ကမူ စာကောင်းပေမွန်များကို ထိုသို့ကိုယ်ပိုင်ဝယ်ယူဖတ်ရှုရန် သိပ်မလိုအပ်ခဲ့ပါ။ ရပ်ကွက်စာအုပ်အငှားဆိုင်လေးများက ရပ်ကွက်တိုင်းလိုလိုတွင်ရှိခဲ့ကြ၍ ဖြစ်သည်။ စာအုပ်တွေကလည်း မျိုးစုံလှသည်။ လစဉ်ထုတ် မဂ္ဂဇင်းများ၊ သိုင်းဝတ္ထုများ၊ အချစ်ဝတ္ထုများ၊ နိုင်ငံရေးစာပေများ၊ အတ္ထုပ္ပတ္တိစာပေများအပါအဝင် သုတ၊ ရသ စာပေများက သူ့လိုင်းနှင့်သူ၊ သူ့ပရိသတ်နှင့်သူပင်။ စာအုပ်ငှားရမ်းခတန်ဖိုးကလည်း ၁၉၈၀ ကျော်လွန်နှစ်များကဆိုလျှင် တစ်ရက်မှ ပြား ၅၀၊ ပြား ၆၀ ၊ နောက်ပိုင်း တစ်ကျပ်၊ နှစ်ကျပ်မျှသာဖြစ်သည်။ သို့ဖြစ်၍ စာဖတ်ပရိသတ်များအတွက် ရပ်ကွက်စာအုပ်အငှားဆိုင်လေးများသည် စာပေဘဏ်တိုက်များသဖွယ် ဖြစ်ခဲ့လေသည်။

သို့သော် ၁၉၉၀ ကျော်လွန်နှစ်များနောက်ပိုင်းတွင် ရပ်ကွက်စာအုပ်အငှားဆိုင်လေးများ တဖြုတ်ဖြုတ် ပျောက်ကွယ်စပြုလာသည်။ မျက်မှောက်ကာလတွင်မူ လုံးဝနီးပါး မရှိတော့ချေ။ စာဖတ်သူများ တစ်စတစ်စနည်းပါးသွားသည်နှင့်အမျှ စီးပွားရေးအရ တွက်ခြေမကိုက်၍လား၊ ဘာရယ်ကြောင့်မှန်းမသိ။ စာဖတ်ပရိသတ်တစ်ဦးအနေဖြင့်မူ နှမြောတသဖြစ်ရ၏။ စာပေဝါသနာရှင် အမာခံစာဖတ်ပရိသတ်များအနေဖြင့်လည်း ရပ်ကွက်စာအုပ်အငှားဆိုင်လေးများ ပျောက်ကွယ်သွားသောအခါ ကိုယ်ပိုင်ဝယ်ယူဖတ်ရှုသည့် အလေ့အထသို့ ပြောင်းလဲသွားခဲ့ရသည်။

တစ်ဖန် ယခုမျက်မှောက်ကာလတွင် စာအုပ်ဈေးနှုန်းတန်ဖိုးများက မကြုံစဖူး ထိုးတက်လာပြန်သောအခါ အခက်အခဲဖြစ်ရပြန်ပါသည်။ စာအုပ်ထုတ်ဝေဖြန့်ချိသူများဘက်ကလည်း အထွေထွေကုန်ကျမှုစရိတ်များအပါအဝင် သူ့အခက်အခဲနှင့်သူ၊ သူ့အကြောင်းနှင့်သူ ရှိပါလိမ့်မည်။ မည်သို့ဆိုစေ စာပေဝါသနာရှင် စာဖတ်ပရိသတ်များအဖို့မူ စာကောင်းပေမွန်များကို ကိုယ်ပိုင်ဝယ်ယူဖတ်ရှုနိုင်မည့်အခွင့်အလမ်းက ပို၍အလှမ်းကွာဝေးခဲ့ရချေပြီ။

**စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားရေး**

အဆိုပါစာပေလောက လေဟာနယ်ကွက်လပ်ကို အစားထိုး ဝင်ရောက်ဖြည့်ဆည်းပေးနိုင်မည့် တစ်ခုတည်းသောအဖြေကား စာကြည့်တိုက်များ၏ အခန်းကဏ္ဍနှင့် စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားရေးပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ပြည်သူများအသိပညာဗဟုသုတတိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့်စာအုပ်စာစောင်များ ထောက်ပံ့ကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင်၊ အလှူရှင်များကလည်း ပြည်သူများ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်စေရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိသည်။

စာမျက်နှာ ၇ သို့ ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ မေ ၃ ရက်က မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းစဉ်။

**✻ ယခုမျက်မှောက်ကာလတွင် စာအုပ်ဈေးနှုန်းတန်ဖိုးများက မကြုံစဖူး ထိုးတက်လာပြန်သောအခါ အခက်အခဲဖြစ်ရပြန်ပါသည်။ စာအုပ်ထုတ်ဝေဖြန့်ချိသူများဘက်ကလည်း အထွေထွေကုန်ကျမှုစရိတ်များအပါအဝင် သူ့အခက်အခဲနှင့်သူ၊ သူ့အကြောင်းနှင့်သူရှိပါလိမ့်မည်။ မည်သို့ဆိုစေ စာပေဝါသနာရှင် စာဖတ်ပရိသတ်များအဖို့မူ စာကောင်းပေမွန်များကို ကိုယ်ပိုင်ဝယ်ယူဖတ်ရှုနိုင်မည့် အခွင့်အလမ်းက ပို၍အလှမ်းကွာဝေးခဲ့ရချေပြီ။**

**✻ စာအုပ်ဈေးနှုန်းတန်ဖိုးများ မြင့်တက်လာသည့် ယနေ့ခေတ်ကာလတွင် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားပါမှ စာဖတ်ပရိသတ်များ၊ စာပေဝါသနာရှင် လူငယ်မောင်မယ်များအနေဖြင့် စာကောင်းပေမွန်များကို အလွယ်တကူ လက်လှမ်းမီစွာ ဖတ်ရှုလေ့လာနိုင်မည်**

# ဇော်ဂျီတောင်နှစ်ဦးစေတီတော် ထီးတော်တင်လှူ

**နေပြည်တော် ဧပြီ ၁၈**

ဇော်ဂျီတောင်နှစ်ဦး စေတီတော် ထီးတော်တင်လှူခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရတနာဒီပရပ်ကွက်ရှိ အဆိုပါ စေတီပရိဝုဏ်၌ ကျင်းပသည်။

ထီးတော် တင်လှူပွဲသို့ "အေးမေတ္တာစံ" တိုင်းရင်းသား လူငယ်ဖွံ့ဖြိုးရေး ပရဟိတ တောင်နီလေး ကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တစန္ဒိမာ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး ဦးဆောင် အလှူရှင်များဖြစ်ကြသည့် ဆရာတော်ဘဒ္ဒန္တဇောတိက၊ ဘုရားဒါယကာ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တင်လှူပူဇော်မည့် ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်နှင့် ဌာပနာတော် ထည့်မည့် ကျောက်မျက်ရတနာများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး စေတီတော်အား လက်ယာရစ် သုံးကြိမ် လှည့်လည်ပူဇော်ကြသည်။



ထို့နောက် ဦးဆောင်အလှူရှင် ဆရာတော်နှင့် ဘုရားဒါယကာတို့က ဌာပနာတော်ရတနာပစ္စည်းများကို ဌာပနာတော်တိုက်အတွင်းသို့ ထည့်သွင်းပူဇော်ကြပြီး ထီးတော်ဘုံအဆင့်များ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်ကြကာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းလောင်းတော်မူကြပြီး အလှူရှင်မိသားစုများက တက်ရောက်လာသူကြများအား ဘုရားများ မဲဖောက်ပေးကြကာ ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**ဟိန်းမင်းစိုး**

# ကမာဝက်မြို့ဆံတော်ရှင်ကျိုက်ဇယ်စေတီတော်တွင် (၁၀၇)ကြိမ်မြောက် မွန်ရိုးရာ ဆီမီးကပ်လှူ လှည့်လည်ပူဇော်ပွဲ ကျင်းပ

**မုဒုံ ဧပြီ ၁၈**

မွန်ပြည်နယ် ကမာဝက်မြို့တွင် (၁၀၇) ကြိမ်မြောက် မွန်ရိုးရာ ဆီမီးကပ်လှူ လှည့်လည်ပူဇော်ပွဲကို ၁၃၈၆ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့ (ဧပြီ ၁၇ ရက်) ညနေပိုင်းက ကျင်းပသည်။

**လှည့်လည်ပူဇော်**

ဦးစွာ ဩဝါဒါစရိယ ဆရာတော်၊ သံဃာတော်များထံမှ သီလတော် မြတ်ခံယူကြပြီး ကမာဝက်မြို့ရှိ မွန်တိုင်းရင်းသားများသည် ဆံတော်ရှင် ကျိုက်ဇယ်စေတီတော်အား ဆီမီးကပ်လှူပူဇော်ရန်အတွက် ကမာဝက်၊ ထောင်ကေး၊ သိမ်ကုန်း၊ စိန်တောင်၊ ဂုံညင်းတန်းရပ်ကွက်များမှ ဒေသခံ ပြည်သူများက ဖယောင်းတိုင်မီးထွန်းညှိထားသည့် မီးဗန်းကို ကိုင်ဆောင်၍ လှည့်လည်ပူဇော်ခြင်းနှင့် ကျိုက်ဇယ်ဆံတော်ရှင်စေတီတော်ပုံတူအား လှည့်လည်ပူဇော်ကြသည်။ ထို့နောက် မြို့အုပ်ချုပ်ရေးမှူး ဦးထွန်းအေးခိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများက လမ်းတစ်လျှောက်တွင် ဖယောင်းတိုင်မီးများ ထွန်းညှိပေးခြင်းနှင့် ပဒေသာပင်အလှူငွေများ ကပ်လှူကြသည်။

ရပ်ကွက်များအတွင်း ဖယောင်းတိုင်မီးများနှင့် လှည့်လည်ပူဇော်ခြင်းမှ ရရှိလာသော ဖယောင်းတိုင်များကို ဆံတော်ရှင်ကျိုက်ဇယ်ဘုရားတွင် ဆီမီးထွန်းညှိ ကပ်လှူပူဇော်၍ မွန်ရိုးရာ ဆီမီးကပ်လှူလှည့်လည်ပူဇော်ပွဲကို နှစ်စဉ်ရိုးရာအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ရိုးရာအကအလှများနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပခဲ့ကြကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**



# ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာနေပြည်သူများအတွက် သောက်သုံးရေ သွားရောက်လှူဒါန်း

**ချောင်းဆုံ ဧပြီ ၁၈**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ပူပြင်းခြောက်သွေ့ပြီး နွေရာသီတွင် ကျေးရွာ/ရပ်ကွက်များရှိ ပြည်သူများ သောက်သုံးရေ ပြတ်လပ်မှု မရှိစေရေးအတွက် မွန်ပြည်နယ် မော်လမြိုင်ခရိုင် မီးသတ်ဦးစီးဌာနက ဦးဆောင်ပြီး ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာရှိ ရေလှောင်ကန်နှင့် နေအိမ်များသို့ သောက်သုံးရေများ အခမဲ့ဖြန့်ဝေခြင်းကို ဧပြီ ၁၈ ရက် မွန်းလွဲပိုင်းက သွားရောက်ဖြန့်ဝေပေးခဲ့သည်။



**အခမဲ့ဖြန့်ဝေ**

အဆိုပါ သောက်သုံးရေ အခမဲ့ဖြန့်ဝေပေးခြင်းကို မော်လမြိုင်ခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ထွန်းဝင်း ဦးဆောင်ပြီး ခရိုင်/ မြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မော်လမြိုင် လူမှုကယ်ဆယ်ရေးအသင်းမှ အဖွဲ့ဝင်များ၊ ချောင်းဆုံစည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများသည် မီးသတ်ရေသယ်ယာဉ် သုံးစီး၊ စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်တစ်စီး၊ မော်လမြိုင်လူမှုကယ်ဆယ်ရေးအသင်း လေးသင်းမှ ရေသယ်ယာဉ် လေးစီးဖြင့် စုစုပေါင်းရေဂါလန် ၂၇၄၀၀ ကို ကျေးရွာရှိ ရေလှောင်ကန်နှင့် နေအိမ်များသို့ အိမ်တိုင်ရာရောက် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဧပြီ ၁၈**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

❂ စာမျက်နှာ ၆ မှ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ကလည်း ဧပြီလ ၃ ရက်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ ကျင်းပပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ နိုင်ငံတော်အစိုးရကလှူဒါန်းသော သုတ၊ ရသစာအုပ် ၃၅၀၀ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး မိသားစုက လှူဒါန်းသော လူထုသိပ္ပံကျမ်းအတွဲ(၁၊ ၂၊ ၃) စာအုပ် ၃၀၀၀၊ တပ်မတော်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့စာကြည့်တိုက်များသို့ နိုင်ငံတော်အစိုးရကလှူဒါန်းသော သုတ၊ ရသ စာအုပ် ၂၀၀၀ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး မိသားစုကလှူဒါန်းသော လူထုသိပ္ပံကျမ်းအတွဲ(၁၊ ၂၊ ၃) စာအုပ် ၁၅၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "**လူငယ်များအပါအဝင် ပြည်သူများစာဖတ်ကြစေရန် မိမိတို့အားပေးကြရမည်ဖြစ်ကြောင်း၊ စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ်ကြောင်း၊ အသိပညာ မြင့်မားအောင် လုပ်ဆောင်ကြရန်အတွက် စာကြည့်တိုက်များ၏ အခန်းကဏ္ဍနှင့် စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားရေးကို လုပ်ဆောင်ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း**" ထည့်သွင်းပြောကြားခဲ့သည်။

ထို့အတူ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "**စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာ ဌာနကြီးတစ်ခုဖြစ်ကြောင်း၊ စာဖတ်စေရန်နှင့် စာဖတ်အားများ တက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း အသိပညာများကြွယ်ဝစေရန်အတွက် စာဖတ်ရန်လိုကြောင်း၊ ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လိုကြောင်း၊ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများတိုးပွားလာမည်ဖြစ်ကြောင်း၊ ထိုသို့အသိပညာဗဟုသုတများ ကြွယ်ဝလာခြင်းဖြင့် ဘဝအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း**" စသည်ဖြင့် ပြောကြားသွားခဲ့သည်။

လက်ရှိကာလတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခရိုင်နှင့်မြို့နယ်အဆင့်များတွင် ပြည်သူ့စာကြည့်တိုက် ၄၁၀ ကို ဖွင့်လှစ်ပေးထားပြီး မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းထောက်ပံ့မှုဖြင့် ဖွင့်လှစ်ထားသည့် စာကြည့်တိုက်များ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ရပ်ရွာပြည်သူလူထုအစီအစဉ်ဖြင့် ဖွင့်လှစ်ထားသည့် စာကြည့်တိုက်ပေါင်း ၃၅၀၀ ကျော်ရှိကြောင်း သိရှိရသည်။

သို့ရာတွင် မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်ပေါင်း ၃၃၀ နှင့် မြို့ပေါင်း ၄၁၇ မြို့အပါအဝင် စုစုပေါင်း ၈၀၁ မြို့၊ ရပ်ကွက်ပေါင်း ၃၄၈၅ ခု၊ ကျေးရွာအုပ်စုပေါင်း ၂၃၉၁၀၊ ကျေးရွာပေါင်း ၆၃၂၁၀ တို့နှင့် နှိုင်းယှဉ်ကြည့်လျှင် နိုင်ငံအတွင်း စာကြည့်တိုက်ပေါင်းများစွာဖွင့်လှစ်နိုင်ရန် လိုအပ်နေဆဲပင်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် "**ယခုကဲ့သို့မွန်မြတ်သည့် စာပေအသိပညာလှူဒါန်းမှုများကို ဦးဆောင်နိုင်သူများက ဦးဆောင်၍ နိုင်ငံတစ်ဝန်း၌ မကြာခဏ ဆောင်ရွက်ပေးမည်ဆိုပါက တိုင်းပြည်အတွက် များစွာအကျိုးရှိစေမည်ဖြစ်သဖြင့် အားလုံး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ကြရန် မေတ္တာရပ်ခံတိုက်တွန်းပါကြောင်း**" ပြောကြားသွားခဲ့ပါသည်။

သို့ဖြင့် စာအုပ်ဈေးနှုန်းတန်ဖိုးများ မြင့်တက်လာသည့် ယနေ့ခေတ်ကာလတွင် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားပါမှ စာဖတ်ပရိသတ်များ၊ စာပေဝါသနာရှင် လူငယ်မောင်မယ်များအနေဖြင့် စာကောင်းပေမွန်များကို အလွယ်တကူ လက်လှမ်းမီစွာ ဖတ်ရှုလေ့လာနိုင်မည်ဖြစ်ရာ စာကြည့်တိုက်များ၏အခန်းကဏ္ဍနှင့် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားရေးအတွက် စေတနာရှင်၊ အလှူရှင်များက ဆတက်ထမ်းပိုး ထောက်ပံ့ကူညီ လှူဒါန်းကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

### လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။



## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်
## ခမောက်စု-နွယ်နီရိုးကျေးလက်ကုန်ထုတ်လမ်းအား တက်ရောက်ဖွင့်လှစ်ပေး

**ပုသိမ် မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ပြီး လေးမျက်နှာမြို့နယ် ခမောက်စုကျေးရွာနှင့်ကျုံပျော်မြို့နယ် ဒိုက်ပျက်ကျေးရွာတို့အား ဆက်သွယ်ထားကာ လမ်းအရှည် ၉၆၂၇ပေ၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ လေးမျက်နှာမြို့နယ်နှင့် ကျုံပျော်မြို့နယ်များမှ အကျိုးပြုကျေးရွာ ၁၆ ရွာ၊ အိမ်ခြေ ၃၂၀၀၊ လူဦးရေနှစ်သောင်းကျော်အား အကျိုးပြုမည့် ခမောက်စု-နွယ်နီရိုး ကျေးလက်ကုန်ထုတ်လမ်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်းမုခ်ဦးရှေ့၌ ပြုလုပ်သည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ခမောက်စု-နွယ်နီရိုး ကျေးလက်ကုန်ထုတ်လမ်းအား တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခမောက်စု-နွယ်နီရိုး ကျေးလက်ကုန်ထုတ်လမ်းပေါ်ရှိ ကွန်ကရစ်တံတားနှစ်စင်းအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ချဉ်းကပ်လမ်းမြေသားထုထည် ခိုင်မာရေးနှင့် ရေလမ်းကြောင်း စနစ်တကျဖြစ်စေရေးနှင့် ရေရှည်ခိုင်မာမှုရှိစေရေး တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရေကြည်မြို့နယ် ကွင်းသုံးဆင့်ကျေးရွာ တောင်သူဦးမြင့်သိန်း၏ လယ်မြေ ရှစ်ဧကတွင် နွေစပါး ရောတိုးမျိုးထုတ်စိုက်ခင်းအား တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးထားသည့် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေတင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး မျိုးကောင်းမျိုးသန့်စပါးများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်စေရေး၊ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုစေရေး၊ သီးထပ်စွမ်းအားမြှင့်တင်စေရေးနှင့် ဆိုလာစနစ်ဖြင့်စိုက်ပျိုးရေတင် ဆောင်ရွက်ခြင်းလုပ်ငန်းများ ပိုမိုဆောင်ရွက်စေရေး မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ်
## လူသုံးကုန်ပစ္စည်းများ ရောက်ရှိလာမှုအား ကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၁၈**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကို သင်္ဘောများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ရန်ကုန်မြို့မှ လူသုံးကုန်ပစ္စည်းများနှင့် တည်ဆောက်ရေးပစ္စည်းများ ရောက်ရှိလာမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်း၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ရန်ကုန်တိုင်းဒေသကြီး ၁၈ မိုင်တောရဆရာတော် ဒေါက်တာအရှင်စကြိန္ဒာဝဌ (ဣန္ဒသာရ)အား ဖူးမြော်ကြကာ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ထံမှ ဝိပဿနာအလုပ်ပေးတရားနာကြားကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘက်စုံသုံးဆိပ်ကမ်းသို့ သွားရောက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့၏ အစီအစဉ်ဖြင့် ရွှေသိင်္ဂီ၊ တော်ဝင်သီရိ၊ အောင်ရတနာ၊ ရွှေလမင်းနှင့် အောင်ရတနာသီရိ သင်္ဘောများ ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရောက်ရှိလာသော စားသောက်ကုန်များပစ္စည်းများအား အတင်အချပြုလုပ်နေမှုကို သွားရောက်ကြည့် ရှုစစ်ဆေးကြကာ လိုအပ်သည်များကို တာဝန်ရှိ သူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**





✪ ကျောဖုံးမှ

ဦးစွာ မြန်မာ့နှစ်သစ်ကူးအထူးဓမ္မသဘင် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် လုပ်ငန်းကော်မတီများမှကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများသည် အထူးဓမ္မသဘင်တရားပွဲသို့ လာရောက်ကြသည့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ တရားနာပရိသတ်များအား သက်သတ်လွတ်ဒံပေါက်၊ ကြက်သားထမင်းကြော်၊ ရွှေရင်အေး၊ မုန့်လက်ဆောင်းနှင့် အအေးမျိုးစုံတို့အား စတုဒိသာလှူဒါန်းနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တရားရေအေးအမြိုက်ဆေး တိုက်ကျွေးဟောကြားတော်မူမည့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သာသနဓဇဓမ္မာစရိယ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ သီတဂူဆရာတော်ကြီး ကြွရောက်လာချိန်တွင် သာသနာ့အလံများခြံရံ၍ ထီးဖြူမိုးကာ ဓမ္မပလ္လင်ထက်သို့ ပင့်ဆောင်တော်မူကြပြီး ဆရာတော်ကြီး၏တရားတော်များကို ကြည်ညိုစွာ နာယူတော်မူကြသည်။

ထို့နောက် ဆရာတော်ကြီးက မေတ္တာစာတ်ဖြင့် ရန်သူမိတ်ဆွေမခွဲခြားဘဲ မည်သူကိုမဆို အမြဲတမ်း အေးချမ်းမှုပေးနိုင်သောရေကဲ့သို့ ကျင့်ကြံနေထိုင်ရန်၊ မည်သူဘာလုပ်လုပ် လုပ်သမျှကိုသည်းခံခြင်းများစွာဖြင့် ငြိမ်သက်ပေးနေသောမြေကြီးကဲ့သို့ ခန္တီတရားလက်ကိုင်ထား၍ ကျင့်ကြံနေထိုင်နိုင်ရန်၊ ဂေါတမမြတ်စွာဘုရားရှင်၏ အောင်ခြင်းရှစ်ပါးအား ထုတ်နုတ်၍ ရန်ကုန်တိုင်းဒေသကြီးနှင့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာမှုရှိစေရေး ဟောကြားတော်မူသည်။

ထို့နောက် တရားပွဲတွင် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သီတဂူအဓိဋ္ဌာန်ဖြင့် ဆုတောင်းမေတ္တာပို့သခဲ့ကြောင်း သိရသည်။

အဆိုပါတရားပွဲတွင် နဝကမ္မအလှူငွေ ၁၀၃၅၀၁၁၃၄ ကျပ်ရရှိခဲ့ကြောင်းနှင့် တရားပွဲသို့ တရားနာပရိသတ် ရှစ်ထောင်ကျော် တရားတော်နာလာရောက်ခဲ့ကြောင်းနှင့် တရားနာပရိသတ်များအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မိမိတို့နေထိုင်သည့်အနီးဆုံးနေရာအထိ ယာဉ်များဖြင့် အသွား/အပြန်စီစဉ်ပေးထားကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ကိုရီးယား K– Pop အနုပညာရှင်များ ရန်ကုန်မြစ်တစ်လျှောက်ရှုခင်းများကို အပျော်စီးသင်္ဘောဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြစဉ်။




ကိုရီးယား K– Pop အနုပညာရှင်များ ဗဟန်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနရှိ ကလေးငယ်များအတွက် နို့မှုန့်နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြစဉ်။

# ကိုရီးယား K– Pop အနုပညာရှင်များ ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

**ရန်ကုန် မေ ၁၈**

၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် နေပြည်တော်တွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် ကိုရီးယားနိုင်ငံမှ K–Pop အနုပညာရှင်များသည် ယနေ့တွင် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ရန်ကုန်မြို့ရှိ အထင်ကရ နေရာများသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ကိုရီးယား K– Pop အနုပညာရှင် ဂျောင်ဒူရီ၊ Gold၊ ကီမီ၊ ရီချန်း၊ K–Pop အကအဖွဲ့ Highless နှင့် အမျိုးသားအကအဖွဲ့ Dios တို့ပါဝင်သည့် ပထမအဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော် ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ရွှေတိဂုံပုံတူစေတီနှင့် ကျောက်စိမ်းဘုရားကို ဖူးမြော်ကြည်ညိုကြပြီး သာယာဝတီမင်း ခေါင်းလောင်းနှင့် သာသနိကအဆောက်အအုံများကိုလည်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ရန်ကုန်မြစ်တစ်လျှောက်ရှုခင်းများကို အပျော်စီးသင်္ဘောဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက်ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လည်ပတ်ကြပြီးအမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူအားပေးကြသည်။

ထို့အတူ ကိုရီးယား K– Pop အနုပညာရှင်များ ဖြစ်ကြသည့် ရီဂျင်၊ ဟန်နီနှင့် ကလေးငယ်ခုနစ်ဦးပါဝင်သော Dream Kids အဖွဲ့နှင့် Astel အဖွဲ့တို့ပါဝင်သည့် ဒုတိယအဖွဲ့သည် ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်းသို့ သွားရောက်လေ့လာကြပြီး အင်းယားကန်အတွင်း စုပေါင်းလှေစီးကြကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဗဟန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာနသို့ သွားရောက်ကြပြီး ကလေးငယ်များနှင့်အတူ ပျော်ရွှင်စွာ သီချင်းသီဆိုကြပြီး ကလေးငယ်များအတွက် နို့မှုန့်နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ **သတင်းစဉ်**

# ထနောင်းပင်မှ အခေါက်ကို ခွာယူရောင်းချမှုများရှိနေသည့်အတွက် အရိပ်ရထနောင်းပင်များ မျိုးသုဉ်းသွားနိုင်ဟု သုံးသပ်ပြောဆို

**ရန်ကုန် မေ ၁၈**

ထနောင်းပင်မှ အခေါက်ကိုခွာယူရောင်းချမှုများရှိနေသည့်အတွက် အရိပ်ရထနောင်းပင်များ မျိုးသုဉ်းသွားနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်အရေးဆောင်ရွက်နေသူတစ်ဦးက သုံးသပ်ပြောဆိုလိုက်သည်။

**တစ်ပိဿာ ငွေကျပ် ၃၀၀ ဈေးပေါက်နေ**

အဆိုပါ ထနောင်းခေါက်များကို အရက်ချက်သည့် နေရာ၊ ရွှေထည်၊ ငွေထည်ပစ္စည်းများအား အရောင်တက်စေရန် စိမ်ရည်လုပ်ရာတွင်သုံးသည့် အပြင် အဝတ်အစားများကို အရောင်းဆိုးသည့်အခါတွင်လည်းသုံးစွဲကြပြီး ထနောင်းခေါက် တစ်ပိဿာလျှင် ငွေကျပ်၃၀၀ ဈေးပေါက်နေကြောင်း သိရသည်။

ထနောင်းပင်အများစုမှာ လူကစိုက်ခြင်းထက် သဘာဝအတိုင်းပေါက်ခြင်းဖြစ်ပြီး ထနောင်းခေါက်ခွာခံရသည့်အပင်သည် ချက်ချင်းမသေသော်လည်း ဒဏ်ရာရကာ နှစ်အနည်းငယ်အတွင်းခြောက်သွားတတ်သည်။ မိုးနည်းလာပါက အပင်သေရန် ရာခိုင်နှုန်းများကြောင်း သိရသည်။

“ဈေးကွက်ကကောက်တော့ကောက်နေကြတာပဲ။ ကန့်ကွက်မယ့်သူကမရှိဘူး။ အပင်တွေကသေကုန်မှာ၊ ကြာရင် ထနောင်းမျိုးပြုတ်တော့မှာ၊ အပင်သတ်တာနဲ့အတူတူပဲလေ။ တန်းတော့မသေဘူး ဒဏ်ရာရသွားတာပေါ့။ ထနောင်းပင်တွေ မျိုးပြုတ်ပြီးအညာမှာ ထနောင်းပင်တွေကုန်သွားမှာ” ဟု အထက်ပါ သဘာဝပတ်ဝန်းကျင်အရေးဆောင်ရွက်သူက ဆိုသည်။

**ရာသီဥတုနှင့် သဘာဝ ပတ်ဝန်းကျင်အတွက် များစွာအကျိုးဖြစ်ထွန်းသည့်အပင်လည်းဖြစ်**

ထနောင်းရိပ်များကြောင့် ခရီးသွားပြည်သူများ အပါအဝင် ဒေသခံများအတွက် နွေရာသီကာလတွင် အရိပ်ကောင်းစွာရသဖြင့် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်အတွက် များစွာအကျိုးဖြစ်ထွန်းသည့် အပင်လည်းဖြစ်ကြောင်း သိရသည်။

“ထနောင်းပင်တွေမရှိရင်နေပူမှာ။ အဓိက ထနောင်းပင်တွေမရှိတော့ရင် နားစရာနေရာမရှိတော့ဘူး။ အပင်နည်းရင် ရာသီဥတုကပိုဆိုးလာမယ်။ ဘာမှပိုက်ဆံလည်း ထွေထွေထူးထူး ရတာမဟုတ်တော့ ခွာမရောင်းတာအကောင်းဆုံးပေါ့။ ဒါရောင်းလို့ချမ်းသာသွားရင်တော့ တစ်မျိုးပေါ့ဗျာ” ဟု ၎င်းကသူ၏အမြင်ကို ဖွင့်ဟသည်။ Thit Taw



အခေါက်ခွာထားသော ထနောင်းပင်များကို တွေ့ရစဉ်။

အပြည်ပြည်ဆိုင်ရာ အမိကမ္ဘာမြေနေ့ ဂုဏ်ပြုဆောင်းပါး

# အမိကမ္ဘာမြေ သန့်ရှင်းကျန်းမာဖို့ ပလတ်စတစ်သုံးစွဲမှု လျှော့ချကြပါစို့

ဒေါက်တာဝင်းထိန် (ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)

### ကမ္ဘာမြေနေ့ ဖြစ်ပေါ်လာပုံ

ကျွန်ုပ်တို့ကမ္ဘာမြေသည် မိမိဝင်ရိုးပေါ်တွင် ၂၄ နာရီလျှင် တစ်ပတ်နှုန်းဖြင့် လည်ပတ်ရင်း နေကို ၂၃ ဒီဂရီတိမ်းစောင်း၍ လှည့်ပတ်ကာ ဥတုရာသီမျှမျှတတ အလှည့်ကျဖြစ်ပေါ်စေပြီး လူသားတို့စားဝတ်နေရေးအတွက် လိုအပ်ချက်များဖြစ်သည့် လေ၊ ရေ၊ မြေ၊ အစားအစာတို့ကို အစဉ်ဖြည့်ဆည်းပေးလျက်ရှိပါသည်။ အမှန်စင်စစ်ဆိုသော် ဤကမ္ဘာမြေသည် ကျွန်ုပ်တို့ လူသားများအတွက် အဖိုးမဖြတ်နိုင်သည့်အပြင် ကျေးဇူးကြီးမားလှသည့် ခိုလှုံစရာ မိခင်ရင်ခွင်ကြီးပင် ဖြစ်ပါသည်။

လူသားတို့အတွက် အဘက်ဘက်မှ အကျိုးပြုနေသော ကမ္ဘာမြေပေါ်တွင် ၁၉၆၉ ခုနှစ် ကယ်လီဖိုးနီးယားပြည်နယ် စန်ဒါဘာဘရာကမ်းခြေအနီးရှိ ကမ်းလွန်ရေနံတူးဖော်ရေးလုပ်ငန်းမှ ရေနံယိုဖိတ်မှုကြီးဖြစ်ပွားခဲ့ရာ ကယ်လီဖိုးနီးယားကမ်းလွန်အတွင်းရှိ ပင်လယ်နေငှက်များနှင့် ပင်လယ်သတ္တဝါများ အများအပြားသေဆုံးမှု ဖြစ်ပွားခဲ့ပါသည်။ ၎င်းရေနံယိုဖိတ်မှု၏ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကြောင့် ပတ်ဝန်းကျင်ကိုထိန်းသိမ်းရန် အရေးကြီးကြောင်း အများပြည်သူကို အသိပညာပေးရန်အတွက် အမေရိကန်အထက်လွှတ်တော်အမတ်ဖြစ်သည့် Gaylord Nelson က ပတ်ဝန်းကျင်ရေးရာ လူငယ်တက်ကြွလှုပ်ရှားသူ Denis Hayes နှင့်အတူ ကမ္ဘာမြေနေ့ကို သတ်မှတ်နိုင်ရေး စတင်စည်းရုံးလှုံ့ဆော်ခဲ့ပါသည်။ ထိုမှတစ်ဆင့် လေထုညစ်ညမ်းမှု၊ အရှိန်အဟုန်ဖြင့် မြင့်တက်လာနေသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ကို ထိခိုက်စေပြီး ကမ္ဘာမြေ၏ရှင်သန်မှုကို ခြိမ်းခြောက်နေသော အခြားသောအခြေအနေများကို အသိပညာပေးရန် ရည်ရွယ်ပြီး ကမ္ဘာမြေနေ့ကို ၁၉၇၀ ပြည့်နှစ် ဧပြီလ ၂၂ ရက်နေ့တွင် အမေရိကန်နိုင်ငံ၌ စတင်ကျင်းပခဲ့ပါသည်။

၁၉၉၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်း၌ ပြန်လည်အသုံးပြုခြင်း (Recycling) ကို မြှင့်တင်နိုင်ရန်အတွက် နိုင်ငံပေါင်း ၁၄၁ နိုင်ငံက ကမ္ဘာမြေနေ့ကို အသိအမှတ်ပြုကျင်းပခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညီလာခံအတွက် အခြေခံအချက်တစ်ခုဖြစ်စေခဲ့ပါသည်။ ကမ္ဘာမြေနေ့သည် ၁၉၉၂ ခုနှစ် ရီယိုကြေညာစာတမ်းတွင် ဖော်ပြထားသည့် သဘာဝနှင့်ကမ္ဘာမြေ သဟဇာတဖြစ်ရေးကို မြှင့်တင်ရန်နှင့် လက်ရှိနှင့် အနာဂတ်မျိုးဆက်များ၏ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များကြားတွင် မျှမျှတတ ဟန်ချက်ညီညီရှိစေရန် စသည့်အချက်တို့ကို အထောက်အပံ့ဖြစ်စေပါသည်။ ၂၀၀၉ ခုနှစ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံ (United Nations General Assembly) က A/RES/63/278 ဆုံးဖြတ်ချက်ဖြင့် ဧပြီလ ၂၂ ရက် နေ့တွင် ကျရောက်သော ကမ္ဘာမြေနေ့ (World Earth Day) ကို အပြည်ပြည်ဆိုင်ရာ အမိကမ္ဘာမြေနေ့ (International Mother Earth Day) ဟု အတည်ပြုသတ်မှတ်ခဲ့သည်။

၂၀၂၄ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ကျရောက်သော အမိကမ္ဘာမြေနေ့သည် (၅၄) နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ပြီး ယခုနှစ်၏ ဆောင်ပုဒ်မှာ Planet vs. Plastics ဖြစ်ပါသည်။ ဤဆောင်ပုဒ်သည် လူသားများအနေဖြင့် ပလတ်စတစ်၏ ကျန်းမာရေးအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိရန်၊ တစ်ခါသုံးပလတ်စတစ်များကို လျင်မြန်စွာဖယ်ရှားရန်နှင့် ပလတ်စတစ်ညစ်ညမ်းမှုဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကို ပြင်းပြင်းထန်ထန် တွန်းအားပေးပြီး ပလတ်စတစ်အသုံးပြုမှု အလေ့အကျင့်များကို အမြန်အဆုံးသတ်နိုင်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် မျိုးဆက်သစ်များအတွက် ပလတ်စတစ်ကင်းစင်သော ကမ္ဘာမြေကို တည်ဆောက်နိုင်ရန်နှင့် လူသားနှင့် ကမ္ဘာမြေ၏ ကျန်းမာရေးအတွက် ၂၀၄၀ ပြည့်နှစ်တွင် ပလတ်စတစ်ထုတ်လုပ်မှုအားလုံး၏ ၆၀ ရာခိုင်နှုန်းကို လျှော့ချနိုင်ရန်အတွက် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းပါဝင်နိုင်ရေးလည်း ရည်ရွယ်ပါသည်။



### ကမ္ဘာမြေနှင့် ပလတ်စတစ်ညစ်ညမ်းမှု

ပလတ်စတစ်ကို စတင်ရှာဖွေတွေ့ရှိခဲ့သည့် ၁၉၀၇ ခုနှစ်မှစတင်၍ ခေတ်မီနည်းပညာများဖြင့် ပုံစံအမျိုးမျိုးသော ထုတ်ကုန်ပစ္စည်းများကို တီထွင်ထုတ်လုပ်အသုံးပြုလာခဲ့ကြပါသည်။ McIlgorm et al., (2020) ၏ လေ့လာတွေ့ရှိချက်အရ ၁၉၈၉ ခုနှစ်တွင် ကမ္ဘာကြီးသည် နှစ်စဉ် ပလတ်စတစ် တန်ချိန် သန်းပေါင်း ၁၀၀ ခန့် ထုတ်လုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ်မတိုင်မီအချိန်တွင် ပလတ်စတစ်ထုတ်လုပ်မှု တန်ချိန် ၃၂၂ သန်းအထိ ဆပွားတိုးမြင့်လာခဲ့ပါသည်။ ပလတ်စတစ်ရောင်းလိုအားနှင့် ဝယ်လိုအားမြင့်တက်လာသည်နှင့်အတူ ပလတ်စတစ်ထုတ်လုပ်မှုသည်လည်း အဆပေါင်းများစွာ တိုးပွားလာခဲ့ပြီး ထုတ်လုပ်ထားသည့် ပလတ်စတစ်များ၏ ကိုးရာခိုင်နှုန်းမျှသာ ပြန်လည်ပြုပြင်အသုံးပြုနိုင်ခဲ့ပါသည်။ အကျိုးဆက်အနေဖြင့် ပြန်လည်ပြုပြင်သုံးစွဲရန် ကျန်ရှိပလတ်စတစ်များသည် လူမှုအဖွဲ့အစည်းအတွင်း၌ အမှိုက်များမြေဖို့စွန့်ပစ်ရာဖို့မြေများအဖြစ် ရောက်ရှိနေခြင်း၊ လေဟာပြင်တွင် မီးရှို့ဖျက်ဆီးခံရခြင်းနှင့် မြေထု၊ သစ်တောနှင့် ပင်လယ်သမုဒ္ဒရာများအတွင်းသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေခြင်း စသည့်ပုံစံအမျိုးမျိုးဖြင့် ပျံ့နှံ့လျက်ရှိပါသည်။ ၎င်းကျန်ရှိပလတ်စတစ်များသည် ကမ္ဘာကြီး၏ ပြန်လည်ပြုပြင်အသုံးပြုနိုင်မှုစွမ်းရည် (Recycling Capacity) ကို ကျော်လွန်ကာ ကမ္ဘာမြေကို ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့်အပြင် လှပနေသော ကမ္ဘာမြေကို ညစ်နွမ်းစေပါသည်။

ပလတ်စတစ်သည် ထုတ်လုပ်အသုံးပြုသည့်အချိန်မှ စွန့်ပစ်သည့်အချိန်ကာလ သက်တမ်းတစ်လျှောက်တွင် လူသားတို့ကို ပုံစံအမျိုးမျိုးဖြင့် အကျိုးပြုသည့်အချက်များလည်း ရှိပါသည်။ ဥပမာအားဖြင့် ကုန်ပစ္စည်းများကို စနစ်တကျနှင့် ကုန်ကျစရိတ်သက်သာစွာထုပ်ပိုးနိုင်ခြင်း၊ အီလက်ထရွန်နစ်ပစ္စည်းများအား ကုန်ကျစရိတ်သက်သာစွာ ထုတ်လုပ်နိုင်ပြီး လူအများလက်လှမ်းမီနိုင်သော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ခြင်း၊ ထုတ်ကုန်ပစ္စည်းများကိုပေါ့ပါးစေပြီး သယ်ယူပို့ဆောင်ရေးစရိတ်များကို သက်သာစေခြင်း စသည်တို့ဖြစ်ပါသည်။ အခြားတစ်ဖက်တွင် ပလတ်စတစ် စွန့်ပစ်အမှိုက်များသည် သဘာဝအလျောက် လွယ်ကူစွာ ပြိုကွဲပျက်စီးနိုင်ခြင်းမရှိသည့်အတွက် စနစ်တကျ စီမံခန့်ခွဲခြင်းမရှိပါက ကျွန်ုပ်တို့ကမ္ဘာမြေအတွက် ကြီးမားသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ပေါ်ပေါက်လာစေပါသည်။ လက်ရှိအချိန်တွင် Crepy & Porteron (2021) ၏ လေ့လာမှုအရ ပလတ်စတစ် တန်ချိန် သန်းပေါင်း ၁၅၀ သည် ပင်လယ်သမုဒ္ဒရာအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိကာ အပိုင်းအပိုင်းပြိုကွဲမှုဖြစ်စဉ်ကြောင့် အန္တရာယ်ရှိသည့် သေးငယ်သော ပလတ်စတစ်အမှုန်များ (Microplastics) အဖြစ်သို့ ပြိုကွဲလျက်ရှိနေပြီ ဖြစ်ပါသည်။

### ပလတ်စတစ်ညစ်ညမ်းမှုဆိုင်ရာ ပြဿနာများ

ပလတ်စတစ်များသည် ၎င်း၏ ထုတ်လုပ်မှုနှင့် အသုံးပြုပြီး စွန့်ပစ်မီးရှို့ဖျက်ဆီးခြင်း ကွင်းဆက်တစ်လျှောက်လုံးတွင် မှန်လုံအိမ်ဓာတ်ငွေ့များကို လေထုအတွင်းသို့ ထုတ်လွှတ်နေသည်ဟု လေ့လာသိရှိရပါသည် (WWF, 2021)။ ပလတ်စတစ်များအားလုံးသည် ရုပ်ကြွင်းလောင်စာကို အခြေခံသော ပစ္စည်းများဖြစ်ပြီး ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက် ရေနံစိမ်းပမာဏများစွာကို ထုတ်လုပ်သန့်စင်ရန် လိုအပ်သကဲ့သို့ သယ်ယူပို့ဆောင်ရေးကွင်းဆက်အတွက်လည်း အသုံးပြုရပါသည်။ ထို့ကြောင့် ပလတ်စတစ်ထုတ်လုပ်မှု မြင့်တက်လာသည်နှင့်အမျှ ကမ္ဘာမြေမှ ဖြည့်ဆည်းပေးနေသော ရုပ်ကြွင်းလောင်စာထုတ်ယူသုံးစွဲမှု ပိုမိုမြင့်မားလာပြီး သဘာဝအရင်းအမြစ်များ ရှားပါးလာမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုနည်းတူစွာ လေထုထဲသို့ ရောက်ရှိလာသော မှန်လုံအိမ်ဓာတ်ငွေ့များသည်လည်း ကမ္ဘာမြေကြီး၏ ပူနွေးလာမှုကို ပိုမိုမြင့်မားလာစေမည် ဖြစ်ပါသည်။

ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးပါကလည်း ကာဗွန်မိုနောက်ဆိုက်၊ ဒိုင်အောက်စင်၊ ဟိုက်ဒရိုဂျင်ဆိုင်ယာနိုက် စသည့်ဓာတ်ငွေ့များ ထွက်ရှိစေပြီး ကမ္ဘာမြေ၏ လေထုကိုညစ်ညမ်းစေကာ လူသားတို့၏ ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်ပါသည်။ ထို့အတူ လေထုထဲသို့ ရောက်ရှိနေသည့် ပလတ်စတစ်အမှုန်များက လူသားတို့၏ အသက်ရှူလမ်းကြောင်းကို ဝင်ရောက်လာနိုင်သကဲ့သို့ သောက်သုံးရေထဲတွင်လည်း ပါရှိနိုင်သဖြင့် လူတို့ နေ့စဉ်အသက်ရှူခြင်းနှင့် ရေသောက်သုံးခြင်းမှ ပလတ်စတစ်များ ဝမ်းဗိုက်ထဲသို့ရောက်ရှိပြီး အချိန်ကြာလာသည်နှင့်အမျှ ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်ပေါ်စေပြီး လူ့သက်တမ်း တိုတောင်းလာစေနိုင်ပါသည်။

ပလတ်စတစ်များသည် ဓာတ်သဘာဝဖွဲ့စည်းမှုအားဖြင့် သဘာဝအလျောက် လွယ်ကူစွာ ပြိုကွဲပျက်စီးခြင်းမရှိဘဲ နှစ်ပေါင်းများစွာ ကြာမြင့်သည့်အခါ ရာသီဥတုဒဏ်ကြောင့်လည်းကောင်း၊ နေရောင်ခြည်တွင်ပါရှိသော ခရမ်းလွန်ရောင်ခြည်ကြောင့်လည်းကောင်း ကွဲပ်ဆတ်ပြီး အပိုင်းအစလေးများအဖြစ် ကြေမွသွားပြီး ကမ္ဘာမြေ၏ ရှင်သန်မှုကို အန္တရာယ်ဖြစ်စေသော ပစ္စည်းတစ်ခု ဖြစ်ပါသည်။ ထိုအပိုင်းအစလေးများကို ကုန်းနေ/ ရေနေ သတ္တဝါများက အစာနှင့်ရောနှောစားသုံးမိပြီး အစာချေဖျက်မှုလုပ်ငန်းကို အနှောင့်အယှက်ဖြစ်စေကာ သေဆုံးမှုအထိပါ ဖြစ်ပွားစေနိုင်ပါသည်။ ထိုနည်းတူစွာ မြေထုကို ရုပ်ပိုင်းနှင့် ဓာတုပိုင်းအားဖြင့်လည်း ညစ်ညမ်းစေသည့်အတွက် ကမ္ဘာ့မြေဆီလွှာ၏ သဘာဝမြေဆီဩဇာကိုလည်း လျော့ကျစေနိုင်ပါသည်။

> **"နောက်ဆုံးခန့်မှန်းချက်များအရ ၂၀၅၀ ပြည့်နှစ်တွင် ပလတ်စတစ်ထုတ်လုပ်မှုသည် သုံးဆအထိ တိုးမြင့်လာနိုင်မည်ဖြစ်ပြီး ၎င်းနှင့်အတူ ပလတ်စတစ်ညစ်ညမ်းမှုသည်လည်း ကမ္ဘာမြေပေါ်တွင် ပိုမိုတိုးပွားလာမည့် အရေးကိစ္စတစ်ခုပင်ဖြစ်ပါသည်။ ထိုသို့ ပလတ်စတစ်ညစ်ညမ်းမှုပြဿနာ လျှော့ချရေးကို အချိန်မီမဆောင်ရွက်နိုင်ပါက ကမ္ဘာမြေ၏ ရေထုထဲတွင် ရေနေသတ္တဝါများထက် ပလတ်စတစ်အမှိုက်များဖြင့် ပြည့်နှက်နေမည်ဖြစ်ရာ အနာဂတ်တွင် အမိကမ္ဘာမြေ၏ သဘာဝဂေဟစနစ် လည်ပတ်မှုမှာ စိုးရိမ်ဖွယ်ရာပင်ဖြစ်"**

စာမျက်နှာ ၁၁ သို့ ❑

# ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်တွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြား



ကျောက်ပန်းတောင်း မေ ၁၈

မန္တလေး တိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်တွင် မြန်မာနှစ်ဆန်း တစ်ရက်နေ့ဖြစ်သည့် ဧပြီ ၁၇ ရက်တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ပုပ္ပားတောင်ကလပ်တွင် မြန်မာ့ရိုးရာ မဟာသင်္ကြန် အကြိုနေ့ဖြစ်သည့် ဧပြီ ၁၃ ရက် မှ ဧပြီ ၁၇ ရက်အထိ ရွှေစက်တော်၊ ပုဂံ/ညောင်ဦး ခရီးစဉ်မှ လှည့်လည်ဝင်ရောက်လာသည့် ဘုရားဖူးပြည်သူ ၁၂,၀၀၀ ကျော်ရှိခဲ့ကြောင်း တောင်ကလပ် ဂေါပကအဖွဲ့တာဝန်ရှိသူထံမှ သိရသည်။

**ပိုမိုစည်ကားများပြား**

မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ရပ်ဝေးမှ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများအပြင် ကျောက်ပန်းတောင်းမြို့နယ်၊ နတ်မောက်မြို့နယ်၊ ချောက်မြို့နယ်၊ ရေနံချောင်းမြို့နယ် ကျေးရွာများမှ နှစ်သစ်ဦး ဘုရားဖူးလာရောက်ကြသူများဖြင့် ပိုမိုစည်ကားများပြားခဲ့သည်။

ထို့ပြင် တောင်ကလပ်ကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ လာရောက်ရောင်းချကြသည့် ပန်းသည်များ၊ မျောက်စာရောင်းချသူများ၊ အုန်း၊ ငှက်ပျော ရောင်းချသူများနှင့် စားသောက်ဖွယ်ရာရောင်းချသည့် ဈေးသည်များ လုပ်ငန်းအဆင်ပြေခဲ့ကြကြောင်း သိရသည်။

နေအောင်(မြန်/ဆက်)

❑ စာမျက်နှာ ၁၀ မှ

ထို့အပြင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် လမ်းကြောင်းအမျိုးမျိုးမှတစ်ဆင့် ရေထုထဲသို့ရောက်ရှိပြီး ရေချိုသယံဇာတများကို ညစ်ညမ်းစေနိုင်သည့်အပြင် ရေထုအရည်အသွေးကိုပါ ကျဆင်းစေပါသည်။ ၎င်းပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် မြစ်များ၊ ချောင်းများမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာသို့ရောက်ရှိပြီး အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ သေးငယ်သော ပလတ်စတစ်အပိုင်းအစများအဖြစ် တဖြည်းဖြည်းပြိုကွဲကာ အဏ္ဏဝါပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်ပေါ်စေပါသည်။ ပင်လယ်သမုဒ္ဒရာသို့ ရောက်ရှိနေသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် ရေနေသတ္တဝါများအား ငြိတွယ်ခြင်း၊ ရေနေသတ္တဝါများက အစာဟုထင်မှတ်၍ စားသုံးမိသဖြင့် အစာချေဖျက်မှုဆိုင်ရာ ပြဿနာများမှ သေဆုံးသည်အထိ ဖြစ်ပွားစေနိုင်ပြီး ကမ္ဘာ့မြေ၏ အဏ္ဏဝါဂေဟစနစ်ကို ထိခိုက်ပျက်စီးစေနိုင်ပါသည်။

**တိုးပွားလာမည့် ကမ္ဘာ့မြေ၏ ပလတ်စတစ်ညစ်ညမ်းမှုပြဿနာဖြေရှင်းရေး**

နောက်ဆုံးခန့်မှန်းချက်များအရ ၂၀၅၀ ပြည့်နှစ်တွင် ပလတ်စတစ်ထုတ်လုပ်မှုသည် သုံးဆအထိ တိုးမြင့်လာနိုင်မည်ဖြစ်ပြီး ၎င်းနှင့်အတူ ပလတ်စတစ်ညစ်ညမ်းမှုသည်လည်း ကမ္ဘာ့မြေပေါ်တွင် ပိုမိုတိုးပွားလာမည့် အရေးကိစ္စတစ်ခုပင်ဖြစ်ပါသည်။ ထိုသို့ ပလတ်စတစ်ညစ်ညမ်းမှုပြဿနာ လျှော့ချရေးကို အချိန်မီ မဆောင်ရွက်နိုင်ပါက ကမ္ဘာ့မြေ၏ ရေထုထဲတွင် ရေနေသတ္တဝါများထက် ပလတ်စတစ်အမှိုက်များဖြင့် ပြည့်နှက်နေမည်ဖြစ်ရာ အနာဂတ်တွင် အမိကမ္ဘာ့မြေ၏ သဘာဝဂေဟစနစ် လည်ပတ်မှုမှာ စိုးရိမ်ဖွယ်ရာပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကမ္ဘာ့မြေ၏ ကျန်းမာရှင်သန်ရေးအတွက် ပလတ်စတစ်ညစ်ညမ်းမှုပြဿနာကို ဖြေရှင်းနိုင်ရန် နိုင်ငံအဆင့်၊ ဒေသအဆင့်မှ အစိုးရများ၏ ကဏ္ဍအပြင် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပြည်သူများအားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

**ကမ္ဘာ့မြေ၏ ပလတ်စတစ်ညစ်ညမ်းမှုပြဿနာ ဖြေရှင်းဆောင်ရွက်နေမှုများ**

ကျွန်ုပ်တို့ကမ္ဘာ့မြေတွင် လက်ရှိဖြစ်ပေါ်နေသော ပလတ်စတစ်ညစ်ညမ်းမှုသည် အရေးတကြီးဖြေရှင်းဆောင်ရွက်ရမည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုတစ်ခုပင်ဖြစ်ပါသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ကျင်းပခဲ့သည့် ပဉ္စမအကြိမ် ကုလသမဂ္ဂပတ်ဝန်းကျင်ညီလာခံတွင် နိုင်ငံတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာနယ်စပ်ဖြတ်ကျော် အဏ္ဏဝါအမှိုက်သရိုက်နှင့် ပလတ်စတစ်ညစ်ညမ်းမှုပြဿနာများကို ၂၀၂၄ ခုနှစ်တွင် နောက်ဆုံးထား ဖြေရှင်းနိုင်မည့် ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့် ဥပဒေကြောင်းအရ စည်းနှောင်မှုရှိသော ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက သဘောတူ ထောက်ခံခဲ့ကြပါသည်။

၂၀၁၉ ခုနှစ် ဇွန်လတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့သည့် (၃၄)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အဏ္ဏဝါအမှိုက်သရိုက်များအား အရေးယူဆောင်ရွက်မှုဆိုင်ရာ အာဆီယံမူဘောင်ရေးဆွဲရေးနှင့် အာဆီယံဒေသတွင်း အဏ္ဏဝါအမှိုက်သရိုက်တိုက်ဖျက်ရေးဆိုင်ရာ ဘန်ကောက်ကြေညာစာတမ်းကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက သဘောတူထောက်ခံအတည်ပြုခဲ့ကြပြီး အဏ္ဏဝါအမှိုက်သရိုက် တိုက်ဖျက်လျှော့ချရေးလုပ်ငန်းများကို အာဆီယံဒေသတွင်းနိုင်ငံများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ကို ၂၀၂၀ ပြည့်နှစ်တွင် အတည်ပြုထုတ်ပြန်ခဲ့ပြီး ၎င်းမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်တွင် ပါဝင်သော ဦးစားပေးကဏ္ဍများကို အကောင်အထည်ဖော်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့နည်းတူစွာ အဏ္ဏဝါအမှိုက်သရိုက်များအား အရေးယူဆောင်ရွက်မှုဆိုင်ရာ အာဆီယံမူဘောင်ရေးဆွဲရေးနှင့် အာဆီယံဒေသတွင်း အဏ္ဏဝါအမှိုက်သရိုက် တိုက်ဖျက်ရေးဆိုင်ရာ ဘန်ကောက်ကြေညာစာတမ်းကို လိုက်နာဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားအဆင့် ပလတ်စတစ်ဆိုင်ရာ လုပ်ငန်းအစီအစဉ် (National Plastic Action Plan) ကို ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အစိုးရဌာနဆိုင်ရာရုံးများတွင် ပလတ်စတစ်စွန့်ပစ်မှုနှင့် တစ်ခါသုံးပလတ်စတစ် (ကြွပ်ကြွပ်အိတ်) အသုံးပြုမှု လျှော့ချနိုင်ရေးအတွက် အစည်းအဝေးများကျင်းပရာတွင် တစ်ခါသုံးရေသန့်ဘူးများအစား အကြိမ်ကြိမ် ပြန်လည်အသုံးပြုနိုင်သော ဖန်ပုလင်းနှင့် ဖန်ခွက်များကို အစားထိုးအသုံးပြုလျက်ရှိသည့်အပြင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် ရုံးများ၊ စာသင်ကျောင်းများနှင့် ဈေးများတွင် ပြည်သူလူထုအား ပလတ်စတစ်၏ဆိုးကျိုးများကို သိရှိနားလည်စေပြီး ပလတ်စတစ်စီမံခန့်ခွဲရေး အသိပညာပေးခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် စုပေါင်းအမှိုက်ကောက်ပွဲကျင်းပခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ ပူးပေါင်းပါဝင်လာအောင် နှိုးဆော်တိုက်တွန်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့မြေညစ်ညမ်းမှုကို ထိန်းသိမ်းသည့်အနေဖြင့် ပလတ်စတစ်ထုပ်ပိုးပစ္စည်းများ တွင်တွင်ကျယ်ကျယ် အသုံးပြုနေမှုကို လျှော့ချရန်လိုအပ်နေပါသည်။ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို လျှော့ချခြင်း၊ တတ်နိုင်သမျှပြန်လည်ပြုပြင်သုံးစွဲခြင်းနှင့် ယင်းစွန့်ပစ်ပစ္စည်းများမှ လူသုံးကုန်ပစ္စည်းများ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းတို့ကို အလေးထားလုပ်ဆောင်သင့်ပါသည်။ တစ်နည်းအားဖြင့် ပလတ်စတစ်အစားထိုးကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် ကုန်ကြမ်းအသစ်များဖော်ဆောင်ပေးကြမည့် အသေးစား၊ အလတ်စားနှင့် အကြီးစား လုပ်ငန်းရှင်များကို နိုင်ငံတော်အနေဖြင့် လိုအပ်သောနည်းပညာများနှင့် အခြားပံ့ပိုးမှုများ ပြုလုပ်ကာ အပြည့်အဝထောက်ပံ့ပေးမည်ဆိုပါက ကျွန်ုပ်တို့ကမ္ဘာ့မြေ ရင်ဆိုင်ကြုံတွေ့နေရသော ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်မှ ကင်းဝေးနိုင်မည် ဖြစ်ပါသည်။

**အများပြည်သူ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး**

ပြည်သူတို့အနေဖြင့်လည်း ကမ္ဘာ့မြေပေါ်တွင် စိန်ခေါ်မှုတစ်ရပ်အဖြစ် ကြုံတွေ့နေရသော ပလတ်စတစ်ညစ်ညမ်းမှုကို လျှော့ချနိုင်ရေးအတွက် ပလတ်စတစ်အိတ်သုံးစွဲမှုကို ငြင်းပယ်ခြင်း၊ ဈေးဝယ်ထွက်လျှင် ဈေးဝယ်အိတ်၊ ခြင်းများ အသုံးပြုခြင်း၊ အလွယ်တကူဆွေးမြေ့နိုင်သော ထုပ်ပိုးပစ္စည်းများကိုသာ အသုံးပြုခြင်းဖြင့် ပလတ်စတစ် ထုတ်ကုန်ပစ္စည်းများ အလွန်အကျွံသုံးစွဲမှုကို တစ်ဦးတစ်ယောက်ချင်းအားဖြင့် တတ်နိုင်သမျှ လျှော့ချသင့်သည်။ ထို့အပြင် သုံးစွဲပြီးသော ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို သတ်မှတ်အမှိုက်ပုံနေရာတွင် စနစ်တကျစွန့်ပစ်ခြင်းဖြင့် ကမ္ဘာ့မြေ၏ သဘာဝအလှတရားကို ထိန်းသိမ်းသင့်ပေသည်။ ကျွန်ုပ်တို့၏ အမိမြေကမ္ဘာ အစဉ်ကျန်းမာပြီး ပလတ်စတစ်ကင်းဝေးစေရေးအတွက် အောက်ဖော်ပြပါ အဓိကနည်းလမ်း(၅)သွယ်ကို အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ တစ်ဦးတစ်ယောက်ချင်းဖြစ်စေ လိုက်နာဆောင်ရွက်သင့်ပေသည်-

(က) အသုံးပြုရန်မလိုအပ်ပါက ပလတ်စတစ်အိတ်သုံးစွဲမှုကို ငြင်းပယ်ခြင်း (Reject)၊

(ခ) ပလတ်စတစ်အိတ်များအစား ချည်ဖြင့်ပြုလုပ်ထားသည့် ဈေးဝယ်အိတ်များ၊ စက္ကူအိတ်များကို အသုံးပြု၍ ပစ္စည်းထုပ်ပိုးရာတွင် အင်ဖက်၊ ကြာဖက်၊ ငှက်ပျောဖက်စသည်တို့ကို သုံးစွဲခြင်းဖြင့် ပလတ်စတစ်အိတ် အသုံးပြုမှုကို လျှော့ချခြင်း (Reduce)၊

(ဂ) ပလတ်စတစ်အိတ် အဟောင်းများကို အမှိုက်အဖြစ် စွန့်ပစ်ခြင်းမပြုဘဲ ပြန်လည်အသုံးပြုခြင်း (Reuse)၊

(ဃ) အသုံးပြုပြီးသော ပလတ်စတစ်ပစ္စည်းများကို ကုန်ကြမ်းအဖြစ်သုံးပြီး အသစ်ပြန်လည်ထုတ်လုပ်ခြင်း (Recycle)၊

(င) အသုံးပြုပြီးသော ပလတ်စတစ်အိတ်ခွံများကို စုထားပြီး ပြန်လည်အသုံးပြုနိုင်သော နေရာများသို့ ပြန်လည်ပေးပို့ခြင်း (Return)။

နိဂုံးချုပ်အနေဖြင့် လူသားတို့၏ လုပ်ဆောင်မှုကြောင့် ဖြစ်ပေါ်လာသည့် ပလတ်စတစ် စွန့်ပစ်ပစ္စည်း ဝန်ထုပ်ဝန်ပိုးများမှာ အမိကမ္ဘာ့မြေအတွက် လေးလံပင်ပန်းလှပြီဖြစ်ပါသည်။ ၎င်းဝန်ထုပ်ဝန်ပိုးများကို ကျွန်ုပ်တို့လူသားများကပင် ပြန်လည်ကုစားနိုင်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ အမိကမ္ဘာ့မြေနေရာအနှံ့တွင် ရင်ဆိုင်ကြုံတွေ့နေရသော ပလတ်စတစ်ညစ်ညမ်းမှုပြဿနာလျှော့ချရေး၊ အမိကမ္ဘာ့မြေ သန့်ရှင်းကျန်းမာလာစေရေး၊ အနာဂတ်မျိုးဆက်များ၏ဘဝ သာယာဝပြောရေးနှင့် ကျန်းမာပျော်ရွှင်ရေးအတွက် ကျွန်ုပ်တို့၏ ပလတ်စတစ်ပစ္စည်းသုံးစွဲမှုများကို ဖြတ်တောက်လျှော့ချရမည့်အချိန်သည် ယခုလက်ရှိအချိန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ တစ်ခုတည်းရှိသော အမိကမ္ဘာ့မြေ သန့်ရှင်းကျန်းမာ၍ သဘာဝအလှများဖြင့် ထာဝစဉ် လှပနေစေရေးအတွက် ပလတ်စတစ်ပစ္စည်းသုံးစွဲမှုကို လျှော့ချကြပါစို့ဟု ယခုနှစ် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အမိကမ္ဘာ့မြေနေ့ကို ဂုဏ်ပြုသောအားဖြင့် တိုက်တွန်းရေးသားအပ်ပါသည်။ ။

**ကျမ်းကိုးစာရင်း**


- EDD. (2022). **အာရှနှင့် ပစိဖိတ်ဒေသ ပင်လယ်သမုဒ္ဒရာတွင်းမှ ပလတ်စတစ်အမှိုက်များ စီမံခန့်ခွဲခြင်း၊** Environment and Development Division (EDD), Economic and Social Commission for Asia and the Pacific–ESCAP
- McIlgorm, A., Raubenheimer, K., & McIlgorm, D. E. (2020). Update of 2009 APEC report on economic costs of marine debris to APEC economies. A report to the APEC Ocean and Fisheries Working Group by the Australian National Centre for Ocean Resources and Security (ANCORS), University of Wollongong, Australia, December
- WWF. (2021). Plastic waste and climate change – what's the connection? World Wildlife Fund Australia.
- https://www.myawady.net.mm/node/26820
- https://www.mdn.gov.mm/my/kmbh-aameknmaaphiu-plttcttckiu-reaang-knyciu
- https://www.unep.org/interactives/beat-plastic-pollution

# ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အမှတ်(၅)ရပ်ကွက်အတွင်း ဧပြီလ ၁၇ ရက်နေ့ နံနက် ၁၁ နာရီခန့်တွင် ဖြစ်ပွားခဲ့သည့် မီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ အကြမ်းဖက် AA အဖွဲ့က တပ်မတော်က လုပ်ဆောင်ခဲ့ကြောင်းနှင့် ဘူးသီးတောင်မြို့နယ်နေ မွတ်စလင်များက လုပ်ဆောင်ခဲ့ကြောင်း စွပ်စွဲချက်ထွက်ပေါ်မှုများ၊ အိန္ဒိယမီဒီယာတစ်ခုမှ စွပ်စွဲရေးသားဖော်ပြမှုများ၊ AA အကြမ်းဖက်အဖွဲ့ခေါင်းဆောင် ထွန်းမြတ်နိုင်ရဲ့ လူမှုကွန်ရက်တွင် မြန်မာနိုင်ငံတွင် ဟိန္ဒူဘာသာဝင် ၁၆၀၀ နှင့် ဗုဒ္ဓဘာသာဝင် ၁၂၀ အား အစ္စလာမ္မစ်အကြမ်းဖက်အဖွဲ့က ဖမ်းဆီးထားကြောင်း ရေးသားချက်၊ ဖော်ပြချက်များနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီကနေ့မှာတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အမှတ်(၅)ရပ်ကွက်မှာ ဧပြီလ ၁၇ ရက်နေ့ မနက် ၁၁ နာရီလောက်မှာ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့တယ်။ မီးလောင်ကျွမ်းမှုနဲ့ ပတ်သက်ပြီးတော့ အကြမ်းဖက် AA အဖွဲ့အနေနဲ့လည်း AA အဖွဲ့က တပ်မတော်က လုပ်ဆောင်တယ်။ တချို့ဘူးသီးတောင်မှာနေတဲ့ မွတ်စလင်တွေက လုပ်ဆောင်ခဲ့တယ်ဆိုပြီးတော့ စွပ်စွဲချက်များထွက်ပေါ်နေတာကိုလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ ဒ့ါအပြင် အိန္ဒိယရဲ့မီဒီယာတစ်ခုဖြစ်တဲ့ The Indian Express ဆိုတဲ့ သတင်းဌာနကလည်း ဒါနဲ့ပတ်သက်ပြီး ရေးသားနေတာလည်း တွေ့ရပါတယ်။ ဒ့ါအပြင် အကြမ်းဖက် AA ခေါင်းဆောင် ထွန်းမြတ်နိုင်ကလည်း သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာမှာ မြန်မာနိုင်ငံတွင် ဟိန္ဒူဘာသာဝင် ၁၆၀၀ နဲ့ ဗုဒ္ဓဘာသာဝင် ၁၂၀ ကို အစ္စလာမ္မစ်အကြမ်းဖက်အဖွဲ့တွေက ဖမ်းဆီးထားတယ်ဆိုပြီးတော့ ရေးသားထားတာကို တွေ့ရပါတယ်။ ဒီရေးသားချက်များ၊ ဖော်ပြချက်များသည် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသမှာ လူမျိုးရေးပဋိပက္ခဖြစ်ပွားအောင်၊ တပ်မတော်နဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို အထင်အမြင်လွဲအောင် တမင်သက်သက် ယုတ်မာတဲ့ လုပ်ကြံဖန်တီးရေးသားမှုများသာဖြစ်တယ်ဆိုတာကို ကျွန်တော်ပြောချင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဖော်ပြခဲ့တဲ့ မီဒီယာကိုလည်း ကျွန်တော်တို့အနေနဲ့ အပြင်းအထန်ရှုတ်ချပါတယ်။ ကန့်ကွက်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုလို့ရှိရင် ပထမဦးဆုံး ကျွန်တော်တို့ ဘူးသီးတောင်၊ ရပ်ကွက်ကြီး ၅ ပေါ့။ အမှတ်(၅)ရပ်ကွက်ဆိုတဲ့ဟာကို အကြောင်းကို ကျွန်တော်ပြောပြချင်ပါတယ်။ အမှတ်(၅)ရပ်ကွက်ဆိုတာ မောင်တောဘက်ကနေဝင်ရင် ကျွန်တော်တို့ ဒီကားလမ်းရဲ့ တောင်ဘက်ခြမ်းမှာရှိတဲ့ ရပ်ကွက်ပဲဖြစ်တယ်။ သူ့ရဲ့အဝင်ဝမှာ ကျွန်တော်တို့ WFP ရဲ့ ဂိုဒေါင်တွေ၊ ယခင်တုန်းက ကျွန်တော်တို့ ဒုက္ခသည်တွေကူညီဖို့အတွက် ဆန်တို့ ဂျုံတို့ထားတဲ့ ဂိုဒေါင်တွေရှိတဲ့ နေရာဖြစ်ပါတယ်။ ဘူးသီးတောင်မြို့ပေါ်မှာ AA ကနေစတင်တိုက်ခိုက်ခဲ့ကတည်းကတိုင် အမှတ်(၅)ရပ်ကွက်မှာ လူနေတာတော်တော်နည်းပါတယ်။ ဒီအမှတ်(၅)ရပ်ကွက်ကလူတွေသည် ဘူးသီးတောင်မြို့ရဲ့ အနောက်တောင်ဘက်ပေါ့။ ဘူးသီးတောင်မြို့ကို ရေပေးနေတဲ့ ကန်တော်ကြီး အဟောင်းအသစ်ရှိတဲ့ နေရာတစ်ဝိုက်ကဖြစ်တယ်။ သူတို့သည်အများအားဖြင့်ကတော့ မြို့ထဲမှာ ရွှေ့ပြောင်းနေထိုင်တာဖြစ်တယ်။ အဲဒီမှာတော့ ကျွန်တော်တို့ အဲဒီရပ်ကွက်မှာ ဟိန္ဒူတွေရော၊ မွတ်စလင်တွေရော၊ ရခိုင်တိုင်းရင်းသားတွေရော နေထိုင်တဲ့ရပ်ကွက်ဖြစ်ပါတယ်။ ဒီဘူးသီးတောင်၊ မောင်တောဒေသပေါ့နော်။ ဘူးသီးတောင်၊ မောင်တောဒေသမှာ ဘူးသီးတောင်မြို့ရဲ့ ထူးခြားချက်ကို အရင်ပြောချင်တယ်။ ဘူးသီးတောင်မောင်တောဒေသမှာ လူမျိုးရေးပဋိပက္ခတွေဖြစ်ပွားတိုင်း ဖြစ်ပွားတိုင်းမှာ ဘူးသီးတောင်မြို့သည် အများအားဖြင့်တော့ လူမျိုးရေးပဋိပက္ခနဲ့ ပတ်သက်ပြီး ထိန်းထိန်းသိမ်းသိမ်း လုပ်နိုင်တဲ့မြို့ဖြစ်ပါတယ်။ ဘာကြောင့် ထိန်းထိန်းသိမ်းသိမ်းလုပ်နိုင်လည်းဆိုတော့ အဲဒီမှာရှိတဲ့မွတ်စလင်အဖွဲ့အစည်းတွေ၊ ရခိုင်အဖွဲ့အစည်းတွေ၊ တပ်နဲ့မြန်မာနိုင်ငံရဲတပ်ဖွဲ့စတဲ့ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းတွေ၊ အစိုးရဝန်ထမ်းတွေက အမြဲတမ်း ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင်လုပ်ခဲ့တဲ့အတွက် ဘူးသီးတောင်မြို့ပေါ်မှာ မွတ်စလင်အများစုနေထိုင်တယ်ဆိုပေမယ့် ပဋိပက္ခအနည်းငယ်ရှိကောင်းရှိမယ်။ ကြီးကြီးမားမားဖြစ်တဲ့ဖြစ်ရိုးဖြစ်စဉ်မရှိခဲ့ဘူး။ ဒီအချိန်ကျမှ AA အနေနဲ့ ဒါကို လူမျိုးရေးပဋိပက္ခအသွင်ဆောင်အောင် လုပ်ဆောင်နေခြင်းသာဖြစ်ပါတယ်။ ပထမဦးဆုံးပြောချင်တာက ရခိုင်ပြည်နယ်မှာဖြစ်ခဲ့တဲ့ လူမျိုးရေးပဋိပက္ခတွေနဲ့ပတ်သက်ပြီး အစောဆုံးမှတ်တမ်းတင်နိုင်တာက ၁၉၄၂ ခုနှစ်မှာ ဖြစ်ပွားခဲ့တယ်ဆိုတာ မှတ်တမ်းတင်နိုင်ခဲ့တယ်။ ဒုတိယကမ္ဘာစစ်အပြီးမှာ အင်္ဂလိပ်တွေက ရခိုင်ကနေဆုတ်ခွာတယ်။ စစ်ပွဲလက်ကျန်လက်နက်ခဲယမ်းတွေ ရခိုင်ပြည်နယ်မှာပျံ့နှံ့နေခဲ့တယ်။ အဲဒီကြားထဲမှာပဲ ရခိုင်အဖွဲ့က ဦးပညာသီဟနဲ့ ဦးလှကျော်တို့က အင်္ဂလိပ်စစ်တပ်ကနေ လက်နက်ခဲယမ်းတွေခိုးထုတ်ပြီး ရခိုင်တွေလက်ထဲကို လက်နက်တွေဖြန့်ဝေခဲ့တာတွေရှိတယ်။ အဲဒီလက်နက်တွေနဲ့ပဲ တချို့စစ်ပြေးဒုက္ခသည်တွေကို လုယက်တာတွေရှိခဲ့တယ်။ မွတ်စလင်ရွာတွေကို တိုက်ခိုက်ခဲ့တာတွေရှိခဲ့တယ်။ အဲဒါကြောင့်လည်း မြေပုံမြို့၊ ရက်ချောင်းရွာပေါ့။ အဲဒီတုန်းက ရက်ချောင်းရွာက မွတ်စလင်တွေအများစုနေရာဖြစ်တယ်လို့သိရပါတယ်။ ရက်ချောင်း



ရွာကို သူကြီးလုပ်နေတာက ရခိုင်လူမျိုးကလုပ်နေတာ ဖြစ်ပါတယ်။ အဲဒီမှာ သူကြီးသားအဖကို အသတ်ခံရတဲ့အတွက် ရက်ချောင်းရွာကို မီးရှို့ခဲ့တာရှိတယ်။ အဲဒီကနေစတင်ပြီး ဖြစ်ပွားခဲ့တာရှိတယ်လို့ သိရပါတယ်။ နောက်ပိုင်းမှာတော့ ၁၉၈၈ မောင်တောပဋိပက္ခဖြစ်ပွားခဲ့တာရှိခဲ့တယ်။ ၂၀၁၂ ခုနှစ်၊ မေလ ၂၈ ရက်နေ့မှာ ကျောက်နီမော်ကိစ္စ၊ မသီတာထွေးကိစ္စတွေ ဖြစ်ပွားခဲ့တာရှိခဲ့တယ်။ ကျန်တဲ့ပဋိပက္ခတွေလည်းဖြစ်ပွားခဲ့တာတွေလည်းရှိခဲ့တယ်။ အဲဒီမှာ ကျွန်တော်တို့ပြည်သူလူထုရှင်းရှင်းလင်းလင်းသိဖို့က ရခိုင်ပြည်နယ်မှာဖြစ်ခဲ့တဲ့ လူမျိုးရေးပဋိပက္ခတွေကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အစိုးရဝန်ထမ်းပိုင်းဆိုင်ရာအဖွဲ့အစည်းတွေက ဘယ်တုန်းကမှ စတင်ခဲ့တာမရှိဘူး။ လူမျိုးစုဘက်တစ်ဖက်ဖက်ကသာ စတင်ခဲ့တာ ရှိတယ်။ အဲဒီစတင်ခဲ့တဲ့ ပဋိပက္ခတွေကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လုံခြုံရေးအဖွဲ့အစည်းတွေနဲ့ အစိုးရဝန်ထမ်းတွေနဲ့ ပြန်လည်ထိန်းသိမ်းရတာဖြစ်တယ်။ ရခိုင်ပြည်နယ်မှာ လူမျိုးရေးပဋိပက္ခဖြစ်ရင် ဘယ်လောက်အထိ ထိန်းသိမ်းရခက်ခဲတယ်ဆိုတာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လုံခြုံရေးအဖွဲ့တွေနဲ့ အစိုးရဝန်ထမ်းပိုင်းအားလုံးသိတယ်။

ဒါကြောင့်မလို့ ကျွန်တော်တို့အနေနဲ့ လူမျိုးရေးပဋိပက္ခ ဘယ်တုန်းကမှလည်း မဖန်တီးခဲ့ဘူး။ ပဋိပက္ခဖြစ်လာရင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ အစိုးရဝန်ထမ်းပိုင်းဆိုင်ရာတွေသည် ခေါင်းခံရတယ်၊ တာဝန်ခံရတယ်ဆိုတာ သိပြီးဖြစ်တယ်။ ဘယ်လောက်ခက်ခဲတယ်ဆိုတာသိပြီး ဖြစ်တဲ့အတွက်ကြောင့်မလို့ ဘယ်တုန်းကမှ လုပ်ဆောင်ခဲ့တာမရှိပါဘူး။ ပဋိပက္ခတွေဖြစ်ပွားလို့ ထိန်းသိမ်းလုပ်ဆောင်တဲ့နေရာမှာတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ အစိုးရဝန်ထမ်းတွေကို ဘယ်ဘက်ကလိုက်တယ်၊ ညာဘက်ကလိုက်တယ် ဒီလိုမျိုး စွပ်စွဲချက်တွေ ရှိကောင်းရှိတယ်။ ဘယ်တုန်းကမှလည်းမစတင်ခဲ့ဘူး။ နောင်မှာလည်း စတင်မှာမဟုတ်ဘူးဆိုတာကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားပြောချင်တယ်။ နောက်တစ်ခုကတော့ ကျွန်တော်ပြောခဲ့တဲ့ ဘူးသီးတောင်ဒေသရဲ့ထူးခြားချက် ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ပဋိပက္ခကြီးကြီးမားမား မဖြစ်ပွားခဲ့ပါဘူး။ ဒီ AA ဝင်လာမှသာ လူမျိုးရေးနဲ့ပတ်သက်ပြီး လှုံ့ဆော်နေတာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်တစ်ပြည်နယ်လုံးမှာ ဖြစ်ပွားနေတဲ့ အခြေအနေတွေကို ပြောနေရင် အများကြီးရှည်သွားမယ်။ ဒါကြောင့်မလို့ ဘူးသီးတောင်ဒေသမှာ ယခုအနီးကပ်ဆုံးဖြစ်ခဲ့တဲ့အခြေအနေတွေကိုပဲ ကျွန်တော်ပြောပါမယ်။ ၂၀၂၃ ခုနှစ် ၁၂ လပိုင်းမှာ ဘူးသီးတောင် နန်းရားကုန်းကျေးရွာအုပ်စုမှာ AA က ဘူးသီးတောင်မြို့ ပတ်ဝန်းကျင်မှာရှိတဲ့ မွတ်စလင်ရွာတွေကို ရွာတစ်ရွာမှာသုံးယောက်မလာမနေရဆိုပြီး အစည်းအဝေးခေါ်တယ်။ အစည်းအဝေးခေါ်ပြီးတော့ မွတ်စလင်တွေကို သူတို့နဲ့ပူးပေါင်းဖို့ စတင်ပြောခဲ့တယ်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့မှာပဲ ဘူးသီးတောင်ရပ်ကွက်(၄)မှာနေတဲ့ အာရ်မာန်ဆိုတဲ့ မွတ်စလင်ကို ဆိုင်ကယ်နှစ်စီးနဲ့ AA က ဖမ်းဆီးသွားတယ်။ အဓိကကတော့ တပ်မတော်နဲ့ပူးပေါင်းတယ်ဆိုပြီး ဖမ်းဆီးသွားတာဖြစ်တယ်။ ဒီနေ့အထိ ပြန်လွှတ်လာခြင်းမရှိဘူး။ အဲဒီလိုဖမ်းဆီးတဲ့အပြင် ဖမ်းဆီးပြီး နောက်ပိုင်းမှာလည်း ပူးပေါင်းရင်သူတို့လို ဖမ်းဆီးခံရမယ်ဆိုပြီး ခြိမ်းခြောက်တာမျိုးရှိခဲ့တယ်။ နောက်တစ်နေ့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့မှာ ဘူးသီးတောင် ကျောက်ဖြူသားသေကံကျေးရွာအုပ်စုမှာ မနက် ၁၀ နာရီမှာ AA က နိုင်ငံရေးမှူးတို့၊ စစ်ဒေသမှူးတို့အမည်ခံထားတဲ့သူ ၂၀ လောက်က မွတ်စလင်ကျေးရွာတွေအားလုံးကို အစည်းအဝေးခေါ်တယ်။ ခေါ်ပြီး မွတ်စလင်ကျေးရွာများကို ကျေးရွာတစ်ရွာမှာ လူ ၁၀ ယောက်ဆီသူတို့ AA နဲ့ပူးပေါင်းဖို့၊ ဆောင်ရွက်ပေးဖို့ ပြောတယ်။ AA ကို ထည့်ပေးဖို့ပြောတယ်။ မပေးနိုင်ဘူးဆိုရင် သူပုန်ရွာတွေအဖြစ် သတ်မှတ်မယ်ဆိုပြီး ပြောခဲ့တာမျိုးရှိပါတယ်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှာတော့ ညောင်ချောင်းမှာပဲ မွတ်စလင်ကျေးရွာတွေက ကျေးရွာလူကြီးတွေ၊ တာဝန်ခံတွေ ငါးယောက်ကိုခေါ်တယ်။ ခေါ်ပြီးတော့ သူတို့တောင်းထားတဲ့ လူတွေရပြီလား။ အမြန်ဆုံးပေးဖို့ဆိုပြီး ပြောခဲ့တာရှိတယ်။ အဲဒီလမှာပဲ ဘူးသီးတောင်မြို့ရဲ့ အနောက်ဘက်မှာရှိတဲ့ မွတ်စလင်ကျေးရွာတွေဖြစ်တဲ့ လက်ဝက်ဒက်၊ ပုဇွန်ချောင်းကျေးရွာကို AA ဝင်ရောက်လာပြီးတော့ သူတို့နဲ့မပူးပေါင်းဘူးဆိုပြီး ရွာတစ်ရွာလုံးကိုမီးရှို့ခဲ့တယ်။ အဲဒီလို မီးရှို့ခဲ့တဲ့အတွက် အဲဒီက ဒုက္ခသည်တွေအားလုံးကို မွတ်စလင် ဒုက္ခသည်တွေအားလုံးကို ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ အစိုးရဝန်ထမ်းတွေနဲ့ မြို့ထဲကို ပြောင်းရွှေ့ပေးရတာ ရှိပါတယ်။

လုံခြုံရေးတပ်ဖွဲ့ဝင်တွေ အစိုးရဝန်ထမ်းတွေအနေနဲ့ မြို့ထဲကို ပြောင်းရွှေ့ပေးရတာတွေရှိတယ်။ ၂၀၂၄ ခုနှစ် မတ်လ ၁၀ ရက်နေ့မှာတော့ ယခင်က မွတ်စလင်အဖွဲ့အစည်းတွေဖြစ်ခဲ့တဲ့ မွတ်စလင်အဖွဲ့အစည်းတွေမှာ ဝင်ရောက်လုပ်ကိုင်နေတဲ့ ဦးထွန်းခင်နဲ့ နေဆန်းလွင်တို့ဟာ ဘင်္ဂလားဒေ့ရှ်မှာရှိတဲ့ ဒုက္ခသည်စခန်းတစ်ခုကို ရောက်လာတယ်၊ AA က ခေါင်းဆောင်ပိုင်းတချို့နဲ့တွေ့တယ်။ တွေ့ပြီးတော့ကျ Refugees Camp ကနေပြီးတော့ မွတ်စလင် လူငယ်ငါးသောင်းလောက်ကို AA နဲ့ ပူးပေါင်းအောင်ဆောင်ရွက်ပေးဖို့ဆိုပြီး ဆွေးနွေးခဲ့တာတွေရှိတယ်ဆိုတာကို သတင်းရရှိပါတယ်။ ၂၀၂၄ ခုနှစ် မတ်လ ၁၃ ရက်နေ့မှာတော့ AA အနေနဲ့ ဘူးသီးတောင်မြို့မှာ ဘူးသီးတောင်မြို့ကနေ မွတ်စလင်တွေ ထွက်ခွာသွားဖို့ဆိုပြီး စာတွေဖြန့်ဝေခဲ့တာရှိတယ်။ ဒါကြောင့်မလို့ မတ်လ ၁၉ ရက်နေ့မှာ မွတ်စလင် ငါးထောင်လောက် AA ကို အလိုမရှိတဲ့အကြောင်း ဆန္ဒပြတာတွေရှိတယ်။ ၂၃ ရက်နေ့မှာလည်း ထပ်မံပြီးဆန္ဒပြခဲ့တာရှိပါတယ်။ အဲဒီ ၂၃ ရက်နေ့မှာပဲ AA အနေနဲ့ ညောင်ချောင်းရယ် စိမ်းညှင်းပြားရယ် ဂူဒါပြင် မွတ်စလင်တွေကို AA ကို ထောက်ခံကြောင်း တန်ပြန်ဆန္ဒပြဖို့ဆိုပြီးတော့ အတင်းအကျပ်စေခိုင်းခဲ့တာရှိတယ်။ သို့သော် သွားရောက်ခဲ့ခြင်းမရှိတဲ့အတွက် ကျေးရွာတွေကို ခြိမ်းခြောက်စာတွေပို့ခဲ့တာလည်း တွေ့ရပါတယ်။ မတ်လ ၂၆ ရက်နေ့မှာတော့ ဘူးသီးတောင်က နုရ်ဘော်ရှိရ်ဆိုတဲ့ မွတ်စလင်အမျိုးသားတစ်ယောက် ကို ဆန္ဒပြပွဲတွေလုပ်ခဲ့တယ်ဆိုပြီးတော့ AA က ဖမ်းဆီးသွားတာရှိပါတယ်။ မတ်လ ၃၀ ရက်နေ့မှာတော့ ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံက ဝန်ထမ်းတွေကိုခြိမ်းခြောက်ပြီးတော့ AA အနေနဲ့ ဆေးရုံကို ပိတ်လိုက်တယ်။ ဆေးရုံကိုပိတ်ပြီး အဲဒီက ဝန်ထမ်းတွေကို စေတီတောင် AA အခြေပြုနေတဲ့ စေတီတောင်ကို ခေါ်သွားပြီးတော့ AA ကို ကုသဖို့ဆိုပြီးတော့ ဆေးရုံဖွင့်လှစ်ခဲ့တာ ရှိပါတယ်။ ဒီလပိုင်း ဧပြီလ ၉ ရက်နေ့မှာတော့ ဘူးသီးတောင် အရှေ့ဘက်နဲ့ အနောက်ဘက်ကူးနေတဲ့ ပန်ဇင်းတံတားနားလေးမှာရှိတဲ့ နန်းရားကုန်းကျေးရွာ မွတ်စလင်ရွာဖြစ်ပါတယ်။ နန်းရားကုန်းကျေးရွာ မွတ်စလင်တွေကို AA အနေနဲ့ ပန်ဇင်းတံတားကို သိမ်းဖို့ဆိုပြီးတော့ အတင်းနှင်ထုတ်ခဲ့တာတွေရှိပါတယ်။ သူတို့နဲ့ မပူးပေါင်းခဲ့တဲ့ ရွာတွေဖြစ်တဲ့ ကွန်တိုင်၊ ရွက်ညိုတောင်၊ ဦးလှဖေ အဲဒါမွတ်စလင်ရွာကြီးတွေဖြစ်ပါတယ်။ အဲဒီရွာ သုံးရွာကို ဧပြီလ ၁၂ ရက်နေ့ ညနေ ၃ နာရီခွဲအချိန်လောက်မှာ AA က လက်နက်ကြီး၊ လက်နက်ငယ်တွေနဲ့ ပစ်ခတ်ခဲ့တယ်။ ဗုံးသီးအလုံး ၁၀၀ ကျော်လောက်ကျခဲ့တယ်။ မွတ်စလင်များ သေကျေပျက်စီးမှုတွေလည်းရှိတယ်။ အဲဒီကနေ ရွာကိုစွန့်ခွာလာပြီးတော့ ဘူးသီးတောင် ဘက်ခြမ်းမှာရှိတဲ့ ကကျက်ဘက်တို့၊ အလယ်ချောင်းတို့၊ ကန်ပြင်တို့ ဘူးသီးတောင်မြို့ပေါ်တို့ကို ပြောင်းရွှေ့ပေးခဲ့တာရှိပါတယ်။ သင်္ကြန်အတက်နေ့ ၁၆ ရက်နဲ့ နှစ်ဆန်းတစ်ရက်နေ့ ၁၇ ရက်နေ့မှာတော့ AA အနေနဲ့ ဘူးသီးတောင်တစ်ဝိုက်မှာရှိတဲ့ရွာတွေကို အသံချဲ့စက်နဲ့ မွတ်စလင်ရွာတွေကို အသံချဲ့စက်နဲ့ လိုက်အော်ပြီးတော့ ကျေးရွာအုပ်စုတစ်စုကို လူလတ်ပိုင်းအယောက် ၂၀၀ AA ကိုပေးဖို့ တောင်းဆိုနေတာရှိတယ်။ ပြီးရင် တပ်ကိုဆန့်ကျင်ဖို့၊ မပေးရင်သူတို့အနေနဲ့ အတင်းအကျပ် ဖမ်းဆီးရမယ်၊ ပြီးရင်နေရာပြောင်းမယ်ဆိုတဲ့ ခြိမ်းခြောက်မှုတွေရှိနေတာကို တွေ့ရပါတယ်။ ဒါတွေက တကယ့်လက်တွေ့မြေပြင်မှာဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေဖြစ်တယ်။

စာမျက်နှာ ၁၃ သို့ ☆

# အစ္စရေးနိုင်ငံက မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်ရှိသည်ဟု ဝန်ကြီးချုပ်နေတန်ယာဟုပြောကြား



ဂျေရုဆလင် မေ ၁၈

အစ္စရေးနိုင်ငံသည် အီရန်၏ရန်မှ ကာကွယ်ရေးအတွက် မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်ရှိသည်ဟု ဝန်ကြီးချုပ်နေတန်ယာဟုက ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်ကင်မရွန်းနှင့် ဂျာမနီနိုင်ငံခြားရေးဝန်ကြီး အန်နယ်လီနာဘဲလ်ဘွတ်တို့အား ဂျေရုဆလင်မြို့တွင် သီးခြားစီလက်ခံတွေ့ဆုံစဉ် ပြောကြားခဲ့သည်ဟု ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

အစ္စရေးနှင့် အီရန်တို့အကြား တင်းမာမှုများမြင့်တက်နေမှုကြောင့် နိုင်ငံတကာမှ တင်းမာမှုများလျှော့ချရေး ဆောင်ရွက်နေသည့်အချိန်တွင် ယခုကဲ့သို့သံတမန်များအား နေတန်ယာဟုက တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

အစ္စရေးနှင့် အီရန်တို့အကြား တင်းမာမှုများလျှော့ကျစေရေးအတွက် စေ့စပ်ညှိနှိုင်းရေးတွင် ပါဝင်ဆောင်ရွက်သူ တစ်ဦးတစ်ယောက်ချင်းစီက တွေးဆ၍ တာဝန်ခံမှုဖြင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး အန်နယ်လီနာဘဲလ်ဘွတ်က မှတ်ချက်ပြုပြောကြားသည်။ အခြေအနေတင်းမာမှုများသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကျိုးမရှိစေသည့်အတွက် ဂါဇာကမ်းမြောင်ဒေသရှိ ဒေသခံများအပါအဝင် ယင်းပဋိပက္ခတွင် ဘေးဒဏ်ခံနေရသူအားလုံးအတွက် ချင့်ချိန်ဆောင်ရွက်ရမည်ဟု ၎င်းက ပြောကြားသည်။

မိမိအနေဖြင့် စေ့စပ်ညှိနှိုင်းရေးနှင့် တင်းမာမှုများလျှော့ကျရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဟု ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ် ကင်မရွန်းက ပြောကြားသည်။ အစ္စရေးနိုင်ငံသည် မိမိအရေးကို ကိုယ်တိုင်ကိုယ်ကျ ဆုံးဖြတ်မည်ဖြစ်ပြီး နိုင်ငံကာကွယ်ရေးအတွက် ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်မည်ဟု ဝန်ကြီးချုပ်နေတန်ယာဟုက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ



# အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း ရှမ်ကျွန်း၌ ငလျင်များ ဆက်တိုက်လှုပ်ခတ်ခဲ့ပြီး မီးတောင်ပေါက်ကွဲ

ဂျကာတာ မေ ၁၈

အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း ရှမ်ကျွန်း၌ ငလျင်များ ဆက်တိုက်လှုပ်ခတ်ခဲ့ပြီး မီးတောင်ပေါက်ကွဲခဲ့ကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ရာနှင့်ချီသော ဒေသခံပြည်သူများ ၎င်းတို့၏ နေအိမ်များမှ စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ ရှမ်မီးတောင်သည် မေ ၁၆ ရက်မှစပြီး အနည်းဆုံး သုံးကြိမ် ပေါက်ကွဲခဲ့သည်။

မေ ၁၇ ရက်တွင် နောက်ဆုံးအကြိမ် ပေါက်ကွဲခဲ့သည်။ မီးတောင်ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသည့် မီးတောင်ပြာများသည် ကောင်းကင်ယံအထက်သို့ သုံးကီလိုမီတာအထိ လွင့်ပျံတက်ခဲ့သည်။

ရှမ်ကျွန်းပေါ်၌ ဒေသခံ ၈၀၀ ခန့် နေထိုင်ကြပြီး အများအပြားသည် အိမ်နီးချင်း တဂူလန်ဒန်ကျွန်းသို့ ထွက်ပြေးခဲ့ကြသည်။ မီးတောင်ဝမှ လေးကီလိုမီတာ အကွာအတွင်း သွားလာခြင်းမပြုရန် အာဏာပိုင်များက သတိပေးပြောကြားသည်။ ဂျပန်မိုးလေဝသအေဂျင်စီမှ တာဝန်ရှိသူများက ဆူနာမီဖြစ်နိုင်ချေကို စောင့်ကြည့်လျက်ရှိပြီး သိသာထင်ရှားသော ဒီရေအတက်အကျပြောင်းလဲမှုများ မတွေ့ရှိသေးကြောင်း ၎င်းတို့က ပြောသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ထိုင်းနိုင်ငံ ဆုန်ခရန် ပွဲတော်အတွင်း ယာဉ်မတော်တဆမှုနှင့် ထိခိုက်ဒဏ်ရာရမှု လျော့ကျ

ဗန်ကောက် မေ ၁၈

ထိုင်းနိုင်ငံ ဆုန်ခရန် ပွဲတော်အတွင်း ယာဉ်မတော်တဆမှုနှင့် ထိခိုက်ဒဏ်ရာရမှုသည် ယခင်နှစ်ထက် လျော့ကျကြောင်း ထိုင်းနိုင်ငံ၏ တရားဝင်အချက်အလက်များအရ သိရသည်။

ဧပြီ ၁၃ ရက်မှ ၁၅ ရက်အထိ ကျရောက်သည့် ထိုင်းရိုးရာ နှစ်သစ်ကူးသင်္ကြန်ပွဲတော်အတွင်း ယာဉ်တိုက်မှု ၂၀၄၄ မှုရှိပြီး သေဆုံးသူအရေအတွက် ၂၈၇ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၀၆၀ ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**အဓိကအကြောင်းရင်းဖြစ်**

ဆုန်ခရန်ပွဲတော်ရက်များအတွင်း အရှိန်လွန်မောင်းနှင်ခြင်းနှင့် အရက်သေစာသောက်စား မောင်းနှင်ခြင်းတို့သည် ယာဉ်တိုက်မှုဖြစ်ရသည့် အဓိကအကြောင်းရင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး အနုတင် ချားဝီရကူက ပြောသည်။

အဆိုပါ ယာဉ်မတော်တဆ ဖြစ်ပွားမှုများအနက် ၈၅ ရာခိုင်နှုန်းသည် ဆိုင်ကယ်ဦးထုပ်မဆောင်းခြင်းကဲ့သို့သော အန္တရာယ်များသော စီးနင်းမှုများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး အနုတင်ချားဝီရကူက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

လမ်းစည်းကမ်း လိုက်နာရေး၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရေးဆိုင်ရာ အလေ့အကျင့်များ ပြုစုပျိုးထောင်ခြင်း အပါအဝင် လမ်းမတော်တဆမှုများ လျှော့ချနိုင်ရေး ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၂၃ ခုနှစ် အလားတူကာလတွင် ယာဉ်မတော်တဆမှု ၂၂၀၃ မှုအနက် သေဆုံးသူ ၂၆၄ ဦးရှိပြီး ထိခိုက်ဒဏ်ရာရသူဦးရေ ၂၂၀၈ ဦးရှိခဲ့ကြောင်း သိရသည်။

**ရည်မှန်းထား**

ထိုင်းအစိုးရသည် ၂၀၂၇ ခုနှစ်တွင် ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုနှုန်းကို လူတစ်သိန်းလျှင် ၁၂ ဦးအထိ လျှော့ချရေး အမျိုးသားရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် ရည်မှန်းထားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

☆ စာမျက်နှာ ၁၂ မှ

ဒီအဖြစ်အပျက်တွေကို ဖုံးကွယ်ချင်တဲ့အတွက်၊ ဒီအဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး ဖုံးကွယ်ချင်တဲ့အတွက် မဟုတ်မမှန် စွပ်စွဲပြောဆိုတာမျိုးဖြစ်တယ်ဆိုတာ ကျွန်တော်ပြောချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီ ဘူးသီးတောင် - မောင်တောဒေသ လုံခြုံမှုရှိစေရေး၊ ဘူးသီးတောင် - မောင်တောဒေသမှာရှိနေတဲ့ တိုင်းရင်းသားများ၊ မွတ်စလင်များ၊ အားလုံးနေထိုင်ကြသူများအနေနဲ့ ပဋိပက္ခများ မဖြစ်ပွားစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ AA နဲ့ပတ်သက်လာပြီး ဘူးသီးတောင်မြို့ - မောင်တောမြို့ပေါ်မှာ ပြောဆိုနေတာက သူတို့ကိုယ်သူတို့ AA –Arakan Army ဆိုပြီး ပြောကြတယ်။ အဲဒီဘက် ဒေသမှာတော့ လူတိုင်းမေးကြည့်ရင် သိနိုင်ပါတယ်။ AA မဟုတ်ပါဘူး ADA ပါ။ Arakan Drug Army ဖြစ်ပါတယ်။ သူတို့ရဲ့ အဓိကစီးပွားရေးလုပ်ငန်းသည် မူးယစ်ဆေးဝါးသယ်ယူ/ပို့ဆောင်နေတဲ့ လုပ်ငန်းပဲဖြစ်ပါတယ်။ ရန်ကုန်မှာမိလိုက်ရင်လည်း AA အဖွဲ့နဲ့ ပတ်သက်နေတာပဲ၊ မန္တလေးမှာ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး၊ စိတ်ကြွဆေးတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဖော်ထုတ်ဖမ်းဆီးရမိရင်လည်း AA နဲ့ ပတ်သက်နေတာပဲ ဖြစ်ပါတယ်။ ဒီလိုမျိုး မူးယစ်ဆေးဝါးနဲ့ပတ်သက်နေတဲ့ အကြမ်းဖက်အဖွဲ့အစည်းကို အားပေးထောက်ခံနေတာ၊ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး အကြမ်းဖက် အဖွဲ့အစည်းအတွက် လှုံ့ဆော်ပေးနေတာမှန်သမျှသည် အကြမ်းဖက်လုပ်ရပ်များ ကမ္ဘာမှာ မူးယစ်ဆေးဝါးပြန့်ပွားရေး လုပ်ရပ်များကို အားပေးကူညီနေသူတွေဖြစ်တယ်ဆိုတာကို သိစေချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# ဂျပန်နိုင်ငံ အနောက်ပိုင်း၌ ပြင်းအား ၆ ဒသမ ၆ အဆင့်ရှိ ငလျင် လှုပ်ခတ်

တိုကျို မေ ၁၈

ဂျပန်နိုင်ငံ အနောက်ပိုင်း၌ ပြင်းအား ၆ ဒသမ ၆ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ဧပြီ ၁၇ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီ ၁၄ မိနစ်တွင် အဆိုပါ ငလျင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

ရှင်ကိုကူဒေသရှိ အီမီနှင့် ကိုချီစီရင်စုတို့တွင် ငလျင်လှုပ်ခတ်မှု အပြင်းထန်ဆုံးဖြစ်သည်။

ဧပြီ ၁၈ ရက်တွင် ဒေသခံများက ငလျင်လှုပ်ခတ်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများကို စတင်ရှင်းလင်းလျက်ရှိသည်။ အီမီစီရင်စု ဝါကီမာစီးတီးရှိ ဈေးလမ်းနေရာတစ်ခုတွင် အိမ်ခေါင်မိုးကြွေပြားများ ပြန့်ကျဲလျက်ရှိကြောင်း သိရသည်။



အခြားနေရာများတွင် ရေပိုက်များနှင့် မီးတိုင်များ ပျက်စီးခဲ့ပြီး လမ်းအချို့တွင် အပျက်အစီးများ ပိတ်ဆို့နေကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

ကျောက်တုံးများ ပြိုကျမှုနှင့် သစ်ပင်များလဲကျမှုကြောင့် ရထားပြေးဆွဲမှုအချို့ကို ရပ်ဆိုင်းထားခဲ့ရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးမှုမရှိကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူ အနည်းငယ်ရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

လာမည့် ရက်သတ္တပတ်အတွင်း အဆိုပါဒေသ၌ ငလျင်များ ထပ်မံလှုပ်ခတ်နိုင်ဖွယ်ရှိကြောင်း အာဏာပိုင်များက သတိပေးပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ


ကချင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် မေ ၁၈**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် ပြည်ခရိုင်တို့ အတွင်း၌ တရားမဝင် ကျွန်းသစ်(၁ ဒသမ ၅၆၉)တန်၊ သစ်မာ(၁ ဒသမ ၀၅၁)တန်နှင့် အခြားသစ် (၃ ဒသမ ၈၄၁)တန် (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၆၃၅၃၄) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

ထို့ပြင် မေ ၁၈ ရက်တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုးကောင်းမြို့နယ် တောင်နီကျေးရွာ၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ် ကီလိုဂရမ် ၁၆၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် SX 2190 ယမ်းဖောင်အမျိုးအစား ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်း စစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထွက် AA စားတော်ပဲအိတ် ၂၆၈ အိတ်နှင့် ရော်ဘာချပ်အိတ် ၇၀၅ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၆၃၂၅၀၀)နှင့် လိုင်စင်မဲ့ Toyota Crown ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၆၃၂၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မေ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲခြောက်မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၇၁၉၆၀၃၄) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ရွှေတောင်မြို့နယ်၌ လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် လူနေအိမ်ခြောက်လုံး ပြိုကျခဲ့ပြီး၊ လူနေအိမ် ၂၆ လုံး အမိုးလန်ပျက်စီး



**ရွှေတောင် မေ ၁၈**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း ယမန်နေ့ ညနေ ၆ နာရီ ၄၅ မိနစ်က လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် ပေါင်းချုပ်ကျေးရွာအုပ်စု၊ ကျီးသဲကျေးရွာအုပ်စု၊ ကျောက်မြင့်ကျေးရွာအုပ်စု၊ မန်ကျည်းပေါက်ကုန်းကျေးရွာအုပ်စု၊ သရက်သုံးပင်ကျေးရွာအုပ်စု၊ ကွင်းယားကြီးကျေးရွာအုပ်စုတို့တွင် လူနေအိမ်ခြောက်လုံး ပြိုကျခဲ့ပြီး လူနေအိမ် ၂၆ လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် ပေါင်းချုပ်ကျေးရွာအုပ်စုရှိ ကျေးရွာနှစ်ရွာတွင် လူနေအိမ်လေးလုံး ပြိုကျပြီး လူနေအိမ်နှစ်လုံး အမိုးလန်၊ ကျီးသဲကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာလေးရွာတွင် လူနေအိမ် ၁၅ လုံး အမိုးလန်၊ မကျည်းပေါက်ကုန်းကျေးရွာအုပ်စု အတွင်းရှိ ကြို့ကုန်းကျေးရွာတွင် လူနေအိမ်ခြောက်လုံး အမိုးလန်၊ သရက်သုံးပင်ကျေးရွာအုပ်စု၊ ရွှေကျွန်းကုန်းကျေးရွာတွင် လူနေအိမ်နှစ်လုံး ပြိုကျပြီး လူနေအိမ်နှစ်လုံး အမိုးလန်၊ ကွင်းယားကြီးကျေးရွာအုပ်စု၊ ကျောက်ကွင်းကျေးရွာတွင် လူနေအိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့သည်။

အဆိုပါ လေဘေးသင့်၍ ပြိုကျ/အမိုးလန်ခဲ့သည့် လူနေအိမ်များရှိ အိမ်ထောင်စုများအား ယာယီနေထိုင်နိုင်ရေး၊ အမြန်ဆုံးပြုပြင်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးမှ လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရရှိမှု မရှိကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**

# ကျွန်းလှမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံများ အမိုးလန်ခြင်းနှင့် လျှပ်စစ်မီးတိုင်များ ကျိုးကျပျက်စီး

**ကျွန်းလှ မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် ယမန်နေ့ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်၍ အဆောက်အအုံများ အမိုးလန်ခြင်းနှင့် လျှပ်စစ်မီးတိုင်များ ကျိုးကျပျက်စီးသွားကြောင်း သိရသည်။

ထိုသို့ လေပြင်းတိုက်ခတ်ခြင်းကြောင့် စာသင်ဆောင်များနှင့် လူနေအိမ်များ အမိုးလန်ပျက်စီးခြင်း၊ ဌာနပိုင်ခြံစည်းရိုးများ ပြိုလဲခြင်း၊ လျှပ်စစ်ကွန်ကရစ်မီးတိုင်များကျိုးကျခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။



အဆိုပါ လေပြင်းတိုက်ခတ်၍ ပျက်စီးမှုစာရင်းများ ရရှိရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၄-၂၀၂၄ သောကြာနေ့

### MRTV HD

- ၀၆:၀၀ ပင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အာဋာနာဋိယသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ 'လူမှုဘဝထဲကကော်ဖီ'
- ၀၉:၁၅ 'မိခင်မှတ်ကောင်မှသည်... ကနုကမာလက်မှုပညာဆီ'
- ၀၉:၃၅ 'နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နဲ့ စစ်မှုထမ်းဆောင်ကြပါစို့'
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူမှုစီးပွားသတင်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ **'အခစ်းနားဆုံးသစ်ပင်'** (အပိုင်း-၈)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'တော်ဝင်စားပွဲ'** (အပိုင်း-၁၆)
- ၁၆:၃၅ မျိုးဝှက်တင့်စေ ဆိုကရေးတီးအဖွဲ့
- ၁၇:၁၀ Weeekly Sports Info
- ၁၇:၃၀ 'ဆောက်လုပ်ရေး၏စွမ်းအားဝှက်ရည် တိုင်းပြည်အကျိုးအတွက်ရည် ဝလမင်းထင်တံတားအမှတ်(၂)'
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ **'အခစ်းနားဆုံးသစ်ပင်'** (အပိုင်း-၁၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'မြန်မာနှစ်ဦးမင်္ဂလာ' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ **'အတိုးမပေးတဲ့ နှီးလေး'** (အပိုင်း-၄)

### mitv

- 07:01 Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
- 07:11 Broom Making Business
- 07:22 Bravocado Benefits
- 07:46 Bo Cho Island, Makyonegalet
- 08:01 News
- 08:26 Let's go to....Natural Paradise
- 09:01 Listening Pleasure, Instrumental Music (Xylophone) Thanthayar Khayee Thae
- 09:11 aytamotbarat Sasana Land
- 09:34 The Art of Sand Painting
- 09:44 Htan Taw Drums (Part-I) "Osi"
- 10:01 News

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ပီနောင့်တိုင်းတို့သင်္ကြန်အခါ

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
'ဝ' ဘာသာစကားပြောကြရအောင် (အစားအသောက်ဆိုင်ရာအခေါ်အဝေါ်များ)

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
ကချင်ရိုးရာတူရိယာများအကြောင်းသိကောင်းစရာ

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
စာဖတ်ခြင်းအကျိုးကျေးဇူး

**ဝကေကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ဖိရိုးဖလာသဘာဝမျှစ်ခြောက်ပြုလုပ်နည်း

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
ကရင်ဖြူရွာကလေးရဲ့ခေါင်းရည်ချို

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ

**ချင်း (လိုင်ဇိုး) (၁၇:၀၀ မှ ၁၈:၀၀)**
ကျန်းမာရေးအတွက် ကောင်းကျိုးများသည့် မဟာကာကြံဆစ်

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
ချင်းရိုးရာကြိမ်ထိုင်ခုံပြုလုပ်ခြင်း

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
၁၃၈၆ ခုနှစ်၊ မြန်မာ့နှစ်သစ်ကူး အထူးဓမ္မသဘင်ကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
အိမ်မက်ကကြိုးကခုန်သူ(ကျော်သိုက်)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၄၅ ရသစုံစွာ ဤမြေကမ္ဘာ
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ယုန်ကမတိုးပိုက်ကတိုး'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
- ၁၃:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၂၁)
- ၁၉:၀၀၀ မြန်မာ့နှစ်သစ်ကူး အထူးဓမ္မသဘင်တရားတော် တိုက်ရိုက် (LIVE)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ ကြိုးစားဆောင်ရွက်ပြည်သူ့အတွက် 'သမဝါယမဦးစီးဌာန'
- ၀၆:၃၀ သဘာဝအလှရတနာဝါးလက်မှုပညာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ A Year-End Medley (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ ချွန်စက်(ဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sport Dairy
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၈:၁၀ ဝှက်ယူဝံ့ကြွားဆီးဂိမ်းဆုတံဆိပ်ရှင်များ

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# AA အကြမ်းဖက်သောင်းကျန်းသူများက ဘူးသီးတောင်မြို့နယ်အတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ လေးဦးသေဆုံး၍ အသက် ၁၂ နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် ရှစ်ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော် မေ ၁၈**

AA အကြမ်းဖက် သောင်းကျန်းသူများသည် နိုင်ငံအတွက် ထူးခြားလေးနက်သည့် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ကူးပြောင်းသော အခါသမယ၌ ပြည်သူများ ဘုရားကျောင်းကန်များသို့ သွားရောက်၍ဥပုသ်သီလဆောက်တည်ခြင်းနှင့် ဇီဝိတဒါနပြုလုပ်ပြီး ကုသိုလ်ယူနေချိန်တွင် ပြည်သူများ တည်ငြိမ်အေးချမ်းမှု ပျက်ပြားကာ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ မေ ၁၇ ရက် ညနေ ၅ နာရီခွဲခန့်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ အတွင်းသို့ မြို့၏အရှေ့မြောက်ဘက်မှ လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်ခဲ့ရာ လက်နက်ကြီးကျည်များသည် အမှတ်(၂) ရပ်ကွက်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသားတစ်ဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်းလေးဦး သေဆုံးပြီး ၁၂ နှစ်အရွယ်ကလေးငယ်တစ်ဦး အပါအဝင် ရှစ်ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် အဆိုပါထိခိုက်ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သောဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အမြန်ဆုံးဖော်ထုတ်**

ယခုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ စစ်ရေးနှင့် မသက်ဆိုင်သော လူနေမြို့/ရွာရပ်ကွက်များအတွင်းသို့ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါ အကြမ်းဖက်သမားများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဒေသကောင်းစားရေးဟုသုံးနှုန်း၍ အမှန်တကယ်တွင် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ထိခိုက်ခဲ့ရသည်အထိ ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်ခြင်းသည် အရုပ်ဆိုး အကျည်းတန်သော လုပ်ရပ်ဖြစ်ပြီး အဆိုပါ လုပ်ရပ်အပေါ် ဝိုင်းဝန်းဆန့်ကျင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ မြို့ရွာများ အမြန်ဆုံး တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်၍ အကြမ်းဖက်သမား များအား အမြန်ဆုံးဖမ်းဆီးရမိရေး ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




AA အကြမ်းဖက်သောင်းကျန်းသူများ၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ဘူးသီးတောင်မြို့နယ် အမှတ်(၂)ရပ်ကွက်အတွင်း လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိ ဖြစ်စဉ်နေရာပြပုံ။







AA အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဒေသခံပြည်သူများအား လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်နေစဉ်။

# ဘူးသီးတောင်မြို့နယ် အမှတ်(၅)ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား၍ လူနေအိမ် အလုံး ၅၀ ကျော် မီးလောင်ပျက်စီးဆုံးရှုံး

**နေပြည်တော် မေ ၁၈**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အမှတ်(၅)ရပ်ကွက်အတွင်း၌ မေ ၁၇ ရက် နံနက် ၁၁ နာရီခန့်တွင် ကားပစ္စည်းဆိုင်တစ်ဆိုင်မှ မီးစတင်လောင်ကျွမ်းခဲ့ပြီး အခြားနေအိမ်များသို့ ထပ်မံကူးစက်လောင်ကျွမ်းခဲ့ရာ နှစ်ထပ်တိုက်နေအိမ် အလုံး ၃၀ ခန့်နှင့် ပျဉ်ထောင်/သွပ်မိုး နေအိမ် အလုံး ၂၀ ကျော် စုစုပေါင်းနေအိမ် အလုံး ၅၀ ကျော် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ပြောင်းရွှေ့နေထိုင်လျက်ရှိ**

အဆိုပါ ရပ်ကွက်၌ နေထိုင်သော ဒေသခံပြည်သူများသည် မတ် ၃၁ ရက်မှ စတင်၍ ၎င်းရပ်ကွက်၌ နေထိုင်ခြင်းမရှိဘဲ ဘူးသီးတောင်မြို့နယ် တောင်ပိုင်းရှိ ကျေးရွာများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရှိရပြီး တာဝန်ရှိသူများက မီးလောင်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ အမှတ်(၅)ရပ်ကွက်ရှိ လူနေအိမ်များ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။

# တောင်တွင်းကြီးမြို့နယ် ထောက်ကြံ့ကွင်းကျေးရွာ သုသာန်၌ မေတ္တာပို့ဆုတောင်းပွဲပြုလုပ်နေသည့်နေရာသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်ဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် သံဃာတော်တစ်ပါး ပျံလွန်တော်မူပြီး တစ်ပါး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မေ ၁၈**

NUG၊ CRPH အကြမ်းဖက်အဖွဲ့များ၏ သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ဒေသအချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်ကြသည့် ပြည်သူအချို့အား အကြောင်းပြချက်အမျိုးမျိုးဖြင့် ခြိမ်းခြောက်၊ သတ်ဖြတ်၊ လုယက်မှုများ ကျူးလွန်လျက်ရှိသည့် အပြင် ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်ဆည်းကပ်ရာဖြစ်သော သံဃာတော်များကိုပါ လုပ်ကြံသတ်ဖြတ်သည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိကြသည်။

**လက်နက်ငယ်ဖြင့် ပစ်ခတ်**

ထိုသို့ အကြမ်းဖက်မှုများကျူးလွန်လျက်ရှိရာ ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ထောက်ကြံ့ကွင်းကျေးရွာသုသာန်၌ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများက သံဃာတော်လေးပါးပင့်ဖိတ်၍ မေတ္တာပို့ဆုတောင်းပွဲပြုလုပ်နေစဉ် PDF အမည်ခံ အကြမ်းဖက်သမားနှစ်ဦးက မော်တော်ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ဝါးသုံးပြူးကျေးရွာ သီရိမာလာကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တပညာဝံသ သက်တော် (၇၃)နှစ် ဝါတော်(၂၂)ဝါနှင့် ထောက်ကြံ့ကွင်းကျေးရွာ အောင်မြေသာသနာကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကုန္ဒလဓေါတိ သက်တော်(၄၅) နှစ် ဝါတော်(၂၅)ဝါတို့တွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး သီရိမာလာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသသည် ရရှိဒဏ်ရာများဖြင့် ပျံလွန်တော်မူခဲ့ကြောင်း သိရသည်။

**စုံစမ်းဖော်ထုတ်လျက်ရှိ**

အဆိုပါ လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရရှိခဲ့သည့် ဆရာတော်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက တောင်တွင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် ယခုကဲ့သို့ သံဃာတော်များအား အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်မှုအန္တရာယ် တားဆီးကာကွယ်

**မောင်ကမ္ဘာ**

**ယနေ့ကမ္ဘာတွင် အကြမ်းဖက်မှုများ တစ်ကျော့ပြန်ခေါင်းထောင်လာသည်။ ပြီးခဲ့သည့် မတ်လ ၂၂ ရက်နေ့တွင် ရုရှားနိုင်ငံ မော်စကိုမြို့တော် ဆင်ခြေဖုံးရှိ Crocus City Hall ခန်းမ၌ ပြုလုပ်သည့် ကပွဲကို အကြမ်းဖက်သမားလေးယောက်က သေနတ်နှင့်ပစ်၊ ဓာတ်ဆီဗုံးများနှင့်ဖောက်ခွဲ၍ လူ ၁၄၀ ကျော်သေဆုံးပြီး ၃၀၀ ခန့် ဒဏ်ရာရရှိသွားကြသည်။**




မတ်လ ၂၂ ရက်နေ့က ရုရှားနိုင်ငံ မော်စကိုမြို့တော်ဆင်ခြေဖုံးရှိ Crocus City Hall ခန်းမ၌ ပြုလုပ်သည့်ကပွဲကို အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ပေါက်ကွဲမှုများ ဖြစ်ပေါ်စဉ်။

အကြမ်းဖက်သမားများနှင့် ဆက်နွယ်ပတ်သက်သူများကို ရုရှားထောက်လှမ်းရေး (FSB) က ဖော်ထုတ်ဖမ်းဆီးခဲ့ရာ ဖမ်းဆီးရမိသူ အကြမ်းဖက်သမားလေးယောက်သည် တာဂျစ်ကစ္စတန်နိုင်ငံသားလူငယ်များဖြစ်ကြပြီး အာဖဂန်နစ္စတန်အခြေစိုက် ISIS–K အကြမ်းဖက်အဖွဲ့က ၎င်းတို့လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာခဲ့သည်။ ဖမ်းဆီးရမိသူများထံမှ ရရှိသတင်းအရ အဆိုပါတရားခံများသည် IS ကဲ့သို့ ဘာသာရေးအစွန်းရောက်သမားများ မဟုတ်ဘဲ ဆင်းရဲ၍ ငွေပေးပြီးအခိုင်းခံရသူများဖြစ်ကြောင်း ရုရှားကဆိုသည်။

၂၀၀၄ ခုနှစ်က ရုရှားနိုင်ငံမြောက်ပိုင်း Ossetia နယ်ရှိ ဘက်စလန်ကျောင်းအား ချေချင်းညာ ခွဲထွက်ရေးအုပ်စုတစ်စု၏ အကြမ်းဖက်အပိုင်စီးနင်းမှုကို ရုရှားအထူးတပ်ဖွဲ့က ဝင်ရောက်ရှင်းလင်းကယ်ထုတ်စဉ်အတွင်း ကလေး၊ လူကြီး ၃၀၀ ကျော် သေဆုံးခဲ့ရသည့် ဖြစ်စဉ်နောက်ပိုင်း ယခုလူရာနှင့်ချီသေဆုံးခဲ့ရသည့် အကြမ်းဖက်မှုတစ်ခုဖြစ်ခဲ့သည်။

သို့ရာတွင် အနောက်မီဒီယာများကမူ ကိုယ့်မဟာမိတ်နိုင်ငံ မဟုတ်ဘဲ ပြိုင်ဘက်နိုင်ငံများတွင် ဖြစ်ပွားလေ့ရှိသည့် အကြမ်းဖက်မှုဖြစ်စဉ်များအပေါ် တတ်နိုင်သမျှ ဖုံးဖိ၊ လျှော့ပေါ့ ဖော်ပြလေ့ရှိသည့်ထုံးစံအတိုင်း ဖမ်းမိအကြမ်းဖက်သမားလူငယ်များကိုလည်း အပြစ်မဲ့သူများ၊ နှိပ်စက်ညှဉ်းပန်းမှုကြောင့် ဝန်ခံထွက်ဆိုခဲ့သူများအဖြစ်ပုံဖော်၍ ဖော်ပြခဲ့ကြသည်။

ဧပြီလ ၁၃ ရက်နေ့ ညနေ ၃ နာရီခွဲခန့်တွင် ဩစတြေးလျနိုင်ငံ၏ အဓိကမြို့ကြီးဖြစ်သည့် ဆစ်ဒနီမြို့ရှိ လူစည်ကားရာ ဈေးဝယ်စင်တာတစ်ခု၌ အမျိုးသားတစ်ဦးက ဓားဖြင့်တိုက်ခိုက်မှုကျူးလွန်ခဲ့ရာ ခြောက်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြသည်။ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသူများထဲတွင် ဒဏ်ရာပြင်းထန်သူများ၊ စိုးရိမ်စရာအခြေအနေရှိသူများအပြင် ကလေးငယ်တစ်ဦးလည်း ပါဝင်သည်။ တစ်ကိုယ်တော်ကျူးလွန်ခဲ့သူ အကြမ်းဖက်သမားကိုမူ ရဲတပ်ဖွဲ့က အသေပစ်ခတ်ဖမ်းဆီးခဲ့သည်။

ဧပြီလ ၁၄ ရက်နေ့ နံနက် ၁၀ နာရီ ၂၅ မိနစ်ခန့်တွင် မြန်မာနိုင်ငံ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မြို့တော်ဝန်သင်္ကြန်မဏ္ဍပ် အနောက်ဘက်ဆိုင်ကယ်ရပ်နားဆောင်၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းနှစ်လုံးပေါက်ကွဲမှုကြောင့် ကလေးငယ်ငါးဦးအပါအဝင် ဒေသခံပြည်သူ ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

ဧပြီလ ၁၄ ရက်နေ့သည် မြန်မာတို့၏ နှစ်သစ်ကူးကာလ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်အကျနေ့ အခါသမယဖြစ်သည်။ ယခုကဲ့သို့ မြန်မာ့ရိုးရာ အတာသင်္ကြန်ရေသဘင်ပွဲတော်ကို ရိုးရာမပျက်ဆင်နွှဲလေ့ရှိသည့် အပြစ်မဲ့ပြည်သူများနှင့် ကလေးသူငယ်များအား ရည်ရွယ်ချက်ရှိရှိဖြင့် လက်လုပ်မိုင်းများ ဖောက်ခွဲခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါ အကြမ်းဖက်မှုကိုကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ အပြစ်ပေးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ခဲ့သည်။

တစ်ဆက်တည်းမှာပင် အကြမ်းဖက်သမားများသည် ဧပြီလ ၁၄ ရက်နေ့ ညပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အနောက်ဘက်မှ ပြင်ဦးလွင်မြို့အတွင်းသို့ ၁၀၇ မမ ရှော့တိုက်ဒုံး ၁၁ လုံးဖြင့် ရမ်းသန်းပစ်ခတ်ခဲ့ရာ ပြည်သူ့ဆေးရုံရှိ အရိုးကုသဆောင်၊ အောင်မြေဇေယျာ ဘုန်းကြီးကျောင်း၊ Luxury Hotel၊ ရပ်ကွက်ကြီး (၅)၊ ဗလမင်းထင်ရပ်ကွက်နှင့် စံပယ်ရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးသီးများ ကျရောက်ပေါက်ကွဲခဲ့သည်။

အဆိုပါပေါက်ကွဲမှုကြောင့် အောင်မြေဇေယျာ ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးနေထိုင်သည့် ရဟန်းနှစ်ပါး ပျံလွန်တော်မူပြီး ပြည်သူနှစ်ဦးသေဆုံးကာ ပြည်သူ ၁၂ ဦး ထိခိုက်ဒဏ်ရာများရရှိသွားခဲ့ကြသည်။ အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူထဲတွင် ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူနေသော အသက် ၅ နှစ်နှင့် ၉ နှစ်အရွယ် ကလေးငယ်များအပါအဝင် လူနာနှင့်ဆေးရုံဝန်ထမ်း ၁၁ ဦး ပါဝင်ကြောင်း သိရသည်။

**❛ လူခြောက်ဦးကို ဓားဖြင့်ထိုးသတ်ခဲ့သော ဆစ်ဒနီမြို့ ဈေးဝယ်စင်တာဖြစ်ရပ်အပေါ် ဩစတြေးလျဝန်ကြီးချုပ် အန်သိုနီအယ်ဘာနီစ်က “အဆိုပါဖြစ်ရပ်မှာ စကားလုံးဖြင့် ဖော်ပြရန်မလွယ်ကူကြောင်း၊ ယင်းဖြစ်ရပ်မှာ သာမန်အပြစ်မဲ့ဈေးဝယ်သူများကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့သော ကြောက်မက်ဖွယ် အကြမ်းဖက်တိုက်ခိုက်မှု”ဟု ပြောကြားခဲ့သော်လည်း နှစ်နှစ်ကျော် သုံးနှစ်ကာလအတွင်း ရဟန်းသံဃာနှင့် သီလရှင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအပါအဝင် စုစုပေါင်း ၇၈၂၆ ဦး သေဆုံးသွားခဲ့ရသည့် မြန်မာနိုင်ငံမှ အကြမ်းဖက်မှုဖြစ်စဉ်များအတွက်မူ ကမ္ဘာကြီးသည် လျစ်လျူရှုနှုတ်ဆိတ်နေခဲ့သည်။ ❜**

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ရိုးရာမပျက်ဆက်လက်ထိန်းသိမ်းရန်၊ ပြည်သူများကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာ ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊ ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်ကိုကြိုဆိုရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဖြစ်သည့် အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည့် ယခုကဲ့သို့ ထူးခြားလေးနက်သော အခါသမယတွင် အကြမ်းဖက်သမားများ အနေဖြင့် အရုပ်ဆိုးအကျည်းတန်သော အကြမ်းဖက်လုပ်ရပ်ကို လုပ်ဆောင်လာခြင်းဖြစ်ကြောင်း။

အဆိုပါ အကြမ်းဖက်သမားတို့၏ လုပ်ရပ်ကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရမှုအပေါ် ဝိုင်းဝန်းဆန့်ကျင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းကာ မြို့ရွာများ အမြန်ဆုံးတည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်ကာ အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးရမိရေး ၎င်းတို့ပုန်းခိုနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများ ရရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့တိုင်ကြားနိုင်ပါကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ခဲ့သည်။

တစ်ဖန် ဧပြီလ ၁၆ ရက်နေ့ မဟာသင်္ကြန်အတက်နေ့ ညနေပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ပလောက်မြို့ ပြည်သူ့ဆေးရုံအား အကြမ်းဖက်သမားများက Drone ဖြင့် Drop Bomb တစ်လုံး လာရောက်ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ကလေးကုသဆောင်၌ ဆေးရုံတက်ရောက် ကုသနေသည့် ကလေးငယ်တစ်ဦးနှင့် လူနာစောင့် အပြစ်မဲ့ဒေသခံပြည်သူ ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြပြန်သည်။

ယနေ့ကမ္ဘာတွင် မြန်မာနိုင်ငံသည် အကြမ်းဖက်မှုအန္တရာယ်ကို အများဆုံးရင်ဆိုင် ကြုံတွေ့နေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ အတိတ်ကာလတွင် မြန်မာနိုင်ငံ၌ အကြမ်းဖက်မှုဖြစ်စဉ်များမှာ ရှားရှားပါးပါးမရှိသလောက်နည်းပါးခဲ့ပါသည်။ သို့သော် ၂၀၂၁ ခုနှစ် မြန်မာနိုင်ငံရေး အပြောင်းအလဲကာလနောက်ပိုင်းတွင် မြန်မာနိုင်ငံသည် အကြမ်းဖက်အဖွဲ့ အစည်းများ၊ အကြမ်းဖက်သမားများ၏ စိန်ခေါ်မှုများကို ပိုမိုရင်ဆိုင်ကြုံတွေ့လာခဲ့ရသည်။

**❛ အထူးသဖြင့် အမေရိကန်အပါအဝင် အနောက်နိုင်ငံအချို့သည် မြန်မာနိုင်ငံဒေသအချို့တွင် ဖြစ်ပွားနေသော အကြမ်းဖက်လုပ်ရပ်များကို အကြမ်းဖက်လုပ်ရပ်အဖြစ် မရှုမြင်ခဲ့ကြချေ။ အတိတ်ကာလတွင်လည်း ၎င်းတို့သည် ကိုယ်ကျိုးစီးပွားအပေါ်မူတည်၍ အကြမ်းဖက်အဖွဲ့အစည်းများနှင့် အကြမ်းဖက်သမားတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် လိုတစ်မျိုး၊ မလိုတစ်မျိုး အမျိုးမျိုးအဓိပ္ပာယ်ဖွင့်ဆိုလေ့ရှိကြသည်။ ❜**

သက်ဆိုင်ရာ၏ သတင်းထုတ်ပြန်ချက်များအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မှ ၂၀၂၄ ခုနှစ် မတ်လ ၂၆ ရက်နေ့အထိ နိုင်ငံတစ်ဝန်းတွင် NUG၊ PDF တို့၏အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရဟန်းသံဃာ ၈၁ ပါး၊ သီလရှင်နှစ်ပါး ပျံလွန်ခဲ့ပြီး အပြစ်မဲ့ပြည်သူ ၅၇၉၁ ဦးနှင့် နိုင်ငံ့ဝန်ထမ်း ၁၉၅၂ ဦးအပါအဝင် စုစုပေါင်း ၇၈၂၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အကြမ်းဖက် ဖျက်ဆီးမှုအနေဖြင့် ဆက်သွယ်ရေး၊ လျှပ်စစ်တာဝါတိုင် ၅၆၃ ခု၊ ကျန်းမာရေးအဆောက်အအုံ ၅၅ လုံး၊ ဘာသာရေးအဆောက်အအုံ ၇၇ လုံး၊ လမ်းတံတား/ တိုးဂိတ်အဆောက်အအုံ ၁၅၁၈ ခု၊ စာသင်ကျောင်း/ ပညာရေး

**စာမျက်နှာ ၁၇ သို့ ✣**

# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေရာသီကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း လေပြင်းတိုက်ခတ်မှုအကြိမ်ရေ ၆၅၀ ကျော် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အအုံပေါင်း ၂၁၇၀၀ကျော် ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူသေဆုံး၊ ထိခိုက်၊ ဒဏ်ရာရမှုများလည်း ဖြစ်ပေါ်ခဲ့ပါသည်။

၃။ လေပြင်း တိုက်ခတ်မှုများကြောင့် ထိခိုက်မှုများ လျော့နည်းစေရန်အတွက် အသိပညာပေးခြင်း၊ လေပြင်းဒဏ် ခံနိုင်ရည်နည်းပါးနိုင်သည့် အိုးအိမ်များ ရွေးချယ်၍ အားဖြည့်ပြင်ဆင်ပေးခြင်းတို့ကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့်လည်း အောက်ပါ ကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။

(ခ) လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ် ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(ဂ) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

(ဃ) အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

၅။ လေပြင်း တိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်း တိုက်ခတ်ချိန်တွင် အမိုက်များနှင့် ပစ္စည်းများ လေနှင့်အတူ လွင့်ပါကာ အန္တရာယ် ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထု တစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

၆။ လေပြင်း တိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကူညီ ကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေပါ။

(ဂ) ထိခိုက်ဒဏ်ရာ ရရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှု ခံယူပါ။

(ဃ) ကာကွယ် စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ စသည့် အကူအညီ လိုအပ်သူများကို တတ်စွမ်းသရွေ့ ပေါင်းစပ်ကူညီပေးပါ။

၇။ သဘာဝ ဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီ တောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**



# စနစ်တကျသုံးစွဲ တန်ဖိုးထားရမည့် ရေ

မေချိုးဖြူ



"မေမေရေမေမေ တီဗွီထဲမှာ သမီးတို့အရွယ်ကလေးလေးတွေ ရေဘူးလေးတွေနဲ့ အများကြီးပဲ။ ဘာလုပ်တာလဲဟင်။ နောက်ပြီးတော့ အဝေးကြီးပဲ လမ်းလျှောက်သွားနေတာ။ တန်းစီနေကြတာ အများကြီးပဲ ရေပိုက်လေးနားမှာ။"

တီဗွီကလာတဲ့ နိုင်ငံတကာသတင်းထဲက ရေရှားပါးတဲ့နိုင်ငံတွေအကြောင်း သတင်းလာချိန် သမီးငယ်ရဲ့အမေးစကားသံ။

**မေမေ။** ။ အဲဒါ သူတို့ဆီမှာ ရေမရှိလို့ ရေရှိတဲ့နေရာအထိရေသွားခပ်ရတဲ့အကြောင်း လာနေတာလေ။ အဲဒီလို ရေလေးတစ်ပုံးရဖို့ မနက်အစောကြီးကတည်းက လမ်းလျှောက်သွားပြီး ရေကိုတန်းစီပြီးစောင့်၊ ကိုယ့်အလှည့်ရောက်မှ ရေယူပြီး အဝေးကြီးပြန်သွားရတာပေါ့။

**သမီး။** ။ သမီးတို့ဆီမှာ အဲဒီလို ရေမရှားလို့ တော်သေးတယ်နော်။ သမီးကတော့ ရေမရှိရင်မနေနိုင် လောက်ဘူးထင်တယ်။

**မေမေ။** ။ ဟုတ်တာပေါ့ သမီးရဲ့ "ထမင်းအသက် ခုနစ်ရက်၊ ရေအသက်တစ်မနက်"တဲ့ ထမင်းသာမစားဘဲနေလို့ရတာ။ ရေကျတစ်မနက်လောက်တောင် မသောက်ဘဲနေလို့မရဘူးလို့ ဆိုထားတာကိုး သမီးရဲ့။

**သမီး။** ။ ဟုတ်တယ်နော်။ ဒါနဲ့မေမေ သူတို့ဆီမှာ ဘာလို့ရေမရှိတာလဲဟင်။

**မေမေ။** ။ သစ်ပင်သစ်တောတွေမရှိလို့ပေါ့။ သစ်ပင်သစ်တောတွေမရှိရင် ရာသီဥတုတွေလည်း မမှန်တော့ဘူး။ ရာသီဥတုမမှန်ရင် မြစ်တွေ၊ ချောင်းတွေလည်း ရေခန်းလာရော။ မြစ်တွေ၊ ချောင်းတွေမရှိရင် ကမ္ဘာ့မြေမျက်နှာပြင်ပေါ်က ရေတွေမရှိနိုင်တော့သလို မြေအောက်ရေလို့ခေါ်တဲ့ တွင်းတူးပြီးယူလို့ရတဲ့ရေလည်းမရနိုင်တော့ဘူးလေ။ အဲဒါကြောင့် အခုလိုရှိနေတဲ့ရေကို တန်ဖိုးထားရမယ်၊ စည်းကမ်းတကျသုံးစွဲရမယ်လို့ ပြောတာပေါ့။

**သမီး။** ။ ဟုတ်ပြီ ဟုတ်ပြီ သမီးသိပြီ။ အဲဒါကြောင့် မေမေက မျက်နှာသစ်ရင်လည်း ရေခွက်နဲ့သစ်၊ သွားတိုက်ရင်လည်း ရေပိုက်ဖွင့်ပြီးမထားနဲ့၊ ရေပိုက်ဖွင့်ရင်လည်း စောင့်ကြည့်နေပြီး ရေမလျှံခင်ပိတ်ခိုင်းတာမို့လား။

**မေမေ။** ။ ဟုတ်တာပေါ့။ သမီးက တော်လိုက်တာ။ အဲဒီအချက်တွေကို သေချာလိုက်နာပြီး တစ်သက်လုံး မှတ်ထားရမယ်နော်။

**သမီး။** ။ ဟုတ်ကဲ့ပါ မေမေရယ်။ သမီး သေချာမှတ်ထားပါ့မယ်။ နောက်ပြီးကျန်သေးတယ်နော် မေမေ။

**မေမေ။** ။ ဘာလဲသမီးရဲ့။

**သမီး။** ။ ရေပိုက်တွေ ဖွင့်ပြီးရင် သေချာပိတ်ရမယ်။ ရေတစ်စက်တစ်စက်ကျမနေရဘူးလို့လည်း ဖေဖေကပြောသေးတယ်။

**မေမေ။** ။ ဟုတ်ပါပြီရှင်။ နောက်ပြီးတော့ရော သမီးဖေဖေက ဘာတွေမှာထားသေးလဲ ပြောပါဦး။

**သမီး။** ။ အင်း ... နောက်ပြီးတော့ ရေတင်လို့ လျှံကျတဲ့ရေတွေကိုလည်း အလကားမဖြစ်အောင် ပုံးနဲ့ခံထားရမယ်တဲ့။ အဲဒီရေတွေနဲ့ မေမေစိုက်ထားတဲ့ သစ်ခွပင်ကို လောင်းလို့ရတယ်တဲ့။ နောက်ပြီး အဲဒီသစ်ခွပင်ကို ရေလောင်းလို့ကျလာတဲ့ ရေတွေကို အောက်မှာရှိတဲ့ နှင်းဆီပန်းအိုးလေးတွေနဲ့ ခံထားတာလည်း ရေကိုချွေတာတာပဲတဲ့။ ဟုတ်တယ်မဟုတ်လား ဖေဖေ။

**ဖေဖေ။** ။ မှန်တာပေါ့ဗျာ။ ငါ့သမီးက သိပ်တော်တာပဲ။

**သမီး။** ။ ဒါပေမဲ့ သမီးတို့ကသာ အဲဒီလိုလုပ်နေတာ။ သူများတွေက မလုပ်ရင်ရော ဘယ်လိုလုပ်မလဲ ဖေဖေ။

**ဖေဖေ။** ။ ဒါကတော့ သမီးရယ်။ တစ်ယောက်အစ တစ်ရာအဆုံး သိရှိနားလည်အောင် ကြိုးစားရမှာပေါ့။ အခုပဲကြည့်လေ တီဗွီမှာ အခုလိုရေရှားတဲ့ သတင်းတွေပါလာတော့ သမီးလေးတောင် သတိထားမိလာတယ်မို့လား။ ဖေဖေတို့ မေမေတို့က ရေနဲ့ပတ်သက်တဲ့ စည်းကမ်းတွေကို ပြောပြထားတော့ သမီးလေးက လိုက်လုပ်တယ်။ ဒါဆို သုံးယောက်လိုက်နာပြီးသားဖြစ်သွားပြီ။ ဒီလိုနဲ့ မိသားစုလေးတွေတစ်စု တစ်စုတိုးသွားရင် အများကြီးဖြစ်လာမှာပေါ့။ အဲဒီလိုပဲ ရေကိုလည်း နည်းနည်းပါလို့ ဂရုမထားဘဲ အလေအလွင့်ဖြစ်အောင်ထားရင် ကြာရင်များသွားပြီး တီဗွီထဲက ကလေးတွေလို ကိုယ့်မျက်နှာသစ်ဖို့၊ သုံးဖို့ ရေလေးတစ်ပုံးရဖို့ ခရီးအဝေးကြီးလမ်းလျှောက်သွားပြီး သယ်ရတဲ့ဘဝကို ရောက်မှာစိုးလို့ ပြောနေရတာပေါ့ သမီးရဲ့။

**သမီး။** ။ ဒါနဲ့ ဖေဖေ သမီးတို့နိုင်ငံမှာရော အဲဒီလိုရေရှားတဲ့နေရာတွေ ရှိလားဟင်။ သမီးတို့နိုင်ငံမှာ ကန်ကြီးတွေရော၊ မြစ်ကြီးတွေရော ရှိတယ်လို့ မေမေပြောဖူးတယ်။ ဒါဆို သမီးတို့နိုင်ငံက ရေမရှားတော့ဘူးပေါ့နော်။

**ဖေဖေ။** ။ ဖေဖေတို့ နိုင်ငံမှာလည်း ရွှေကိုမလို၊ ငွေကိုမလို ရေကိုသာလိုပါသည်ဆိုတဲ့ နေရာဒေသတွေရှိတာပေါ့သမီးရဲ့။ မြစ်တွေ၊ ချောင်းတွေရှိတဲ့ နေရာတွေရှိသလို မြစ်ချောင်းမရှိတဲ့နေရာတွေလည်း ရှိတယ်လေ။ နောက်ပြီးတော့ ရေတိုင်းကလည်း သောက်လို့၊ သုံးလို့မရဘူးလေ။ ဥပမာ ပင်လယ်ရေဆိုလည်း ငန်လို့ သောက်သုံးဖို့မဖြစ်နိုင်ဘူး။ မြေအောက်ရေလို့ခေါ်တဲ့ တွင်းတူးလို့ထွက်တဲ့ရေဟာလည်း နေရာတိုင်းကမထွက်နိုင်သလို ထွက်တဲ့ရေက ငန်နေရင်လည်း သောက်သုံးလို့ မရပြန်ဘူး။ နောက်ပြီး ရေထဲမှာ အမှိုက်တွေ၊ အညစ်အကြေးတွေ၊ ဓာတုဓာတ်ကြွင်းတွေရှိနေ၊ ပျော်ဝင်နေရင်လည်း အဲဒီရေကို သုံးစွဲလို့မရပြန်ဘူး။ ဒါကြောင့် ရေကောင်း၊ ရေသန့်တွေရရှိသုံးစွဲနိုင်တဲ့ ဖေဖေတို့ စည်းကမ်းရှိရှိ၊ စနစ်တကျနဲ့ မသုံးစွဲသင့်ဘူးလား။

❝ ဖေဖေတို့နိုင်ငံမှာလည်း ရွှေကိုမလို၊ ငွေကိုမလို ရေကိုသာလိုပါသည်ဆိုတဲ့နေရာဒေသတွေရှိတာပေါ့သမီးရဲ့။ မြစ်တွေ၊ ချောင်းတွေရှိတဲ့ နေရာတွေရှိသလို မြစ်ချောင်းမရှိတဲ့နေရာတွေလည်းရှိတယ်လေ။ နောက်ပြီးတော့ ရေတိုင်းကလည်း သောက်လို့၊ သုံးလို့မရဘူးလေ။ ဥပမာ ပင်လယ်ရေဆိုလည်းငန်လို့ သောက်သုံးဖို့မဖြစ်နိုင်ဘူး။ မြေအောက်ရေလို့ခေါ်တဲ့ တွင်းတူးလို့ထွက်တဲ့ရေဟာလည်း နေရာတိုင်းကမထွက်နိုင်သလို ထွက်တဲ့ရေကငန်နေရင်လည်း သောက်သုံးလို့မရပြန်ဘူး။ နောက်ပြီး ရေထဲမှာ အမှိုက်တွေ၊ အညစ်အကြေးတွေ၊ ဓာတုဓာတ်ကြွင်းတွေရှိနေ၊ ပျော်ဝင်နေရင်လည်း အဲဒီရေကို သုံးစွဲလို့မရပြန်ဘူး။ ဒါကြောင့် ရေကောင်း၊ ရေသန့်တွေရရှိသုံးစွဲနိုင်တဲ့ ဖေဖေတို့ စည်းကမ်းရှိရှိ၊ စနစ်တကျနဲ့ မသုံးစွဲသင့်ဘူးလား ❞

**သမီး။** ။ ဟုတ်ကဲ့။ သမီးသဘောပေါက်ပါပြီဖေဖေ။

**မေမေ။** ။ ဟုတ်တယ်သမီးရဲ့။ နောက်ပြီး အဲဒီလိုရေကို စနစ်တကျချွေတာသုံးစွဲသင့်သလို ရေရရှိရာ အရင်းအမြစ်တွေကိုလည်း တန်ဖိုးထားရမယ်။ မြစ်တွေ၊ ချောင်းတွေ၊ မြောင်းတွေ၊ ကန်တွေထဲကို အမှိုက်ပစ်တာမျိုး၊ စွန့်ပစ်ရေတွေ စွန့်ထုတ်တာမျိုးတွေ မလုပ်ရဘူး သမီးရဲ့။ ပလတ်စတစ်အမှိုက်တွေဆိုလည်း ဆွေးမြည့်ပျက်စီးဖို့မလွယ်လို့ ရေစီးတွေနဲ့အတူ ပင်လယ်သမုဒ္ဒရာတွေထဲအထိ ရောက်သွားလို့ ရေနေသတ္တဝါတွေအတွက် အန္တရာယ်ဖြစ်၊ သေကျေရတာတွေရှိတယ် သမီးရဲ့။

**ဖေဖေ။** ။ ဟုတ်တာပေါ့၊ နောက်ပြီး ရှိသေးတယ်။ အဲဒီမြစ်တွေ၊ ကန်တွေ၊ ချောင်းတွေ၊ ပင်လယ်သမုဒ္ဒရာတွေထဲကရေတွေရော ဘယ်ကရတယ်လို့ သမီးထင်လဲ။

**သမီး။** ။ မိုးရွာလို့ရတာပေါ့။

**ဖေဖေ။** ။ အင်း.. ဟုတ်တယ်။ မိုးကရော ဘယ်ကရွာတာလဲ။

**သမီး။** ။ ဟာ ဖေဖေကလည်း မိုးတိမ်တွေက ရွာတာပေါ့။

**ဖေဖေ။** ။ အဲဒီမိုးတိမ်တွေရော ဘယ်က ရတာလဲ။

**သမီး။** ။ အင်း ... အဲဒါတော့ မိုးရွာချင်လို့ဖြစ်တာနေမှာပေါ့။

**ဖေဖေ။** ။ ဟားဟားဟား။ ဟုတ်ပါပြီ။ ဒီလိုသမီးရဲ့ မိုးတိမ်တွေဖြစ်ဖို့ဆိုရင် နေအပူရှိန်ကြောင့် ရေပြင်တွေကနေ ရေခိုးရေငွေ့တွေအဖြစ် အငွေ့ပြန်တက်သွားရတယ် သမီးရဲ့။

**သမီး။** ။ ဟင်ဒါဆို မိုးရေရဖို့ ရေပြင်တွေ၊ ကန်တွေရှိရမှာပေါ့နော်။

**ဖေဖေ။** ။ သိပ်ဟုတ်တာပေါ့။ ဖေဖေတို့ ငယ်ငယ်တုန်းက ကျောင်းမှာသင်ခဲ့ရတဲ့ ကဗျာလေးကို သမီးကိုပြောပြမယ်။ အဲဒါဆို သမီး ရေအကြောင်းသိသွားမယ်။

**သမီး။** ။ ဘာကဗျာလဲ ဖေဖေ။

"ရေသံသရာ"

- ကောင်းကင်တခို ပြိုမလို
  တိမ်ညိုဘာကြောင့် မှိုင်းပါတယ်၊
  မိုးရွာလိုလို့ မှိုင်းပါတယ်။
- မြည်ဟည်းထစ်ကြိုး၊ မာန်ဟုန်ဖြိုး
  ရွှေမိုးဘာကြောင့် ရွာရတယ်၊
  ရေခိုးပါလို့ ရွာရတယ်။
- တစိမ့်စိမ့်မိုး၊ ရွာသွန်းဖြိုး
  ရေခိုးဘယ်က ရပါတယ်၊
  ပင်လည်ရေက ရပါတယ်။
- အပြောဝန်းကျယ်၊ ငွေပင်လယ်
  သင်ရေ ဘယ်ကရပါတယ်၊
- ချောင်းရေတွေက ရပါတယ်။
  စီးကျတွေတွေ ရဂုံဘွေ
  ချောင်းရေဘယ်က ရပါတယ်၊
  မိုးရေကျလို့ ရပါတယ်။
- ရွာသွန်းဖြိုးစွေ လျှပ်ပန်းဝေ
  မိုးရေဘာကြောင့် ကျရတယ်
  တိမ်ညိုမှိုင်းလို့ ကျပါတယ်။" တဲ့

**သမီး။** ။ ဟာဟုတ်တယ်နော်ဖေဖေ။ နောက်ဆုံးကျတော့အစကို ပြန်ရောက်သွားပြီ။ တကယ့်ကိုပဲ သံသရာလည်နေတာပဲနော်။

**ဖေဖေ။** ။ ဟုတ်တယ်။ ဒါကြောင့် မိုးရွာဖို့၊ ရာသီဥတုမှန်ဖို့၊ ရေတွေမခန်းခြောက်ဖို့ သစ်တောသစ်ပင်တွေကို ထိန်းသိမ်းရမယ်။ ရှိနေတဲ့ ရေကောင်းရေသန့်နဲ့ သဘာဝပတ်ဝန်းကျင်ကိုလည်း ဂရုတစိုက်တန်ဖိုးထားပြီး စနစ်တကျ သုံးစွဲရမယ်။ အမှိုက်တွေကိုလည်း စည်းကမ်းတကျစွန့်ပစ်ရမယ်။ အဲဒီလိုလုပ်မှ ရေရှားပါးမှုဘေး၊ ရာသီဥတုမမှန်တဲ့ဘေး၊ တခြားသဘာဝဘေးအန္တရာယ်တွေကနေ ရှောင်လွှဲနိုင်မှာပေါ့ သမီးရဲ့။

**သမီး။** ။ ဟုတ်ကဲ့ပါ။ သမီးလည်း ရေကိုစည်းကမ်းရှိရှိသုံးစွဲပါ့မယ်။ နောက်ပြီး ကျောင်းရောက်ရင်လည်း သူငယ်ချင်းတွေကို ပြောပြရဦးမယ်။ ဒီအကြောင်းတွေကို။

**ဖေဖေ။** ။ တော်လိုက်တဲ့ သမီး။ ။

ဝတ္ထုတို

# အမေ့လက်ရာ ရိုးရာကောက်ညှင်းချိပ်ပေါင်း

ဝင်းမြတ်သန္တာလွင် (MRTV)

(၁)

အငွေ့တထောင်းထောင်းထနေသည့် မီးဖိုပေါ်က ကောက်ညှင်းပေါင်းအိုးဆီပဲ စိတ်ကရောက်နေသည်။ စာကျက်လို့လည်းမရတော့။ နံနက်အရုဏ်လင်းစအချိန် မီးဖိုချောင်အတွင်းမှ အမေနန်းခင်မှုံ၏ နှမ်းထောင်းနေသည့်အသံ တဂွပ်ဂွပ်က ကျွန်တော့်နားထဲ ဂီတသံတစ်ခုလို ခံစားရပြီး နှလုံးသားထဲအထိ စွဲထင်ရစ်နေစေပါသည်။ ကောက်ညှင်းပေါင်းအိုးနား မီးစထိုးနေရင်း စာအုပ်ကိုင်ဖတ်နေသော အဖေဦးကြီးညို၏ ပုံရိပ်သည်လည်း နှင်းဖွေးဖွေးကြားက ကျက်သရေရှိလှသည့် ဆောင်းမနက်ခင်းတစ်ခုပင်။

"ဂွပ် ဂွပ် ဂလုပ် ဂွပ် ဂွပ်"

"သားငယ် စာကျက်သံတိတ်သွားပါလား။ ဘာလုပ်နေလဲ"

"စာရေးနေတာ အမေ"

"ရေးစရာရှိတာ မနေ့ညနေကတည်းက ရေးရမယ်ဆိုတာ မရေးဘူးလား။ ဒီကောင်လေးကတော့နေဦး"

အမှန်တော့ ကျွန်တော် စာရေးနေတာမဟုတ်ပါဘူး။ ကျွန်တော့်မျက်လုံး၊ ကျွန်တော့်စိတ်တို့သည် အမေ့လက်ရာ မနက်စာ ကောက်ညှင်းပေါင်းနှင့် ငါးရံ့ခြောက်ဖုတ်စားရဖို့အရေး ကြိုတွေးကာ သွားရည်ကျနေမိသည်။ စာကျက်မရတော့မည့် အတူတူ အငွေ့တထောင်းထောင်းထနေသည့် ကောက်ညှင်းပေါင်းအိုးဆီသို့သာ မမှိတ်မသုန်ငေးကြည့်လို့နေမိသည်။ ကျွန်တော်စာကျက်သည့်နေရာက အမေချက်ပြုတ်သည့်နေရာ မီးဖိုချောင်ဆီမြင်ရသည်။ အမေက စာကျက်ရမည့်နေရာ သတ်မှတ်ပေးထားစဉ်ကတည်းက ကျွန်တော် ဘာလုပ်နေသလဲဆိုသည်ကို အမေသိရအောင်လို့ဟု ဆိုသည်။

မီးဖိုချောင်တွင် အမြဲအလုပ်ရှုပ်နေသော အမေက ကျွန်တော့်ကို ဦးဆောင်လမ်းပြလုပ်ကာ ချက်ပြုတ်၊ ကြော်လှော်၊ လှော်ဖွပ်၊ လှည်းကျင်း မနားတမ်းအလုပ်များ လုပ်နေတတ်သည်။ ပန်းပင်ရေလောင်းစသည်ဖြင့် အစုံပါသည်။ အမေ၏ အလုပ်များလည်း မလစ်ဟင်းသလို ကျွန်တော့်ဆီသို့လည်း အာရုံမပျောက်ပါ။ တစ်ခါတလေ စာကျက်ရင်း လွဲမှားနေလျှင်တောင် လှမ်းပြင်ပေးတတ်ပါသေးသည်။ တစ်ခါတလေ ချက်ချင်းလှမ်းမပြောအားခဲ့လျှင် သေချာမှတ်ထားပြီး ပြန်လည်ပြုပြင်ပေးတတ်သူလည်းဖြစ်သည်။

*******

"သားငယ်ရေ ကောက်ညှင်းစားရအောင်။ မစားခင် မင်းကြီးအိမ် အရင်ပို့ချေဦး"

အမေ့အထက်က အစ်ကိုကို ကျွန်တော်တို့က မင်းကြီးဟု ခေါ်သည်။ မင်းကြီးအောက်က အစ်ကိုကို မင်းလေးဟု ခေါ်သည်။ (ဦးကြီး၊ ဦးလေးဟူ၍ဖြစ်သည်)။ အငယ်ဆုံးဦးလေးကို မင်းမင်းဟု ခေါ်ရသည်။ အမေက သမီးတစ်ယောက်တည်းပါသည်။ အမေ့တူ၊ တူမများက အမေ့ကို ငယ်ငယ်ဟု ခေါ်သည်။ အန်တီဟူ၍ဖြစ်သည်။

အမေ့အသံကြားသဖြင့် ကျွန်တော် ဝမ်းသာအားရပြေးသည်။ ဒီအချိန်ရောက်ရန် စိတ်က ကြိုတင်ပြင်ဆင်ထားပြီးသားမို့ လျှင်မြန်စွာပြေးသွားလိုက်မိသည်။ အမေ့ဆီ အရင်ပြေးရင်း တောင်းထဲထည့်ထားသော ကောက်ညှင်းအနည်းငယ်ကို လက်ဖြင့် နှိုက်ယူဝါးစားလိုက်သည်။

"ဟဲ့ကောင်လေး စားရမှာပါ၊ ဘယ်လိုဖြစ်နေလဲ" ဟု အမေ၏ ဟန့်သံနှင့်အတူ မင်းကြီးအတွက် ထည့်ထားသောချိုင့်ကိုကိုင်လျက် ထမင်းဝိုင်းနားက ဖြတ်အပြေး ငါးရံ့ခြောက်ဖုတ်အနံ့တသင်းသင်းကြောင့် ကျွန်တော့်ဗိုက်ထဲ ဂွီခနဲမြည်သည်အထိ ဆာလောင်သွားရသည်။

"ဟဲ့ ကောင်လေး ဖြည်းဖြည်းသွားပါ ချော်လဲနေပါ့မယ်"

အိမ်ရှေ့ရှိ ပန်းခင်းထဲတွင် မြေဆွပေးနေသော အဖေက အော်ပြောတော့မှ ကိုယ့်ကိုအရှိန်သတ်ကာ လမ်းထိပ် မင်းကြီးအိမ်အရောက် နှင်းပေါက်များကြား အပြေးသွားလိုက်ပါတော့သည်။

ကျွန်တော့်ပါးစပ်မှလည်း အငွေ့များထွက်နေသည်ကို တဖူးဖူးမှုတ်ထုတ်ရင်း သဘောကျနေမိတော့သည်။ ယခုလို ပြာသိုလ ဆောင်းမနက်ခင်းလေးမှာ ကျွန်တော်တို့နေထိုင်ရာဒေသက ရှမ်းပြည်တောင်ပိုင်းနှင့် အညာဒေသ သာစည်၊ ရွှေညောင်အစပ်ဒေသဖြစ်၍ ရာသီက နှစ်မျိုးခံစားရသည်ဟု ပြောလို့ရသည်။ ဆောင်းရာသီဆိုလျှင် တောင်ပေါ်ဆောင်းအရသာရသည်။ နွေရာသီဆိုလျှင် အညာဒေသ ရာသီအငွေ့အသက်မျိုး ခံစားရသည့်ဒေသဖြစ်သည်။

(၂)

ကျွန်တော်ပြန်လာချိန်တွင် အမေ့မီးဖိုချောင်အတွင်းက မနက်စာထမင်းဝိုင်းစားပွဲတွင် အဖေက စားပွဲဝိုင်းထိပ်က ထိုင်လျက်၊ ကျောင်းပိတ်ရက်ပြန်ရောက်နေသည့် အစ်ကိုကြီး၊ အစ်မလတ်နှင့် အစ်မလတ်နှင့်ရွယ်တူ ဘေးအိမ်ကပ်လျက်က အစ်မတို့က စားပွဲဝိုင်းတွင် နေရာယူနေကြပြီ။ အမေကတော့ ထလိုက်ထိုင်လိုက်ဖြင့် ပြင်လို့ဆင်လို့ မပြီးနိုင်သေးသည့်မြင်ကွင်းက ရှုမငြီးနိုင်ဖွယ်ဖြစ်ရသည်။

မိသားစုများခြံရံလျက် စားပွဲဝိုင်းအလယ်က အငွေ့တထောင်းထောင်းထနေသည့် မနက်စာ အမေ့ထမင်းဝိုင်းလေးသည် ပြတင်းပေါက်မှ ဝင်လာသည့် နံနက်ခင်း နေရောင်ခြည်နုနုအောက်တွင် ပန်းချီကားတစ်ချပ်ပမာ လှပနေတော့သည်။

"လာ လာ သားငယ်" အမေက အသံပြုခေါ်လိုက်ရင်း ကျွန်တော့်အတွက် ပြင်ပေးသော မနက်စာ ကောက်ညှင်းပန်းကန်ကို ချပေးသည်။ ကောက်ညှင်းချက်မည့်အစီအစဉ်ကို အမေ စပြောစဉ်ကတည်းက ယခုအခြေအနေကို စောင့်ဆိုင်းနေပါသော ကျွန်တော် ညီထွန်းတောက်အတွက် မီးဖိုချောင်မဝင်ခင်ကတည်းက ခြံရှေ့ရေငုတ်တွင် လက်ကိုဆေးပြီး အပြေးလာခဲ့သည်မို့ ကောက်ညှင်း



ကိုလက်ဖြင့်အားရပါးရဆုပ်နယ်လိုက်ပါတော့သည်။

"ညီလေး လက်ဆေးဦးလေကွာ ဒီကောင် ညစ်ပတ်တယ်အမေ"

"ရှေ့မှာဆေးခဲ့ပြီးသား ကိုကြီး။ ဘယ်ရမလဲ ဟင်း ဟင်း အားလုံးကို မျက်လှည့်ပြလိုက်တာလေ။ ထမင်းဝိုင်းရောက်တာနဲ့ တန်းစားရအောင် ရှေ့က ရေငုတ်မှာ တစ်ခါတည်းဆေးခဲ့တာ"

"ဟား ဟား ဟား" အားလုံး သဘောတကျဝိုင်းရယ်ကြလေသည်။

"အေး မင်းညီက စားချင်လွန်းလို့ မနက်အစောစာကျက်တာတောင် စာလေးတစ်လုံးနှစ်လုံးအော်ပြီးရပ်သွားတာ။ မီးဖိုပေါ်က ကောက်ညှင်းအိုးကြီးကိုပဲ မမှိတ်မသုန်ကြည့်နေတာ။ စာမရရင် ဆရာမအရိုက်ခံရမှာ မမှတ်ဘူး"

"ဟင် သားက ဒါတွေကြိုသိလို့ ညကတည်းက စာတွေအကုန်လုပ်ပြီးသားပါနော်"

ကျွန်တော်က မျက်စချီ၍ ပလုတ်ပလောင်းဖြင့် အစ်ကိုကြီးကိုပြောလိုက်တော့ အေးပါကွာ အေးပါ။ စားပါ ကောက်ညှင်းနင်နေပါဦးမယ်ဟု အပြန်အလှန် ပြောကြဆိုကြရင်း အမေ၏ မနက်စာ ကောက်ညှင်းပေါင်းကို အားပါးတရစားလိုက်ကြပါတော့သည်။ ။

(ဆက်လက်ဖော်ပြပါမည်)

# ကောင်းဆိုးနှစ်တန် တုံ့ပြန်တတ်သော ချီချင်းဓလေ့

အမ်းမ်လောင်ရှီ

ချီချင်းတို့သည် တုံ့ပြန်ရာ၌ နှစ်မျိုးရှိသည်။

( ၁ ) ကျေးဇူးတရားအတွက် တုံ့ပြန်ခြင်းနှင့်

( ၂ ) ရန်ကြွေးအတွက် တုံ့ပြန်ခြင်းတို့ ဖြစ်သည်။

( ၁ ) ကျေးဇူးတရားအတွက် တုံ့ပြန်ခြင်း သို့မဟုတ် လက်တုံ့ပြန်ခြင်းဟူသည်မှာ မိမိတို့၏ ဖသားမျိုးနွယ်စု (ဖခင်ဘက်သို့သာ အမျိုးသတ်မှတ်သောစနစ်ကို လက်ခံကျင့်သုံးသဖြင့် ဖသားမျိုးနွယ်စုဟု ခေါ်ပါသည်) သို့မဟုတ် မိမိ မိသားစုအား ကျေးဇူးတစ်စုံတစ်ရာပြုခဲ့သူတို့အား ကျေးဇူးဆပ်တုံ့ပြန်ခြင်းဖြစ်သည်။

ဥပမာ ဦးဟုန်းမာန်သည် စားနပ်ရိက္ခာပြတ်လပ်၍ အငတ်ဘေးဆိုက်ရောက်ချိန်တွင် ဦးလိန်းကီးက သီးနှံများပေးပို့ကူညီခဲ့ရာ အဆင်ပြေသည်။ ဦးဟုန်းမာန်သည် မိမိအဆင်ပြေလာသောအခါတွင် ဦးလိန်းကီးအား ရှိသေစွာဖိတ်ခေါ်၍ ဧည့်ခံကျွေးမွေးကာ လက်ဆောင်များပါပေးလျက် သီးနှံရိက္ခာများကို တုံ့ပြန်ပေးကမ်းတတ်သည်။

သို့မဟုတ် ဦးလိန်းကီး တစ်စုံတစ်ရာဒုက္ခရောက်သည်ဟု ကြားရသောအခါ ထိုဒုက္ခပြေလည်စေရန်အတွက် တတ်နိုင်သောဘက်မှ တုံ့ပြန်ကူညီပေးသည်။

ဤသည်မှာ မြတ်ဗုဒ္ဓဟောကြားသော "ကတညုတ ကတဝေဒီ" ဟူသော ကျေးဇူးပြုခြင်းနှင့် ကျေးဇူးဆပ်ခြင်းဟူသည့် မင်္ဂလာတရားတော်ကို လိုက်နာကျင့်သုံးခြင်းပင်ဖြစ်ပေသည်။

ဦးဟုန်းမာန်သည် သူ၏တစ်သက်တာတွင် ဦးလိန်းကီးအား ကျေးဇူးတုံ့ဆပ်မှုမပြုနိုင်လျှင် မိမိ၏ မျိုးဆက်အမွေခံ သား မြေး မြစ် တီများ (သမီးများမပါ)အား တတ်နိုင်သောအခါ ဦးလိန်းကီးအား ကျေးဇူးတုံ့ဆပ်ရန် မှာကြားခဲ့လေ့ရှိသည်။ ဦးဟုန်းမာန်၏ သားမြေးများကလည်း ထိုစကားကို မြေဝယ်မကျ နားထောင်ကာ တတ်နိုင်သောအခါ ဦးလိန်းကီးအား ကျေးဇူးတုံ့ဆပ်လေ့ရှိသည်။ အကယ်၍ ဦးလိန်းကီး ကွယ်လွန်သွားပါက သူ့ကိုယ်စား သူ၏အမွေခံသားမြေးများအား ကျေးဇူးတုံ့ဆပ်လေ့ရှိသည်။

တစ်ခါတစ်ရံ မျိုးဆက်သုံးခုမြောက်ကျမှ ကျေးဇူးတုံ့ဆပ်ခြင်းမျိုးလည်း တွေ့ရတတ်သည်။ ဥပမာ (အေ) က (ဘီ)အား ကျေးဇူးပြုကူညီခဲ့သည်။ (အေ)၏သား (အီး)ကို ဘီ၏သား (အက်ဖ်) ကလည်း ကျေးဇူးတုံ့ဆပ်ခြင်းမပြုနိုင်ခဲ့ပါ။ အေ၏မြေး (ဂျီ) ကို ဘီ၏မြေး (အိတ်ရှ်) လက်ထက်ကျမှ ကျေးဇူးတုံ့ဆပ်ခြင်းမျိုးဖြစ်သည်။ ရှေးခေတ်က ထိုသို့ထူးဆန်းစွာပင် မှတ်မှတ်သားသားပြုကာ ကျေးဇူးတုံ့ဆပ်ခဲ့ကြသော ဓလေ့မြတ်ကို ချီချင်းတို့ ကျင့်သုံးလာခဲ့ကြပါသည်။ မူရင်းဓလေ့အရ ကျေးဇူးပြုသူတို့သည် မိမိတို့ ကျေးဇူးပြုမှုအတွက် အဖိုးအခသဘောမျိုး တုံ့ပြန်ရယူရန် တောင်းဆိုခြင်းမပြုခဲ့ကြသကဲ့သို့ ကျေးဇူးစားတို့ကလည်း ကျေးဇူးကို ဖျောက်ဖျက်ပစ်ခြင်းမရှိခဲ့ကြသည်ကို မှတ်တမ်းများအရသိရှိရပါသည်။

သို့သော် အလိုဆိုးရှိသူအချို့သည် ထိုဓလေ့ကို အလွဲသုံးစားပြုကြသည်ဟု ဦးလိန်းနိုင်းက ပြောပြ၏။ အလွဲသုံးစားပြုပုံမှာ ကျေးဇူးပြုသူတို့သည် မိမိတို့ကျေးဇူးပြုမှုအတွက် အဖိုးအခသဘောမျိုး တုံ့ပြန်ရယူရန် မသိမသာတောင်းဆိုကြသကဲ့သို့ ကျေးဇူးစားတို့ကလည်း ကျေးဇူးကို မသိမသာဖျောက်ဖျက်ပစ်ခြင်းပင်ဖြစ်သည်။

စာရေးသူငယ်စဉ်က ဖခင်ကြီးနှင့်အတူ ကန်ပက်လက်မြို့သို့ သွားရာ ရွာတစ်ရွာတွင် ဝင်နားကြ၏။ ထိုရွာရှိ မိသားစုတစ်စုသည် စာရေးသူတို့အား သူတို့အိမ်တွင် ညအိပ်ရပ်နားစေပြီး ကြက်သတ်ခေါင်ထိပ်ပေးကာ အထူးပင်ဧည့်ခံကျွေးမွေးကြသည်။

အကြောင်းမှာ သူတို့ဖခင် (ကွယ်လွန်)ရှိစဉ်က တောလိုက်ရင်း လူကိုပစ်ခတ်မိရာ ပြန်အသတ်ခံရမည်ဟု ခြိမ်းခြောက်ခံရ၏။ စာရေးသူ၏ဖခင်မှာ ထိုစဉ်က ရလကဥက္ကဋ္ဌ (သူကြီး)ဖြစ်ရာ အောင်တမန်များလွှတ်ပေးကာ လျော်ကြေးပေး ကျေအေးစေ၏။ ရွှေနားဘက်များလည်း ချေးငှားပေး၏။ နောင်တွင် ရွှေနားဘက်များပြန်ရ၏။ ထိုကျေးဇူးကို သားမြေးများက တုံ့ဆပ်ကြခြင်းဖြစ်သည်။

(၂) ရန်ကြွေးအတွက် တုံ့ပြန်ခြင်း သို့မဟုတ် လက်တုံ့ပြန်ခြင်းဓလေ့တွင် လက်စားချေခြင်းသည် ချီချင်းတို့၏ အတိတ်ကာလက အထူးထင်ရှားသော ဓလေ့ထုံးစံတစ်ခုဖြစ်ပါသည်။ ထိုဓလေ့၏ဆိုးကျိုးကို အချို့လူမျိုးခြားတို့က ဝေဖန်ပုတ်ခတ်မှု အလွန်ကြီးမားခဲ့ပေသည်။ ယခုတိုင်အောင် ထိုဓလေ့ကို လက်ခံသူ ချီချင်းများအရေအတွက် အတန်အသင့်ရှိနေသည်ဟု ကြားသိရသော်လည်း ချီချင်းအများစုကမူ လက်တွေ့ကျင့်သုံးမှု အလွန်အားနည်းသွားပြီဖြစ်သည်။

လက်စားချေခြင်းဓလေ့သည် ယခုခေတ် အခြေအနေအချိန်အခါအရ လိုလားနှစ်သက်အပ်သောဓလေ့ဟု မဆိုလိုပေ။ သို့သော်လည်း အတိတ်ကာလက ထိုဓလေ့ လက်ခံကျင့်သုံးခဲ့ကြခြင်း၏ ရည်ရွယ်ချက်အစစ်အမှန်ကို လေ့လာသိရှိအပ်ပေသည်။

ထိုဓလေ့ကျင့်သုံးရာ၌ လုပ်နည်းလုပ်ဟန် မှားယွင်းသည်ဟု ယခုခေတ်အမြင်အရ ဝေဖန်ကြမည်ဖြစ်သော်လည်း ယခင် ဘိုးဘေးခေတ်ကမူ ထိုဓလေ့ကျင့်သုံးရခြင်း၏ ရည်ရွယ်ချက်အစစ်အမှန်မှာ တရားမျှတမှုကို မိမိနည်း မိမိဟန်ဖြင့် ထိန်းသိမ်းကာကွယ်လိုခြင်းဖြစ်ပေသည်။ မိမိတို့၏ ဖသားမျိုးနွယ် သို့မဟုတ် မိမိတို့မိသားစုကို တစ်စုံတစ်ရာ ကြီးကြီးမားမား အနိုင်ကျင့်စော်ကားလာပါလျှင် နောင်အခါ ထိုအနိုင်ကျင့်စော်ကားမှုများ ထပ်မံဖြစ်ပေါ်မလာစေရန်အတွက် လက်စားချေခြင်းဖြစ်ပေသည်။

တစ်နည်းအားဖြင့်ဆိုရသော် ဧကန်အမှန်လက်စားချေ တုံ့ပြန်လာမည်ကို သိထားသူအဖို့ တစ်ပါးသူအား ကြီးကြီးမားမား အနိုင်ကျင့်စော်ကားဝံ့မည်မဟုတ်ပေ။ ကံနှင့် ကံ၏အကျိုးပေးသည် အချိန်မဆိုင်းဖြစ်ပေါ်လာသကဲ့သို့ ထင်မှတ်ဖွယ်ရာရှိပေသည်။

ထိုဓလေ့တွင်လည်း သား မြေး မြစ် တီ တွတ် အထိ ထိုရန်ကြွင်းကို ယူသွားလေ့ရှိကြသည်။ အောင်တမန်များက ဖျန်ဖြေညှိနှိုင်းပေးသောကြောင့် ပေးလျော်မှုများဖြင့် ကျေအေးငြိမ်းချမ်းသွားခြင်းမျိုးလည်းရှိပေသည်။ မြီကြွင်း၊ မီးကြွင်း၊ ရန်သူကြွင်း အကြွင်းမထားရာဟု လောကနီတိတွင်ပါရှိ၏။ (မြီ = ကြွေးမြီ)

ရှေးခေတ် ချီချင်းတို့ ကျင့်သုံးခဲ့ကြသော လက်စားချေခြင်းကို ရန်ကြွေးအတွက် လက်တုံ့ပြန်မှုအဖြစ် ကျင့်သုံးခဲ့ကြ၏။ ဤသည်ကို အများက သိကြပါသော်လည်း ကျေးဇူးတရားအတွက် လက်တုံ့ပြန်ခြင်းကိုမူ လူသိနည်းလှပေသည်။

ယဉ်ကျေးမှုဓလေ့များ ပေါင်းဆုံလာပြီး ဥပဒေအရ ကျင့်သုံးမှုများများလာသောအခါ ချီချင်းတို့၏ လက်တုံ့ပြန်ခြင်းဓလေ့များလည်း အားနည်းမေးမှိန်လာမည်ဟု မှန်းဆရပါကြောင်း မှတ်တမ်းပြုဖော်ပြအပ်ပါသည်။ ။

# မန္တလေးက ကြေးပိဿာချိန် သုံးထောင်ကျော်ရှိ ငြိမ်းချမ်းသာယာကြေးစည်တော်

မောင်ဓာတု

ကြေးစည်သည် ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးဆိုင်ရာ ပစ္စည်းတစ်ခု ဖြစ်သည်။ ကြေးစည်သံ တဝေဝေကြားလျှင် သာဓုခေါ်ကြ၏။ ကုသိုလ်ဒါန ပြုသမျှကို ၃၁ ဘုံသားတို့ ထပ်တူရကြပါစေဟူသော စေတနာဖြင့် ကြေးစည်တီး၍ အလှူရှင်က အမျှဝေသည်။ ကောင်းမှုဒါနတစ်ခုခုအတွက် ကြေးစည်သံပေးကာ ကုသိုလ်ပြုနိုင်ပါပြီဟုဆော်ဩသည့် နိဗ္ဗာန်ဆော်လည်းဖြစ်သည်။

ကြေးပိဿာချိန် သုံးထောင်ကျော်ရှိ အကြီးဆုံးသော ကြေးစည်တော်ကြီးကို မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်ဘုရားကြီး ပရိဝုဏ်အတွင်း အနောက်မြောက်ဘက်တွင် အုတ်ပြာသာဒ်ဖြင့် တွေ့ရသည်။ “ငြိမ်းချမ်းသာယာ (မူလသတ်ပုံ၌ ညိမ်းချမ်းသာယာ)”ဟု အမည်ပေးထားပြီး ကြေးပိဿာချိန် ၃၂၆၄ ပိဿာရှိသည်။ ထိုကြေးစည်ကြီးကို အောင်ကျော်ဒေဝါနှင့် အောင်ကျော်ဇေယျာဟု အမည်ရသော နတ်ရုပ်နှစ်ခု (နတ်နှစ်ပါး)က ရှေ့နောက် ထမ်းပိုးထားသည်။



မြန်မာသက္ကရာဇ် ၁၃၂၉ ခုနှစ် ကဆုန်လပြည့်နေ့တွင် ကြေးစည်သွန်းလောင်းမှုပြီးစီးသဖြင့် ယနေ့ဆိုလျှင် နှစ်ပေါင်း ၅၆ နှစ်ကြာခဲ့ပြီဖြစ်သည်။ အလျား ၁၀ ပေ၊ အမြင့် ခုနစ်ပေ ငါးလက်မ၊ ခေါင်းပိုင်းဒု ခုနစ်လက်မနှင့် ခါးလယ်ဒု ရှစ်လက်မ ရှိသည်။ ကြေးစည်၏ မျက်နှာတစ်ဖက်စီတွင် ကနုတ်ပန်းများရေးခြယ်ထားပြီး နေနှင့်လကို ကိုယ်စားပြုသော နေစကြာ (ဒေါင်းမင်း)၊ လစကြာ (လမင်း)ပုံ ရေးထိုးထားသည်။ နတ်နှစ်ပါးမှာ အောင်ကျော်ဒေဝါ(ကြေးပိဿာချိန် ၁၂၇၄ ပိဿာ) နှင့် အောင်ကျော်ဇေယျာ (ကြေးပိဿာချိန် ၁၂၃၄ ပိဿာ)တို့ဖြစ်ပြီး အရပ်အမြင့်မှာ ၁၅ ပေ ၅ လက်မစီရှိသည်။

“ဒီနေ့ခေတ်မှာ ကြေးပိဿာချိန်ရာချီတဲ့ ခေါင်းလောင်းကြီးတွေ၊ မောင်းကြီးတွေကို အကြီးဆုံးဖြစ်အောင် သွန်းလုပ်လှူဒါန်းတာတွေရှိပေမယ့် အလေးချိန်ရာကျော်တဲ့ ကြေးစည်တောင် မတွေ့မိဘူး။ တစ်ခုတည်းသော ပြိုင်ဘက်မရှိ အကြီးဆုံးကြေးစည်ကြီးက ဘုရားကြီးမှာပဲရှိတယ်။ တခြားဘယ်မှာမှမရှိဘူး။ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ကျော်က တမ္ပဝတီက ကြေးသွန်းပညာရှင်တွေရဲ့ လက်ရာပေါ့” ဟု မန္တလေးမြို့ခံ ဦးဝင်းက ပြောသည်။

ကြေးသွန်းအတတ်ပညာဖြင့် ကြည့်လျှင် ကြီးမားသော ကြေးစည်သွန်းလောင်းခြင်းသည် ခေါင်းလောင်းကြီးများ သွန်းလောင်းသည်ထက် ပိုမိုခက်ခဲသည်။ ကြေးစည်ကြီးထားရှိလျှင် ကြေးစည်ကို တိုင်နှစ်တိုင်ဖြင့် ထားရှိသည်ထက် ကြေးစည်ထမ်းမည့်လူ သို့မဟုတ် နတ်ရုပ်ပါရှိမှသာ သင့်လျော်လျောက်ပတ်မည်ဖြစ်၍ ကုန်ကျမှုပိုများသည်။ ထိုအချက်နှစ်ခုကြောင့် အခြားသောဘုရား၊ ကျောင်းကန်များတွင် ကြီးမားသောကြေးစည် မတွေ့ရကြောင်း ရွှေမြန်မာကြေးသွန်းလုပ်ငန်းမှ ဦးဆန်း (မဟာမုနိဂေါပကအဖွဲ့ဝင်ဟောင်း)က သုံးသပ်သည်။

“မောင်းထမ်းဆိုတာရှိပေမယ့် တော်တော်ရှားတယ်။ မောင်းနဲ့ ခေါင်းလောင်းကြီးတွေက အထမ်းရုပ်မပါဘဲ တိုင်နှစ်တိုင်နဲ့ချိတ်ဆွဲထားလည်း သင့်တော်တယ်။ ကြေးစည်က ထမ်းသူမပါရင် သဘာဝမကျဘူး။ ကြေးစည်ကြီးကို အောင်ကျော်ဒေဝါနဲ့ အောင်ကျော်ဇေယျာနတ်နှစ်ပါးက ထမ်းထားတာဆိုတော့ သဘာဝကျပြီး ပြည့်စုံသွားတယ်”ဟု ၎င်းက ဆက်ပြောသည်။

ကြေးစည်တော်နှင့် နတ်နှစ်ပါးကို အလှူရှင်များက လှူဒါန်းကြသော ကြေးများနှင့် သွန်းလုပ်ခဲ့ရာ အသုံးပြုရန် သင့်လျော်သောကြေးများကိုသာ ရွေးချယ်သွန်းလုပ်သည်။ မသင့်သောကြေးများကို ဖယ်ရှား၍ ခက်ခက်ခဲခဲသွန်းလုပ်ခဲ့ရသည်။ ယနေ့တိုင် ခိုင်ခံ့တည်ရှိနေခြင်းက လေးစားဖွယ်ရာ မြန်မာမှုကြေးသွန်းအတတ်ပညာဖြစ်သည်။ တမ္ပဝတီရပ်မှ ကြေးသွန်းပညာရှင် ပန်းတည်းဆရာကြီး ဦးမြသောင်း (ဗန္ဓုလကြေးသွန်းလုပ်ငန်း)က သွန်းလုပ်ထုဆစ်ခဲ့သည်။ ထိုအချိန်က ခေတ်မီစက်ကိရိယာများ မပေါ်သေးချိန် လူအင်အား၊ ဉာဏအင်အားကို အဓိကထား အသုံးပြုခဲ့ရာ မျက်မှောက်ကာလအတွက် စံနမူနာတစ်ခုဟု ဆိုရမည်။

“သမိုင်းကိုပြန်ပြောရရင် အစပိုင်းမှာ နတ်ရုပ်တွေမပါဘူး။ ပြတိုက်ကုသိုလ်ရှင် ဦးအေး (ဂေါပကအဖွဲ့ဝင်ဟောင်း)တို့ဇနီးမောင်နှံက ပြတိုက်လုပ်ဖို့ သံဘင်းတွေစိုက်ပြီးချိန်မှာ သံဘင်းမှာ ကြေးစည်ချိတ်လို့ရနေပြီ။ အဲဒီအချိန်မှာ ကြေးစည်လောင်းတုန်းကပိုနေတဲ့ကြေးတွေနဲ့ ကြေးစည်ထမ်းတဲ့ နတ်ရုပ်ကြီးတွေ လုပ်ရင်ကောင်းမယ်ဆိုပြီး ဂေါပကအဖွဲ့က စိတ်ကူးရသွားတာပါ။ နတ်ရုပ်တွေကို ကြိုးစားပြီးလုပ်ပေးပါမယ်လို့ ကတိပြုခဲ့တယ်။ ကြေးစည်ကြီးကို အားနဲ့မာန်နဲ့ထမ်းတဲ့ နတ်ရုပ်ကြီးတွေ ဖြစ်လာတယ်”ဟု ကြေးသွန်းပညာရှင် ဦးမြသောင်း၏သားဖြစ်သူ ဦးနေဝင်းက ပြောသည်။

ကြေးစည်သွန်းလောင်းစဉ်က ခတ္တန်းရပ်က ကြေးကုန်သည် ဦးအိန္ဒနှင့် ကျောက်ဆစ်ပန်းတမော့ ဆရာကြီး ဦးကျော်မြတို့ ပါဝင်သည်။ ကြေးစည်တော်ပြတိုက်ကို ဘဏ္ဍာတော်မှ ကျခံရန်ဖြစ်သော်လည်း ကုသိုလ်ရှင် ဦးအေး+ဒေါ်အေး မိသားစုက လှူဒါန်းခဲ့သည်ဟု သိရသည်။ ကြေးစည်တော်ကြီးနှင့် နတ်နှစ်ပါးကို ကြေးသွန်းထုဆစ်ရန် ဂေါပကအဖွဲ့က မဟာမုနိဩဝါဒါစရိယဆရာတော်ကြီးများထံ လျှောက်ထားခွင့်ပန်ဆောင်ရွက်ခြင်းဖြစ်သည်။

ကြေးစည်ကြီးအပါအဝင် နတ်ရုပ်ထုလုပ်ရေး ပြင်ဆင်မှုနှင့် သွန်းလောင်းချိန်မှာ တစ်နှစ်ဝန်းကျင်ကြာမြင့်ခဲ့ပြီး မြန်မာသက္ကရာဇ် ၁၃၃၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်ပွဲကျင်းပခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် ဩဝါဒါစရိယဆရာတော် ဟံသာဝတီဆရာတော်ကြီးက မြန်မာနိုင်ငံနှင့် ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာပါစေ၊ တိုင်းနိုင်ငံဖွံ့ဖြိုးတိုးတက်ပါစေဟု ဆုတောင်းမင်္ဂလာပြု၍ တိုင်းပြည်အေးချမ်းသာယာရေးအတွက် နိမိတ်ဆောင်ကာ မဟာမုနိဂေါပကအဖွဲ့ အစီအမံဖြင့် “ငြိမ်းချမ်းသာယာ-ကြေးစည်တော်ကြီး”ဟု ကမ္ပည်းရေးထိုး အမည်ပေးခဲ့လေသည်။ ။

# တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းများ

တက္ကသိုလ်သျှင်ရတနာ

**လားဟူရိုးရာစကားထာ**

ဗညားနှင့် လင်္ဂမ်းအိမ်တို့ ကျောင်းအိပ်ကျောင်းစားဖြင့် ပညာသင်ကြားနေသည့် ဘုန်းတော်ကြီးကျောင်းသို့ တိုင်းရင်းသားမိသားစုတစ်စု ရောက်နေကြသည်။ သူတို့သူငယ်ချင်းနှစ်ယောက်သည် ရှယ်တူတိုင်းရင်းသားကလေးနှစ်ယောက် ပါရှိလာသည့်အတွက် အဖော်ရပြီဟူသည့်အတွေးက စိုးမိုးနေတော့၏။

နေ့လယ်ခင်းစာအံပြီး ဗညားနှင့်လင်္ဂမ်းအိမ်တို့ မှေးခနဲအိပ်ပျော်သွားစဉ် အသံတချို့ကြောင့် အိပ်ရာမှ လန့်နိုးသွားကြသည်။ ထိုအသံမှာ ညှော်သည် တိုင်းရင်းသားကလေးနှစ်ဦး၏ ငြင်းခုံပြောစကားသံပင်ဖြစ်သည်။ ညှော်သည်ဖြစ်နေသည့်အတွက် ဘာမျှမပြောတော့ဘဲ ဗညားနှင့် လင်္ဂမ်းအိမ်တို့ မျက်လုံးကို အသာမှေးထားရင်း ပတ်ဝန်းကျင်ကို အကဲခတ်နေလိုက်သည်။

အသက်အရွယ်အားဖြင့် ရှယ်တူလောက်ရှိမည်ဟု ယူဆရသည့် တိုင်းရင်းသားကလေးနှစ်ဦးကို မိဘနှစ်ပါးနှင့်အတူ အဘိုးဖြစ်ဟန်တူသူ အသက်ကြီးကြီးတစ်ဦးကိုလည်း တွေ့လိုက်ရသည်။ သူတို့၏ စကားသံများကား ကြားနေရပေမယ့် နားမလည်။

“လင်္ဂမ်းအိမ်ရေ ဟိုရှေ့က တိုင်းရင်းသားနှစ်ဦးက ငါတို့အရွယ်လောက်ပဲနော်”

“အေးလေ၊ ရှယ်တူတွေလောက်ဖြစ်မှာပါ။ ဘာလဲ မင်းကသူတို့နဲ့ကစားချင်လို့လား”

“မဟုတ်ပါဘူး။ သူတို့စကားကို ငါတို့ နားမလည်နိုင်ဘူးလေ။ စကားသံက ဝဲဝဲလေးနော်”

“ဟုတ်ပ့ါလင်္ဂမ်းအိမ်ရာ ဘယ်တိုင်းရင်းသားလဲတော့မသိဘူး။ နားစွင့်ကြည့်စမ်း၊ သူတို့အချင်းချင်း မေးလိုက်၊ ပြောလိုက်၊ ရယ်လိုက်နဲ့နော် နားထောင်ရတာတော့ အကောင်းသား”

ဗညားနှင့် လင်္ဂမ်းအိမ်တို့နှစ်ဦး အချင်းချင်းပြောနေရင်း ရှေ့နားက တိုင်းရင်းသားညီအစ်ကိုနှစ်ဦး အပြန်အလှန် ပြောဆိုရယ်မောနေကြသည်ကို နားစွင့်ကြည့်လိုက်ကြသည်။

“တေးဖာကိုင်း ... တေးဖာကော်လာဖေး ... အာမာဖေးလေး”

တိုင်းရင်းသားစကားသံကို ကြားနေရသည့်တိုင် ဗညားတို့နှစ်ဦးနားမလည်ကြ။ ဗညားက မနေနိုင်တော့သဖြင့် မနီးမဝေးတွင်ရှိနေသည့် အသက်ကြီးကြီး ဦးလေးကြီးတစ်ဦးကို မေးလိုက်သည်။

“အဘတို့က ဘာတိုင်းရင်းသားလဲခင်ဗျ”

“လားဟူတိုင်းရင်းသားပေါ့။ ရှေ့က ဆော့နေကြတာ ငါ့မြေးတွေလေကွာ”

“ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ။ သူတို့တွေက ကျွန်တော်တို့လောက်ပဲရှိဦးမယ်နော်”

“ဟုတ်တယ်လကွာ မောင်ရင်တို့အရွယ်ပဲ။ သူတို့ပြောနေကြတာကြားလား အဲဒါ လားဟူရိုးရာစကားထာဝှက်တမ်းကစားနေကြတာ”

လင်္ဂမ်းအိမ်တစ်ယောက် ဝမ်းသာသွားသည်။ လားဟူရိုးရာစကားထာဟု ဆိုလိုက်သဖြင့် စိတ်ဝင်စားမှုလည်း ပိုသွားရတော့သည်။

“ဩော် ဟုတ်ကဲ့ အဘ၊ ကျွန်တော်တို့ကို မြန်မာလို ရှင်းပြပေးနိုင်မလားခင်ဗျာ၊ ကျွန်တော်တို့ စိတ်ဝင်စားလို့ပါ”

“ရတာပေ့ါလကွယ်”

လားဟူတိုင်းရင်းသားဦးလေးကြီးက သဘောကောင်းစွာဖြင့် မြန်မာလိုအဓိပ္ပာယ်များကို ရှင်းပြပေးလေသည်။

“စောစောက သူတို့ချင်းပြောနေတာက ‘တေးဖာကိုင်း ... တေးဖာကော်လာဖေး... အာမာဖေးလေး’ လို့ပြောတယ်လေ၊ အဲဒါကို မြန်မာလိုပြောရရင် ‘တချို့က သွားနေကြပြီး တချို့က ပြန်လာနေကြတာ လမ်းမှာဆုံတွေ့ကာ ကိုယ့်ခရီးကိုယ်ဆက်သွားနေကြတဲ့ သတ္တဝါတွေက ဘာသတ္တဝါတွေလဲ’လို့ မေးထားတာပေ့ါ။ မောင်ရင်ကော အဲဒီအဖြေကို သိရဲ့လား”

လားဟူစကားဖြင့် လားဟူရိုးရာစကားထာတစ်ခု၏အမေးကို မြန်မာလို ပြန်လည်ရှင်းပြခြင်းဖြစ်ပြီး လင်္ဂမ်းအိမ်က စကားထာ၏အမေးကို မြန်မာလိုအဖြေအား ချက်ချင်းပင် ပြန်ဖြေပေးလိုက်သည်။

“မြန်မာလိုတွေးပြီး မြန်မာလိုဖြေရရင်တော့ ခရီးသွားသတ္တဝါတွေလို့ပဲ ဖြေမှရမှာပေ့ါ။ ခုပဲကြည့်လေ ကျွန်တော်တို့က ဒီမှာရှိနေကြပေမယ့် အဘတို့က ခရီးသွားဧည့်သည်တွေမဟုတ်လား”

“အေးလကွာ မောင်ရင်ပြောစကားကလည်း မမှားလောက်ပါဘူး။ လားဟူရိုးရာစကားထာရဲ့ အဖြေကတော့ လားဟူအခေါ် ‘ပူဝေ့’တဲ့။ မြန်မာလိုက ‘ပုရွက်ဆိတ်’ကိုပြောတာပေ့ါ။ ပုရွက်ဆိတ်တွေဟာ သူတို့ခိုအောင်းရာတွင်းတွေထဲကို သွားတဲ့ကောင်ကသွား၊ ပြန်တဲ့ကောင်ကပြန်နဲ့ အသွားအပြန်စီတန်းပြီး ရိက္ခာသယ်ဆောင်တာ တွေ့ဖူးတယ်မလား၊ အဲဒီသဘောတရားကို ပြောတာလေ”

ဗညားနှင့် လင်္ဂမ်းအိမ်တို့ကို လားဟူဦးလေးကြီးက ဂဃနဏရှင်းလင်းပြောပြရာ ဗညားတို့နှစ်ဦးသား သဘောတွေ့နေကြတော့၏။

“အိကလောခါဇော်ခကို ဟောအဲဖေး...အာမာဖေးလေး”

“အခုပြောလိုက်တာက မြန်မာအဓိပ္ပာယ်နဲ့ဆိုရင် ‘ရေချောင်းမှာ လေးခွနဲ့အကောင်ရှိတယ်။ အဲဒါ ဘာလဲ’ လို့မေးတာ။ မောင်ရင်တို့ကော ဖြေနိုင်ကြမလား”

“မဖြေနိုင်လောက်ပါဘူး အဘရယ်။ လားဟူရိုးရာစကားထာတွေက အဖြေကို မနည်းစဉ်းစားရတာ အတော်လေးခက်ခဲတယ်နော်”

လင်္ဂမ်းအိမ်က ခဏကြာစဉ်းစားပြီးမှ အဖြေရှာမရသဖြင့် ခပ်လေးလေးပြန်ပြောလိုက်ခြင်းဖြစ်သည်။

“အိုလကွယ် မောင်ရင်တို့ကလည်း ... မခက်ခဲလှပါဘူးရယ်၊ တို့ရိုးရာနဲ့တို့တော့ လွယ်ပါတယ်။ ‘ရေချောင်းမှာ လေးခွနဲ့အကောင်ရှိတယ်၊ အဲဒါဘာလဲ’ ဆိုတော့ကာ လားဟူအခေါ် ‘အာကျေရို’တဲ့။ မြန်မာလိုတော့ ‘ကဏန်း’ ပေ့ါ။ ကဏန်းကောင်ကို ပြောတာလေ။ မောင်ရင်တို့အရပ်မှာလည်း ရှိတာပဲဟာကို၊ ကဏန်းကောင်က လက်မထောင်နေတာဆိုတော့ လေးခွနဲ့တူတယ်လို့ ခိုင်းနှိုင်းပြီး စကားထာဝှက်တာပေ့ါကွာ”

“ဟုတ်ကဲ့ပါ အဘ။ လားဟူတိုင်းရင်းသားရိုးရာ သဘောသဘာဝအချို့ကို သိခွင့်ရလိုက်တော့လည်း လွယ်သလိုပဲနော်။ ကျေးဇူးအများကြီးတင်ပါတယ် ခင်ဗျာ”

ဗညားနှင့် လင်္ဂမ်းအိမ်တို့နှစ်ဦးသား လားဟူတိုင်းရင်းသားဦးလေးကြီးကို ကျေးဇူးစကားဆိုလိုက်ကြပြီး ဆက်လက်၍ မေးမြန်းရမည်မှာလည်း အားတောင့်အားနာဖြစ်လာသဖြင့် အဝေးတစ်နေရာသို့ မျက်လုံးလေးများကို ပို့ထားလိုက်သည်။ ပြီးမှ လားဟူတိုင်းရင်းသားဦးလေးကြီးကို နှုတ်ဆက်ကာ ဘုန်းကြီးကျောင်းအောက်ထပ်သို့ ဆင်းသွားကြလေတော့သည်။ ။

# သာယာဝတီဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၈၈ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု



**သာယာဝတီ မေ ၁၈**

သာယာဝတီအကျဉ်းထောင်မှ အကျဉ်းသား ၈၃ ဦး၊ အကျဉ်းသူ ငါးဦး စုစုပေါင်း ၈၈ ဦးအား ယမန်နေ့မွန်းလွဲ ၁၂ နာရီခွဲက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးကြောင်း သိရသည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးရာတွင် အကျဉ်းထောင်တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်နိုင်နှင့် ဝန်ထမ်းများ၊ သာယာဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝေယံမင်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူးတင်ယုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လွတ်ငြိမ်းခွင့်ပြုခြင်းခံရသူများကို ဆုံးမသြဝါဒစကားများ ပြောကြားပြီး ၎င်းတို့၏နေရပ်သို့ပြန်လည်ရောက်ရှိရေးအတွက် ထောင်လွတ်လက်မှတ်နှင့် ခရီးစရိတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကလေးမြို့ အကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၃၃ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ကလေး မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကလေးအကျဉ်းထောင်မှ အကျဉ်းသား အမျိုးသား ၃၁ ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ၃၃ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းကို ယမန်နေ့မွန်းလွဲ ၁၂နာရီခွဲက အဆိုပါအကျဉ်း ဦးစီးဌာန၌ ပြုလုပ်သည်။

ဦးစွာ ကလေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှစိုးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်ဝင်းတို့က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသားများအား ဆုံးမသြဝါဒစကား ပြောကြားသည်။

ထို့နောက် ကလေးအကျဉ်းထောင်မှလက်ထောက်ညွှန်ကြားရေးမှူး



ဦးအောင်မိုးဝင်းက အမှာစကားပြောကြားပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများအား ထောင်လွတ်လက်မှတ်နှင့် စားစရိတ်၊ ခရီးစရိတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ညောင်ဦးအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု



**ညောင်ဦး မေ ၁၈**

ညောင်ဦးအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသားနှင့် အကျဉ်းသူတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ညောင်ဦးအကျဉ်းထောင်ဝင်းရှိ ဓမ္မာရုံ၌ ပြုလုပ်သည်။

ဦးစွာ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား၊ အကျဉ်းသူများကို ဆုံးမသြဝါဒစကားပြောကြားပြီး ညောင်ဦးအကျဉ်းထောင် တာဝန်ခံအရာရှိ ဦးဝင်းဇော်မင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖတ်ကြားကာ တာဝန်ရှိသူများက လွတ်မြောက်ခွင့်ရရှိသူများအား ခရီးစရိတ်နှင့်ခံစားခွင့်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

ဒီပါလင်း

# မြင်းခြံဗဟိုအကျဉ်းထောင်မှအကျဉ်းသား အကျဉ်းသူ ၂၀ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**မြင်းခြံ မေ ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံဗဟိုအကျဉ်းထောင်အတွင်းရှိ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူ အကျဉ်းသား၊ အကျဉ်းသူ ၂၀ အား လွတ်ပေးခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက မြင်းခြံဗဟို အကျဉ်းထောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြင်းခြံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယရဲမှူးကြီး ဦးထွန်းမြက သြဝါဒစကားပြောကြားသည်။ ထို့နောက် မြင်းခြံအကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ချိုက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး



ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား၊ အကျဉ်းသူများအား ထောင်လွတ်လက်မှတ်၊ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံပြီးကြောင်း လက်မှတ်၊ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးလက်ကမ်းစာစောင်၊ ခရီးစရိတ်နှင့် စားစရိတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# စဉ့်ကိုင်မြို့နယ် ဘယ်လင်းအကျဉ်းဦးစီးဌာနမှ အကျဉ်းသား ၂၂ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**စဉ့်ကိုင် မေ ၁၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ဘယ်လင်းအကျဉ်းဦးစီးဌာန ကုန်ထုတ်စခန်းအမှတ် (၁ နှင့် ၂)မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူ အကျဉ်းသား ၂၂ ဦးတို့အား လွတ်ပေးခြင်းအခမ်းအနားကို ဘယ်လင်းကျေးရွာအုပ်စုအတွင်းရှိ အကျဉ်းဦးစီးဌာန အမှတ်(၁)ကုန်ထုတ်စခန်း အစည်းအဝေးခန်းမ၌ ယမန်နေ့ကကျင်းပသည်။

**ဆုံးမစကားပြောကြား**

ထိုသို့အကျဉ်းသားများ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာ ကုန်ထုတ်စခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်က လွတ်ငြိမ်းခွင့်အမိန့်ကို ဖတ်ကြား၍ တာဝန်ရှိသူများက လွတ်ငြိမ်းအကျဉ်းသားများကို ဆုံးမစကားများပြောကြားသည်။ အဆိုပါ ကုန်ထုတ်စခန်းတွင်ပြစ်ဒဏ်ကျခံနေစဉ် ရရှိခဲ့သည့်လုပ်အားအကျိုးခံစားခွင့်ငွေများထုတ်ပေးပြီး လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပြည်အကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၄၀ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပြည် မေ ၁၈**

ပြည်မြို့အကျဉ်းထောင်မှအကျဉ်းသား၊ အကျဉ်းသူစုစုပေါင်း ၄၀ အား ယမန်နေ့မွန်းလွဲ ၁ နာရီက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးကြောင်း သိရသည်။

ထိုသို့ လွတ်ငြိမ်းခွင့်ပြုပေးရာတွင် ပြည်ခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ ပြည်ခရိုင်နှင့်မြို့နယ် ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့မှတာဝန်ရှိသူများက လွတ်ငြိမ်းခွင့်ပြုခြင်းခံရသူများကို ဆုံးမသြဝါဒစကားများပြောကြားပြီး ၎င်းတို့၏နေရပ်ထံသို့ ပြန်လည်ရောက်ရှိရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေး ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လားရှိုးအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၁၁ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**လားရှိုး မေ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ လားရှိုးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသား၊ အကျဉ်းသူများအား လွှတ်ပေးသည့်အခမ်းအနားကို ယမန်နေ့မွန်းတည့် ၁၂ နာရီက လားရှိုးအကျဉ်းထောင်ဓမ္မာရုံ၌ ပြုလုပ်သည်။

အခမ်းအနားတွင် လားရှိုးခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းနှင့် ဒုတိယခရိုင်ရဲမှူး ရဲမှူးဝင်းသိန်းတို့က ဆုံးမသြဝါဒစကားများပြောကြားပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသား အကျဉ်းသူ ၁၁ ဦးအား လွှတ်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




# ဗန်းမော်မြို့၌ အကျဉ်းသား အကျဉ်းသူ ရှစ်ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ဗန်းမော် မေ ၁၈**

ကချင်ပြည်နယ် ဗန်းမော်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျ အကျဉ်းသားရှစ်ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ဗန်းမော်အကျဉ်းထောင်အတွင်းရှိ ရိပ်သာ၌ ကျင်းပခဲ့သည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးပွဲအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲဝင်းနှင့် ဗန်းမော်အကျဉ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအာကာတို့က ဆုံးမသြဝါဒစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# မီးခံရွှံ့စေးမြေအသုံးပြု၍ နှစ်ပေါင်း ၅၀ နီးပါးခန့် လုပ်ကိုင်လာသည့် မိရိုးဖလာ စကြာတံဆိပ် "လုံအိုး" ထုတ်လုပ်မှုလုပ်ငန်း

**တွေ့ဆုံမေးမြန်း-အေးမျိုးမျိုးစံ (ပြန်/ဆက်)၊ သတင်းဓာတ်ပုံ-ကျော်ထူးနောင်**

မြန်မာနိုင်ငံအတွင်းရှိ လူမျိုးတိုင်း၌ မိမိတို့၏ ကိုယ်ပိုင်ရိုးရာအနုပညာနှင့် လက်မှုပညာများစွာ ရှိကြပြီး တန်ဖိုးထားဂုဏ်ယူကြသည်။ ထိုသို့ တန်ဖိုးထားဂုဏ်ယူသကဲ့သို့ အသိဉာဏ်နဲ့ယှဉ်ကာ လက်ဆင့်ကမ်းထိန်းသိမ်းရန် လိုအပ်သည်ကိုလည်း သတိချပ်ရပါမည်။ ယနေ့ခေတ် ကမ္ဘာ့အရပ်ရပ်၌ နည်းပညာများ ဖွံ့ဖြိုးလာမှုနှင့်အတူ လက်မှုပညာလုပ်ငန်းများ ဆက်လက်ရပ်တည်ရန် ခက်ခက်ခဲခဲ ရုန်းကန်နေကြရသည်ကိုလည်း မြင်တွေ့နေရသည်။

မွန်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် အလားအလာကောင်းသည့် ဒေသထွက်ကုန်ကြမ်းများ ထုတ်လုပ်ခြင်း၊ တီထွင်ဆန်းသစ်မှုနှင့် အရည်အသွေးမြင့်ထုတ်ကုန်များအား ဈေးကွက်အတွင်း ယှဉ်ပြိုင်ထိုးဖောက်နိုင်မှုဖြင့် အလားအလာကောင်းများ ပေါ်ထွန်းလာစေရေး၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု အစီအစဉ်ဖြစ်မြောက်ရေးတို့ကိုလည်း ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရိုးရာလက်မှုပညာရပ်များ ထွန်းကားပြန့်ပွားရေးအတွက် လုပ်ငန်းဈေးကွက် အခိုင်အမာရရှိရေး၊ လုပ်ငန်းတိုးချဲ့နိုင်ရန်အတွက် လိုအပ်သည့် မတည်ရင်းနှီးငွေများ အစဉ်တစိုက်အားပေးကူညီဆောင်ရွက်လျက်ရှိသလို လက်ဆင့်ကမ်းထိန်းသိမ်းကြစေရေးအတွက်လည်း တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ဒေသထွက်ကုန်ကြမ်းဖြစ်သည့် မီးခံရွှံ့စေးမြေကို အသုံးပြု၍ ထုတ်ကုန်တစ်ခုအဖြစ် ထုတ်လုပ်နေသည့် စကြာတံဆိပ် လုံအိုးထုတ်လုပ်မှုလုပ်ငန်းမှာ နှစ်ပေါင်း ၅၀ နီးပါးခန့် လက်ဆင့်ကမ်း သယ်ဆောင်လာသည့် မိရိုးဖလာလက်မှုလုပ်ငန်းတစ်ခုဖြစ်သည်။ မိရိုးဖလာလုပ်ငန်းဖြစ်သောကြောင့် နာမည်ပျက်မရှိစေရန် အစဉ်တစိုက် အရည်အသွေးကို ထိန်းသိမ်းပြီး ဝယ်ယူသူများ အကောင်းဆုံးသုံးစွဲနိုင်စေရေး မျှော်မှန်း၍ စေတနာထားလုပ်ကိုင်ခြင်းကြောင့် ကာလကြာရှည်တည်မြဲကာ ဈေးကွက်အခိုင်အမာ ရရှိထားသည့် လက်မှုလုပ်ငန်းတစ်ခုလည်း ဖြစ်သည်။ အဆိုပါ လုံအိုးထုတ်လုပ်နေမှုနှင့် စပ်လျဉ်း၍ ဘီးလင်းမြို့ ကန်သာယာရပ်ကွက်မှ လုံအိုးလုပ်ငန်းရှင် ဦးမျိုးခိုင်နှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ပါသည်-

**မေး။ ။ လုံအိုးလုပ်ငန်း စတင်ဖြစ်ခဲ့ပုံလေးကို သိပါရစေ။**

**ဖြေ။ ။** ကျွန်တော်တို့ မိဘလက်ထက် လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၇ နှစ်လောက်ကတည်းက စပြီးလုပ်ကိုင်ခဲ့တာဖြစ်တဲ့အတွက် မိရိုးဖလာလုပ်ငန်းတစ်ခုအနေနဲ့ ယနေ့အချိန်အထိ ဆက်လက်လုပ်ကိုင်နေတာပဲဖြစ်ပါတယ်။

**မေး။ ။ ကုန်ကြမ်းတွေဖြစ်တဲ့ ရွှံ့စေးမြေကို ဘယ်လိုမျိုးရွေးချယ်ရပါသလဲ။**

**ဖြေ။ ။** ကုန်ကြမ်းအဖြစ်အသုံးပြုတဲ့ ရွှံ့စေးမြေက ရိုးရိုးရွှံ့စေးမြေမျိုး မဖြစ်ရပါဘူး။ မီးခံရွှံ့စေးမြေမျိုးဖြစ်ရပါမယ်။ ကျွန်တော်တို့က လုပ်ငန်းအတွေ့အကြုံအရ မီးခံရွှံ့စေးမြေ ဟုတ်၊ မဟုတ်ဆိုတာကို အလွယ်တကူခွဲခြားသိနိုင်ပါတယ်။

**မေး။ ။ ဒီလိုမီးခံရွှံ့စေးမြေကို ဘယ်ကနေရရှိပါသလဲ။**

**ဖြေ။ ။** မီးခံရွှံ့စေးမြေရဖို့အတွက် ကိုယ်တိုင်ရှာယူရပါတယ်။ ဒီရွှံ့စေးမြေဟာဆိုရင် စမ်းချောင်းအောက် လူ့တစ်ရပ်အနက်မှာမှ တူးဖော်ရရှိနိုင်တာမို့ အလုပ်သမားတွေနဲ့တူးဖော်ပြီး ကားနဲ့သယ်ယူရပါတယ်။ ဘီးလင်းမြို့ ရေဇလုပ်ကျေးရွာဘက်တွေမှာ ရရှိပါတယ်။

**မေး။ ။ လုံအိုးကို ဘယ်လိုနေရာမှာ အသုံးပြုပါသလဲ။**

**ဖြေ။ ။** လုံအိုးကို ရွှေပန်းထိမ်တွေ၊ ရွှေကျိုတဲ့နေရာမှာ အသုံးပြုတယ်။ သံ၊ သတ္တုတွေ သန့်စင်ဖို့ ကျိုတဲ့နေရာမှာ မီးခံအိုးအဖြစ်နဲ့လည်း အသုံးပြုပါတယ်။





**မေး။ ။ လုံအိုးလုပ်ကိုင်ပုံအဆင့်ဆင့်ကို ရှင်းပြပေးပါ။**

**ဖြေ။ ။** လုံအိုးလုပ်ဖို့အတွက် ပထမဆုံး ရွှံ့စေးခဲတွေကို အခြောက်လှန်းပြီး စက်နဲ့အမှုန့်ဖြစ်အောင် ကြိတ်ရပါတယ်။ ရလာတဲ့အမှုန့်တွေကို ဆန်ခါနဲ့အချောပြန်ဝိုင်းတယ်။ အဲဒီအမှုန့်တွေကို ရေနဲ့ ပြန်နယ်လိုက်တဲ့အခါမှာ ရွှံ့စေးရလာမယ်။ အဲဒီရွှံ့စေးတွေကို ညသိပ်နှပ်ထားပြီးတော့မှ ညီညာတဲ့အလုံးလေးတွေရရှိဖို့ ချိန်ခွင်နဲ့ ပြန်ချိန်တယ်။ ချိန်ပြီးသားအလုံးလေးတွေကို လုံတံလို့ခေါ်တဲ့ မိုမှာ သူ့နံပါတ်အရွယ်အစားအလိုက် ပထမအဆင့် ပုံကြမ်းရိုက်ရပါတယ်။ နည်းနည်းမာတဲ့အချိန်မှ ဒုတိယတစ်ပြန်ရိုက်တယ်။ အချောအနေနဲ့ တတိယတစ်ပြန်ထပ်ရိုက်ပြီး အပွင့်ဖော်တယ်။ တံဆိပ်တပ်တယ်။ ပြီးတော့နေပူလှန်းတယ်။ နေပူလှန်းလို့ ခြောက်သွားတော့မှ လုံဖုတ်တဲ့ဖိုထဲထည့်ပြီး မီးသွေးနဲ့ဖုတ်ရပါတယ်။ သူ့ကိုကျက်တဲ့အထိ ဖုတ်ရင် လေးနာရီလောက်ကြာပြီး အေးတဲ့အထိဆိုရင် တစ်ညအိပ်ထားရပါတယ်။ အေးသွားပြီဆိုရင် ဖိုထဲကနေထုတ်ပြီး တင်ပို့ရောင်းချလို့ရတဲ့ လုံအိုးလေးတွေရရှိမှာ ဖြစ်ပါတယ်။

**မေး။ ။ လုံအိုးအမျိုးအစား ဘယ်နှမျိုးလောက် ထုတ်လုပ်လဲဆိုတာ သိပါရစေ။**

**ဖြေ။ ။** ကျွန်တော်တို့ ထုတ်လုပ်တာကတော့ လုံအတိုနဲ့ လုံအရှည်ဆိုပြီး နှစ်မျိုး ထုတ်လုပ်ပါတယ်။ လုံအတိုမှာဆိုရင် အရွယ်အစား ၁၁ မျိုး ထုတ်လုပ်ပြီး လုံအရှည်မှာဆိုရင် အရွယ်အစား ၁၄ မျိုး ထုတ်လုပ်ပါတယ်။

**မေး။ ။ ဒီလုပ်ငန်းကို လုပ်သားဘယ်နှယောက်နဲ့ လုပ်ကိုင်နေလဲဆိုတာ သိပါရစေ။**

**ဖြေ။ ။** မိသားစု တစ်နိုင်တစ်ပိုင်လုပ်ငန်းဖြစ်တဲ့အတွက် မိသားစုဝင်နဲ့ ဆွေမျိုးမောင်နှမအားလုံး ၁၂ ဦးနဲ့ လုပ်ကိုင်ဆောင်ရွက်နေပါတယ်။

**မေး။ ။ လုပ်ငန်းလုပ်တဲ့နေရာမှာ ဘယ်လိုအခက်အခဲတွေရှိပါသလဲ။**

**ဖြေ။ ။** မိရိုးဖလာလုပ်ကိုင်ခဲ့တဲ့ လုပ်ငန်းဖြစ်တာမို့ အခက်အခဲတော့မရှိပါဘူး။ ကုန်ကြမ်းအတွက်လည်း အခက်အခဲမရှိပါဘူး။

**မေး။ ။ အသင့်ပြုလုပ်ထားတဲ့ လုံအိုးတွေကို ဘယ်ကို တင်ပို့ဖြန့်ချိလဲဆိုတာ သိပါရစေ။**

**ဖြေ။ ။** ပြုလုပ်ပြီးသား လုံအိုးတွေကို မွန်ပြည်နယ် မော်လမြိုင်မြို့၊ ကရင်ပြည်နယ် မြဝတီမြို့နဲ့ ရန်ကုန်မြို့ ကြည့်မြင်တိုင်ကမ်းနားဈေးတို့ကို အဓိကဖြန့်ချိပေးပို့ပါတယ်။

**မေး။ ။ ကုန်ပစ္စည်းဈေးနှုန်းထိန်းချုပ်မှု အခြေအနေက ဘယ်လိုရှိပါသလဲ။**

**ဖြေ။ ။** ဈေးနှုန်းအနေနဲ့က လက်မှုလုပ်ငန်းလည်းဖြစ်တယ်။ ကုန်ကြမ်းအနေနဲ့ကလည်း ဒေသထွက်ရွှံ့စေးမြေဖြစ်တဲ့အတွက် တခြားကုန်ပစ္စည်းတွေလို အတက်အကျမမြန်ပါဘူး။ ဒီနှစ်ဒီဈေးနဲ့ သတ်မှတ်တယ်ဆိုရင် နောင် နှစ်နှစ်၊ သုံးနှစ်ကြာလည်း ဒီဈေးပဲ။ နှစ်နှစ်တစ်ခါ သုံးနှစ်တစ်ခါလောက်မှသာ လုပ်အားခတိုးပေးရတဲ့အခြေအနေပေါ် မူတည်ပြီးမှ ဈေးနှုန်းအနည်းငယ်ပြောင်းလဲမှုရှိပါတယ်။

**မေး။ ။ ဒီလုပ်ငန်း ရေရှည်ခိုင်မြဲနေရခြင်းရဲ့ အဓိကအချက်က ဘာလဲဆိုတာသိပါရစေရှင့်။**

**ဖြေ။ ။** မိဘလက်ထက်က လုပ်ခဲ့တဲ့လုပ်ငန်းဖြစ်တဲ့အတွက် နာမည်မပျက်အောင် အရည်အသွေးကို ထိန်းသိမ်းတယ်။ သုံးစွဲသူတွေ အကောင်းဆုံးသုံးစွဲနိုင်ဖို့ အဓိကထားမျှော်မှန်းပြီး စေတနာထား လုပ်ကိုင်တယ်။ အဲဒါကြောင့် လုပ်ငန်းကို အကောင်းဆုံးလုပ်ဆောင်နိုင်တာဖြစ်ပါတယ်။

မွန်ပြည်နယ်တစ်ခုလုံးတွင် လုံအိုးလုပ်ကိုင်မှုမှာ ဘီးလင်းမြို့နယ်တွင် နှစ်ဦးသာရှိပြီး မိရိုးဖလာလက်မှုလုပ်ငန်းကို ဆက်လက်ထိန်းသိမ်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ။





ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။




၁၂-၄-၂၀၂၄ ရက်မှအဆက်

"နို့မို့ ခင်လေးနဲ့ကျွန်တော် အပြင်ထွက်ပြီး ကရဦးမှာ"

"အင်း. . .ဟုတ်ပါရဲ့၊ အဲလိုတော့လည်း ရက်စရာကြီးနော်"

ထိုအချိန်တွင် ပထမရသောအတွဲသည် ပရိသတ်၏တောင်းဆိုချက်အရ ယောက်ျားလေးကသီချင်းဆို၍ မိန်းကလေးက ကပြရ၏။

"မှုံရွှေရည် . . . ခိုင်မာလာနှင်းဆီ"

"ခင်လေး၊ ကတတ်လား"

ကျွန်တော်က စကားစရသည့် အခွင့်အရေးလေးကို လက်မလွှတ်နိုင်။ ခင်လေးဆိုသည့် အခေါ်လေးကို ဒုတိယမ္ပိ တွဲသုံးကြည့်၏။

"ဟင့်အင်း . . . ကတတ်ပါဘူး"

မဆိုးတော့၊ အခြေအနေသည် လုံးဝမဆိုးတော့။ ခင်လေးဆိုသည့် အသုံးအနှုန်း အတည်ဖြစ်သွားပေပြီ။

"ကဲ . . . ဒုတိယအစီအစဉ်အနေနဲ့ စောစောကတွဲထားတဲ့အတွဲအလိုက် ရှစ်တွဲစီမယ်၊ လေးစု စုမယ်။ ပြီးတော့ အစုလိုက်ပြိုင်ပွဲလုပ်မယ်။ တစ်ကနေ ရှစ်အထိ တစ်စု၊ ကိုးကနေ တစ်ဆယ့်ခြောက်အထိ တစ်စု၊ တစ်ဆယ့်ခုနစ်ကနေ နှစ်ဆယ့်လေးအထိ တစ်စု၊ ကျန်တာတစ်စု"

အစုလိုက်ထိုင်ရမည့်နေရာများကိုလည်း ဆက်ပြော၏။ ကံကောင်းထောက်မစွာ ကျွန်တော်တို့အစုထဲတွင် ပေါ်ဦးလည်းပါလာသည်။

"အစုလိုက်ပြိုင်ပွဲမှာ ပြိုင်ပွဲလေးမျိုးရှိပါတယ်။ တစ်က အားကစားပြိုင်ပွဲ၊ နှစ်က ဖျော်ဖြေမှုပြိုင်ပွဲ၊ သုံးက အလှပြိုင်ပွဲ၊ လေးက ရှာရှာဖွေဖွေစုစည်းလေဆိုတဲ့ပြိုင်ပွဲ။ အစုလိုက်အမှတ်ပေးမယ်။ ပထမရတဲ့အသင်း ဆုရမယ်။ ကဲ . . . ပထမပြိုင်ပွဲ စရအောင်"

ပျော်ပွဲစားအစီအစဉ်လုပ်သူများသည် ကတ်သီးကတ်သတ်လုပ်တတ်သူများ ဖြစ်၏။ ပထမအားကစားပြိုင်ပွဲဆိုသည့် ပြိုင်ပွဲများကို ကြည့်ပါဦး။

"အားကစားမှာ နံပါတ်တစ်ပြိုင်ပွဲက ဖားခုန်ပြိုင်ပွဲ။ တစ်စုကနေ ကိုယ်စားလှယ်တစ်ယောက်စီ လွှတ်ပါ။ လေးယောက်ပြိုင်မယ်"

အစုလိုက် ခေါင်းချင်းရိုက်ကုန်၏။

ကျွန်တော်တို့အစုတွင် ဓာတုဗေဒအဓိကမှ ဝင်းမြင့်ဆိုသူက -

"ကျွန်တော်လုပ်ပေးမယ်၊ ဘာမှမပူနဲ့။ ဒါမျိုး ကျွန်တော်ပိုင်တယ်" ဆိုပြီး တာဝန်ယူလိုက်သည်။

လေးယောက်တန်းစီပြီး တာလွှတ်လိုက်သောအခါ ဝင်းမြင့်ပင် ပထမရ၏။ မကြီးမငယ်အရွယ်တွေနှင့် ဖားခုန်ကြရာတွင် ကျန်သူများ အူနှိပ်နေကြ၏။

"နောက် နံပါတ်နှစ်ပြိုင်ပွဲက မျက်စိမှိတ်၊ ကြိုးတန်းခုန် အပြေးပြိုင်ပွဲ။ ခုနလိုပဲ ကိုယ်စားလှယ်တစ်ယောက်စီလွှတ်ပါ"

ကျွန်တော်တို့ထဲက ဝင်းမြင့်ပင်ထွက်၏။

ခေါင်းဆောင်လုပ်သူက အရင်ဆုံး ကြိုးတန်းသုံးတန်းကို အပ်ချည်ကြိုးဖြင့် တန်းပြ၏။

"ကဲ . . . ခုကတည်းက ခင်ဗျားတို့ ကြိုးနေရာတွေ၊ ကြိုးရဲ့အမြင့်တွေ မှတ်ထားပါ။ ပြိုင်ပွဲစတဲ့အချိန်မှာ ဘေးကဝင်ပြောရင် ပြောတဲ့အသင်း အရှုံး"

ကြိုးသုံးကြိုးကို တစ်လံကွာလောက်စီမှာ ကြိုးတန်းနေရာနှင့် အမြင့်များကိုချိန်၍ ခုန်ကြည့်နေသည်။

"ကဲ . . . မျက်စိတွေပိတ်မယ်"

ခေါင်းဆောင်က အချက်ပေးလိုက်သည့်အခါ ပြေးမည့်သူများကို မျက်နှာအဝတ်စည်းလိုက်၏။

ထို့နောက် သုံးပတ်စီ လှည့်လိုက်ပြီး ပြေးရမည့်နေရာတည့်တည့် ဦးတည်ပေးလိုက်၏။

"ပြေးတော့"

ရှိခနဲ ဝီစီသံနှင့်အတူ လေးယောက်သား ကိုယ့်အကြံနှင့်ကိုယ် ပြေးတော့၏။

ဘေးလူများ တဝါးဝါးနှင့် ပွဲကျနေကြသည်။

တစ်ယောက်ကတော့ သူ့ကို ညာတာပါတေးလုပ်ထားသည်လား မသိ။ နောက်ဘက်သို့ မာန်ပါပါနှင့် ပြန်လှည့်ကာ ဘာမှမရှိသောဘက်သို့ လေး၊ ငါးလှမ်း ပြေးလိုက်၊ လှမ်းခုန်လိုက်၊ ကိုးရိုးကားရားဟန်ကျနေ၏။

ခင်လေးမှာ ရယ်ရလွန်းသဖြင့် မျက်နှာလေးပင်နီနေသည်။

ကျန်သုံးယောက်ကတော့ တည့်တည့်ပြေး၏။

သို့သော် သူတို့ဖြစ်နေပုံကလည်း ရယ်နေရသည်။

တာလွှတ်လိုက်ပြီဆိုကတည်းက ကြိုးတန်းကိုင်ထားသူများက ကြိုးများရုပ်လိုက်ပြီး ဘာမှတားမထားတော့။

ဘာမှမရှိသည့် ကြိုးများကို မမြင်မကန်းနှင့် အားရပါးရခုန်ပြီး လဲသူလဲ၊ ဘေးချော်သူချော်နှင့် ဖြစ်နေကြသည်။

ဤပွဲမှာ ဘယ်သူမှ ပန်းမဝင်နိုင်။ တစ်ယောက်က ဆွမ်းတော်စွန့်သည့် အုတ်ခုံကြီးကို ဝင်တိုက်၏။ တစ်ယောက်က ကောင်မလေးအုပ်စုထဲ ဝင်တိုးသဖြင့် အော်သံများ ဆူညံသွားသည်။ ဝင်းမြင့်က ချာလည်ချာလည်နှင့် အုတ်နံရံဝင်တိုက်၏။

တကယ့်ကို ရီးသားစွာပျော်ရခြင်းအစစ်။

ခင်လေးက ရယ်ရလွန်းသဖြင့် ဝဲလာသော မျက်ရည်များကို လက်ကိုင်ပဝါအဝါလေးဖြင့် တို့၍နေသည်။

"ဒုတိယအစီအစဉ် စပါမယ်။ အဲဒါက ဖျော်ဖြေမှုပြိုင်ပွဲ။ ခုချက်ချင်းပေါ်လာတဲ့ အစီအစဉ်တစ်ခုစီဆွဲပြီး တစ်ဖွဲ့ကိုတစ်ခု၊ ကျန်တဲ့အဖွဲ့တွေ ပရိသတ်ကိုဖျော်ဖြေပါ။ ဖျော်ဖြေမှုအကောင်းဆုံးအဖွဲ့ ရွေးပြီး အမှတ်ပေးပါ့မယ်"

ကျွန်တော်တို့အဖွဲ့မှာ နံပါတ်လေးအဖွဲ့ဖြစ်၍ နောက်ဆုံးမှပြိုင်ရမည်ဖြစ်ရာ ကျန်အဖွဲ့များ၏အခြေအနေကို တွက်နိုင်သဖြင့် တစ်ပန်းသာသွားသည်။ ပိုဟန်ကျသည်က အကော်ဒီယံပါသော ပေါ်ဦး ကျွန်တော်တို့အဖွဲ့ထဲ ရောက်နေခြင်းပင်။

ကျန်အဖွဲ့များမှာ တူရိယာပစ္စည်းလည်း မပါ၊ တိုက်ထားသူလည်း မရှိသူ၊ ရှိသည့်သူများကလည်း နောက်ပိုင်းအစီအစဉ်မှာ ဆိုရန် ချန်ရဦးမည်ဖြစ်ရာ ကျွန်တော်တို့အဖွဲ့ကို မမီ။

ကျွန်တော်တို့အဖွဲ့အလှည့် ရောက်သောအခါ ပေါ်ဦးက ထောင်ပေး၏။

"ဟော့ကောင် . . . မင်းဆို၊ ငါတီးမယ်"

ကျွန်တော်က မျက်လုံးပြူး၍ ခေါင်းခါပြီး -

"ဟာ . . . မဟုတ်တာကွာ၊ မလုပ်ပါနဲ့။ မင်းဘာသာမင်း ဆိုတီးလုပ်ပါ"

အမှန်တော့ ကျွန်တော် မဆိုတတ်၍မဟုတ်။ ပေါ်ဦးနှင့် ကျွန်တော်က တစ်ခန်းတည်းအတူနေရ၍ သူအတီး ကိုယ်အဆိုနှင့် ဟန်ကျနေပြီးသား။ သူကလည်း ကျွန်တော့်အဆိုနှင့် သဘောကျသည်။

သို့သော် ခုပွဲမှာ ကျွန်တော် မဆိုရဲ။ ခင်လေးရှိနေသည်ဆိုသော အသိနှင့် ကျွန်တော် ရှက်ရွံ့နေမိသည်။

သို့သော် . . . သို့သော် . . .

"ဟာ . . . မင်းနဲ့မှ ဖြစ်မှာကွ။ မင်းနဲ့ငါက တီးနေကျ၊ ဆိုနေကျ"

ကျွန်တော် ခေါင်းခါဆဲ -

"ဟုတ်သားပဲ ဆိုစမ်းပါ၊ ခင်လေးလည်း နားထောင်ချင်တယ်"

ကျွန်တော်နှင့် ပေါ်ဦး ငြင်းခုံနေခြင်းကိုကြည့်၍ ခင်လေးက ဝင်ပြောသည်။

ကဲ. . . ကျွန်တော် ဘာတတ်နိုင်ဦးမည်နည်း။ ခင်လေးလိုချင်သည်ဆိုလျှင် သမဝါယမက ခွဲတမ်းပစ္စည်းတောင် ဈေးပို၍ပေးပြီး အပြင်ကဝယ်ပေးမည်မဟုတ်လား။

"ကျွန်တော်တို့အဖွဲ့မှာ ကျွန်တော် ပေါ်ဦးက အကော်ဒီယံတီးပြီး ကျွန်တော့်သူငယ်ချင်း ထွန်းဝေက သီချင်းဆိုပါ့မယ်။ သူဆိုမယ့်သီချင်းက ကိုယ်ထူးကိုယ်ချွန်တဲ့"

"ဟာ . . . ဒီကောင် ဘယ်လိုလုပ်လိုက်တာလဲဟု စိတ်ထဲက ထောင်းခနဲဖြစ်သွား၏။ ကျွန်တော်ကတော့ ခင်လေး နားထောင်ချင်သည်ဆိုသဖြင့် ခပ်ရိရိခံစားမှုသီချင်းလေး ဆိုမလား စိတ်ကူးထားသည်။ မေ့ပါနိုင်တို့၊ ပန်းပုသူဇာတို့ စသဖြင့် . . .။ သူက အသားလွတ် ဝင်၍ဖျက်သည်။

ကျွန်တော့်ခေါင်းထဲ မကြည်မလင် ဖြစ်နေချိန်တွင် ပေါ်ဦးက အတောစ၍ တီးနှင့်ပြီ။ မတတ်နိုင်တော့၊ အလိုက်သင့်ပင် ဝင်ဆိုရတော့သည်။

"ယောက်ျားကောင်း အတောင်နှစ်ဆယ်ဆိုတာ . . . ကောင်းကင်ကကြယ် မလွတ်စတမ်းသာ . . . ဝီရိယ လုံ့လကိုသာ . . . ထာဝစဉ်ရှိဖို့ သတိယှဉ်ပါ . . . အထက်ကိုချိန်ကာ . . . ဝတီးသာခေါင်ထိပ် . . . မောင့်စိတ်တံခွန်တလူလူဖြာ . . . သူများအားကိုး ခါးကျိုး နာလံမထူ . . . တကယ့်လူဆိုတာ . . . အတ္တာဟိ အတ္တနော နာထော . . . မိမိကိုယ်သာ ကိုးကွယ်ရာ"

အစတုန်းက မစဉ်းစားမိသော်လည်း ဆိုရင်းဆိုရင်းနှင့် ခံစားမှုလေးတွေ ဝင်လာသည်။ မျက်စိထဲတွင် ခင်လေးစီးလာသော ကားလေးကို မြင်ယောင်လာသည်။ ရွာမှ အမေ့ကုန်စုံဆိုင်လေးကို မြင်ယောင်လာသည်။ ပြီးတော့ ခင်လေးကိုယ်ပေါ်မှ အဖိုးတန်ပစ္စည်းများ၊ ကျွန်တော့်ကိုယ်ပေါ်မှ တစ်ခုတည်းသော လူစဉ်မီဝတ်စုံလေး။

ရင်ထဲမှာ လှုပ်ရှားလာသည်။ ထို့ကြောင့် ဆိုရသော စာသားများမှာလည်း အသက်ဝင်လာ၏။

"ကဲ ဉာဏ်ကိုယုံကြည်စွာ . . . ကိုယ့်ကိုယ်ကိုယ်အားကိုးကာ . . . လိုရာကိုစိတ်ကူးကာ . . . အောင်လမ်းကိုတွေ့အောင်ရှာ"

အမှတ်မထင် ခင်လေးမျက်နှာကို လှမ်းကြည့်လိုက်၏။ ကျေနပ်သောအပြုံးလေးနှင့် ကြည့်နေသော အကြည့်လေးမှာ တစ်ကမ္ဘာလုံးက အားဆေးများ စုထားသည်ထက်ပင် အစွမ်းထက်နေသည်။

"မမီတဲ့ပန်းလို့ လောကမှာမရှိသေး . . . မောင်တွေးကြံယူကာ တံချူနဲ့ချူရင် အလွယ်တကူပါ . . . အို အတ္တာဟိ အတ္တနော နာထော . . . မိမိကိုယ်သာ ကိုးကွယ်ရာ"

သီချင်းအဆုံးတွင် လက်ခုပ်သံများ ပေါ်လာ၏။

ကျွန်တော့်မျက်စိထဲတွင် ဘွဲ့နှင်းသဘင်ခန်းမကြီး မြင်လာသည်။

တက္ကသိုလ်တက်ရခြင်း ရည်ရွယ်ချက်တွင် နှလုံးသား၏ဆန္ဒကြောင့် ပိုလာသောအချက်လေးတစ်ချက်လည်း ကျွန်တော့်ရင်တွင် တိုးလာ၏။

ကိုယ်ကြိုးစားပါ့မယ် အချစ်ရယ် . . .။ အဲ . . . ခင်လေးရယ် . . .။

တတိယ ပြိုင်ပွဲကတော့ အလိုလိုနေရင်း နိုင်ပြီးသား ဖြစ်သွားသည်။

"ဒီပြိုင်ပွဲကတော့ အလှပြိုင်ပွဲမို့ တစ်ဦးစီ မပြိုင်တော့ဘူး။ ဒီအထဲမှာ 'ကွင်း' ရွေးမယ်။ အဲဒီ 'ကွင်း' ပါတဲ့အဖွဲ့ အမှတ်ရပါတယ်။ အားလုံးရွေးပေးပါ။ သာခုကန်မှာရွေးခဲ့တဲ့ အလှဘုရင်မတစ်ယောက်"

သည်အချက်ကတော့ အလိုလိုနိုင်သွားသည်။

**ဆက်လက်ဖော်ပြပါမည်။**

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ"စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

"ကျွန်တော်တို့အဖွဲ့ အလှည့်ရောက်သောအခါ ပေါ်ဦးက ထောင်ပေး၏။
"ဟော့ကောင် . . . မင်းဆို၊ ငါတီးမယ်"
ကျွန်တော်က မျက်လုံးပြူး၍ ခေါင်းခါပြီး -
"ဟာ . . . မဟုတ်တာကွာ၊ မလုပ်ပါနဲ့။ မင်းဘာသာမင်း ဆိုတီးလုပ်ပါ"
အမှန်တော့ ကျွန်တော် မဆိုတတ်၍မဟုတ်။ ပေါ်ဦးနှင့်ကျွန်တော်က တစ်ခန်းတည်းအတူနေရ၍ သူအတီး ကိုယ်အဆိုနှင့် ဟန်ကျနေပြီးသား။ သူကလည်း ကျွန်တော့်အဆိုနှင့် သဘောကျသည်။
သို့သော် ခုပွဲမှာ ကျွန်တော် မဆိုရဲ။
ခင်လေးရှိနေသည်ဆိုသော အသိနှင့် ကျွန်တော် ရှက်ရွံ့နေမိသည်။
သို့သော် . . . သို့သော် . . .
"ဟာ. . . မင်းနဲ့မှဖြစ်မှာကွ။ မင်းနဲ့ငါက တီးနေကျ၊ ဆိုနေကျ"
ကျွန်တော် ခေါင်းခါဆဲ-
"ဟုတ်သားပဲ ဆိုစမ်းပါ၊ ခင်လေးလည်း နားထောင်ချင်တယ်"

# မြန်အောင်၌ နှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

**မြန်အောင် မေ ၁၈**

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့၌ မြန်မာနှစ်ဆန်း တစ်ရက် ယမန်နေ့ နံနက်က ဧရာဝတီမြစ်အတွင်း ဇီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနားကို ပြည်တော်အေး ဘုရားအနီး ဧရာဝတီသဘော်ဆိပ်၌ ကျင်းပခဲ့သည်။




**ငါးလွှတ်ကုသိုလ်ပြု**

ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားသို့ မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး အောင်စိုး၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးမင်းမင်းစိုး၊ အဖွဲ့ဝင်(၂) ဦးမြင့်နိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြန်အောင်ခရိုင် ဦးစီးမှူး ဦးတင်မြိုင်၊ ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်း၊ မြန်အောင်ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်၍ ဇီဝိတဒါန ငါးလွှတ်ကုသိုလ်ပြုခဲ့ကြသည်။

**ကောင်ရေ ၂၀၀၀၀**

မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဧရာဝတီမြစ်အတွင်း ဇီဝိတဒါန ငါးလွှတ် ကုသိုလ်ပြုရာတွင် မြန်အောင်မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှ ခရိုင်အတွင်း ငါးသယံဇာတမျိုးများ ပျောက်ကွယ်မှုမရှိစေရန်၊ ငါးသယံဇာတ တိုးပွားစေရန်ရည်ရွယ်၍ ဟင်္သာတ ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးသားပေါက် ကောင်ရေ ၁၀၀၀၀၊ ရွှေဝါငါးကြင်း ငါးသားပေါက် ကောင်ရေ ၁၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂၀၀၀၀ အား ဧရာဝတီမြစ်အတွင်း ဇီဝိတဒါန ငါးလွှတ်ကုသိုလ် စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းဗိုလ်(မြန်အောင်)**

❖

# မတ္တရာမြို့နယ်၌ အန္တရာယ်ကင်း ပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ်ပူဇော်

**မတ္တရာ မေ ၁၈**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို မေ ၁၈ ရက် နံနက် ၇ နာရီမှ စတင်ခဲ့ကြောင်း သိရသည်။



**ရွတ်ဖတ်ပူဇော်**

ထိုသို့ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ရာတွင် အောင်မြေသုခကျောင်းတိုက်မှ စတင်၍ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်မှ မန္တလေး-မိုးကုတ်ကားလမ်း မြို့ရှောင်လမ်းပေါ်မှ ပတ်၍ မြို့တွင်း အမှတ်(၂)ရပ်ကွက်အတွင်းသို့ ပြန်လည်ဝင်ရောက်ကာ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးအတိုင်း စတင်ထွက်ခွာရာ ကျောင်းတိုက်အထိ ဆရာတော်ကြီးများက ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရသိန်းနှင့် အဖွဲ့ဝင်များက ဦးဆောင်၍မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်ဖြင့် ပရိတ်ရေများ ပက်ဖျန်းခြင်း၊ လူမှုရေးအသင်းအဖွဲ့များက ပရိတ်ရေနှင့် ပရိတ်သဲများအား ပြည်သူများသို့ပေးဝေခြင်းများဆောင်ရွက်ခဲ့ကြသည်။

အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲအပြီးတွင် အောင်မြေသုခကျောင်းတိုက်အတွင်း၌ ဆရာတော်ကြီးများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရသိန်းနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကန့်ဘလူမြို့၌ အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပူဇော်

**ကန့်ဘလူ မေ ၁၈**

တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို အစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် ၁၃၈၆ ခုနှစ် နှစ်သစ်ကူးချိန်ကာလဖြစ်သည့် မြန်မာနှစ်ဆန်းတစ်ရက်တွင် ကန့်ဘလူခရိုင် ကန့်ဘလူမြို့တွင် ဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များ၌ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ပွဲများတွင် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဆရာတော်၊ သံဃာတော်များထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြကာ အန္တရာယ်ကင်း ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများ နာယူကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သာပေါင်းမြို့နယ်၌ ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ

**သာပေါင်း မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ ဘုန်းကြီးကျောင်း ၃၄ ကျောင်းတို့မှ ဆရာတော်၊ သံဃာတော်၊ ရှင်သာမဏေ၊ သီလရှင်အပါး ၁၅၆၀ ကျော်တို့ မြို့တွင်းလှည့်လည် အပူဇော်ခံ ဆွမ်းဆန်တော်လောင်းလှူပွဲကို မြန်မာနှစ်ဆန်းတစ်ရက် (ဧပြီ ၁၇ ရက်)က ပြုလုပ်သည်။

ထိုသို့ ဆွမ်းဆန်တော် လောင်းလှူပူဇော်ပွဲကို အမှတ်(၃)ရပ်ကွက် ကန္နားလမ်းရှိ ဝိသုဒ္ဓါရာမ မြို့မကျောင်းတွင် စုရပ်ပြုပြီး မွန်းလွဲ ၂ နာရီခန့်မှ စတင်၍ ဆရာတော်၊ သံဃာတော်၊ ရှင်သာမဏေ၊ သီလရှင် အပါး ၁၅၆၀ ကျော်တို့က မြို့တွင်းလမ်းတိုင်းသို့ ကြွရောက်အပူဇော်ခံကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့် ဝန်ထမ်းမိသားစုများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှဝင်းနှင့် ရဲတပ်ဖွဲ့ဝင်မိသားစုများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များက ဆွမ်းဆန်တော်များနှင့် လှူဖွယ်အစုစုတို့ကို ပါဝင်လောင်းလှူပူဇော်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**


**ကျန်းမာရေးဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**

**ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်**

**လိုက်နာဆောင်ရွက်ရန်အချက်များ**

✪ အရိပ်ရ၍ အေးမြသောနေရာများတွင်သာ နေပါ၊
✪ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
✪ နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
✪ ရေများများသောက်ပါ။

**ရှောင်ကြဉ်ရန်အချက်များ**

❖ နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
❖ ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
❖ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
❖ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
❖ အရက်သေစာသောက်စားခြင်းကို ရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

❖ သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
❖ နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
❖ ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
❖ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ



**အများသိရှိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄) ရပ်ကွက်၊ မဟာဗောဓိလမ်း အိမ်အမှတ်- ၂ နေ ဒေါ်သီတာ [၁၂/ရကန(နိုင်)၀၄၈၉၂၇] (ဘ) ဦးကိုကိုကြီး၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဖခင် ဦးကိုကိုကြီးနှင့် မိခင်ဒေါ်မြင့်မြင့်တို့ ဆုံးပါးသွားပြီးနောက် သား/သမီး အရင်း (၄)ဦး (အရွယ်ရောက်ပြီးသူများ)ဖြစ်ကြသော ဦးစောညွန့်၊ ဦးနုအောင်၊ ဒေါ်နီလာ၊ ဒေါ်သီတာနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအဖြစ် - ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ မဟာဗောဓိလမ်း၊ ခြံအမှတ်- ၂ ဟုခေါ်တွင်သော အလျား x အနံ (၆၀x၉၀) (ခန့်မှန်းခြေ) မြေကျန်ရှိသည်တွင် အဆိုပါမြေအား အမွေဆိုင်များမှ အညီအမျှ ခွဲဝေရယူခြင်းမရှိသည့်အချိန် အတွင်း မည်သူတစ်ဦးတစ်ယောက်မျှ အမွေဆိုင်တစ်ဦးဦး၏ ရပိုင်ခွင့်အား ထိပါးနှောင့်ယှက်သည့် မည်သည့်ပြုလုပ်မှုကိုမဆို ကန့်ကွက်ပါကြောင်းနှင့် ကန့်ကွက်သည့်ကြားမှ တစ်နည်းနည်းဖြင့် နစ်နာမှုများဖြစ်ပေါ်စေခဲ့သော် အဆိုပါနစ်နာမှုများအတွက် တည်ဆဲတရားဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာ [၁၂/ရကန(နိုင်)၀၄၈၉၂၇]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ကျော်လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၈၂/၁၂-၁၀-၂၀၁၇)**
**အမှတ်-၁၂၂၄၊ ရော-၂၂လမ်း၊ ည/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-43073659**



**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ရွှေညောင်မြို့၊ အောင်မင်္ဂလာ (၂)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ အမှတ်(၇)တွင်နေထိုင်သော (ဦးခင်မောင်အေး) [၁၃/တကန(နိုင်)၀၃၂၁၇၈]-ဒေါ်မြတ်ညွှန့်ညွှန့် [၁၃/တကန(နိုင်)၀၃၂၁၇၉]၏သမီး မအေးမျိုးလတ်[၁၃/တကန(နိုင်)၀၀၂၃၂၄] သည် မိခင်ဖြစ်သူ၏ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား ဒေါ်မြတ်ညွှန့်ညွှန့်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြတ်ညွှန့်ညွှန့်**



**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၀ အေ၊ ၄၆ ဘီ၊ မြေကွက်အမှတ် (၈-အေ/၁၊ ၂-အေ ၂/၄) ပေါ်တွင် ဆောက်လုပ်နေသော Magical World Project Building အတွင်းရှိ Residential Unit , Tower- A, Level-3, Unit 12, အကျယ်အဝန်း ( 612.14)စတုရန်းပေရှိ ရေမီးအစုံ ကွန်ဒိုတိုက်ခန်းနှင့်တကွ ကားပါကင် (1) Unit အပါအဝင် အကျိုးခံစားခွင့်များ၏ နေထိုင်သုံးစွဲခွင့်ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ New World Development Corporation Ltd (၎င်း၏ကိုယ်စား ဒါရိုက်တာ- Lu Shao Xuan, PP No. EF 5967780)က အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေက ကြိုပွိုင့်အရစ်ကျစနစ်ဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက် စရန်ငွေအချို့ကို အရစ်ကျပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်၍ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်သူ၏ညွှန်ကြားချက်ဖြင့်-**
**ဒေါ်မရန်ဂျာဆိုင်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၅၅)**
**အမှတ်- ၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၀၇၅၁၃၄**

# နှစ်သစ်ကူးမင်္ဂလာဆုတောင်းမေတ္တာ

၁၃၈၆ ခုနှစ်တွင် ကျရောက်သော မြန်မာနှစ်ဆန်းနှစ်သစ်ကူး မင်္ဂလာအခါတွင် မြန်မာပြည်သူ ပြည်သားများ၊ CMA ဘိုးဘွားရိပ်သာ ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ CMA ဘိုးဘွားရိပ်သာ အလှူရှင်များ၊ ဘိုးဘွား ရိပ်သာနေ ဘိုးဘွားများ၊ ဝန်ထမ်းများအားလုံး စိတ်ချမ်းသာ လူကျန်းမာခြင်း နှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဥက္ကဋ္ဌနှင့်ကြီးကြပ်ရေးအဖွဲ့ဝင်များ
CMA ဘိုးဘွားရိပ်သာ၊ သန်လျင်မြို့


## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၁)၊ မြေကွက်အမှတ် (၁၄၉/ခ)၊ ဧရိယာ (၂၀ပေ x ၆၀ပေ)၊ (၀. ၀၂၇၅)ဧက၊ (၁၂၀၀)စတုရန်းပေ အကျယ်အဝန်းရှိ ဒေါ်သီတာယမင်းပြုံး အမည်ပေါက် နှစ်(၆၀) ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အမှတ်-၁၄၉/ခ၊ ဇေယျာဒီပ(၁)လမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မြေအမည် ပေါက်ပိုင်ရှင် ဒေါ်သီတာယမင်းပြုံးက လက်ဝယ်ထားရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ဒေါ်သီတာယမင်းပြုံး [၁၃/ကလန (နိုင်)၀၇၃၇၅၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးကိုကိုဇော် LL.B, W.I.P.O (Swit)** — **ဒေါ်နှင်းဇာခြည်မြင့် LL.B,D.B.L,D.M.L, D.L.L, D.I.P.L, W.I.P.O (Swit)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၇၆၂)** — **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၄၁)**

**အမှတ် (၆၂)၊ ပထမထပ်၊ အခန်း (၁၆)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း – ၀၉–၅၀၉၃၉၇၀၊ ၀၉–၂၅၄၅၄၆၃၆၅၊ ၀၉–၄၄၃၁၀၅၅၈၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ် (၆၉၄)၊ ဧရိယာ (၄၀ပေx၆၅ပေ)၊ (၀. ၀၆၀)ဧက၊ (၂၆၀၀)စတုရန်းပေ အကျယ်အဝန်းရှိ ဦးတိုးအောင်ကျော် အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် အမှတ်–၆၉၄၊ ငွေစင်(၄)လမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မြေအမည်ပေါက်ပိုင်ရှင် ဦးတိုးအောင်ကျော်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးမျိုးကျော်ကျော် [၅/စကန (နိုင်) ၁၇၄၄၀၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းစံကျောက်မဏီး [၁၃/တကန(နိုင်) ၂၀၅၂၄၈]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးကိုကိုဇော်** — **ဒေါ်နှင်းဇာခြည်မြင့်**

**LL.B, W.I.P.O (Swit)** — **LL.B,D.B.L,D.M.L, D.I.L, D.I.P.L, W.I.P.O (Swit)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၇၆၂)** — **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၄၁)**

**အမှတ် (၆၂)၊ ပထမထပ်၊ အခန်း (၁၆)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း – ၀၉–၅၀၉၃၉၇၀၊ ၀၉–၂၅၄၅၄၆၃၆၅၊ ၀၉–၄၄၃၁၀၅၅၈၃**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ (၅၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)အိုင်၊ မြေကွက်အမှတ် II ၈၂/၈၃/၈၄၊ အဆောက်အအုံအမှတ် ၂၂/၂၈ရှိ ၈ ၁/၂ ထပ် အဆောက်အအုံ၏အခန်း D–401၊ တတိယထပ် (၄–လွှာ) ယာ၊ အကျယ်အဝန်း (၃၀ပေ x ၅၈ပေ)ရှိ လူနေတိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူများဖြစ်သော ဦးကျော်ကိုဟိန်းအောင် (ဘ) ဦးတင်ထွဋ် [၁၂/မဂတ(နိုင်)၀၀၂၈၃၁]နှင့် ဒေါ်ဇာနည်စိုး(ဘ) ဦးစိုးနိုင် [၁၀/မဒန(နိုင်)၀၀၀၇၂၂]တို့က လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်း ကင်းရှင်းကြောင်းဝန်ခံပါသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်လှ [၁၂/ပဇတ(နိုင်)၀၃၂၀၀၉]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**

**ဒေါ်ရီရီဝင်း( LL.B )Q**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၃၄၈)**

**အမှတ်(၃၁)၊ သီရိမင်္ဂလာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၅၀၀၁၇၇၉၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ လူနေရပ်ကွက်အမှတ်–သမိုင်း၊ သာယာကုန်း ရှမ်းရွာလမ်း၊ မြေကွက်အမှတ်(၅၀)၏ မြေဧရိယာ(၀.၁၄၂)ဧကရှိ ဒေါ်အောင်စိန်လှ[၁၁/စတန(နိုင်)၀၄၂၅၅၉]အမည်ပေါက် နှစ်(၆၀)ဂရန် မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်သော ကွယ်လွန်သူ– ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်အောင်စိန်လှ၏ သား/သမီး များဖြစ်သည့် ဦးထွန်းအောင်ခင်[၁၂/မရက(နိုင်)၀၆၀၇၉၂]၊ ဒေါ်ခင်စန္ဒာ [၁၁/စတန(နိုင်)၀၀၂၀၅၄]နှင့် ဦးအောင်ထွန်းလှ[၁၁/စတန(နိုင်)၀၀၂၀၅၅]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါကဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂)** — **ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)**

**(LL.B,D.I.L)** — **(LL.B,D.B.L,D.I.L,WIPO,Switzerland)**

**(တရားလွှတ်တော်ရှေ့နေများ)**

**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း– ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၅၁၂၄၁**


**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**


## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄၁/၂)၊ မြေကွက်အမှတ်(၃၀၇+၃၀၈)၊ (၁)ကွက်လျှင် အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဦးမောင်မောင်ခင် (CI–၀၃၄၂၆၈)၊ ဦးဝင်းမြင့် (PZDG–၀၀၃၂၆၆) တို့၏ အမည်ပေါက် ပါမစ်မြေကွက်(၂)ကွက်တွဲအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဆက်စပ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ဇော်ဦး [၁၂/စခန(နိုင်)၀၃၄၇၀၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ် ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ် စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးမြောက် အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်နီလာရွှေ LL.B, H.R.M, (ADVOCATE)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၀၄၉/၁၃)**

**ဖုန်း – ၀၉–၄၃၁၅၇၁၃၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဇေယျာလမ်း၊ မြေကွက်အမှတ်(၂၅၇)၌ ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၊ (၁၂)ခန်းပါ အဆောက်အဦ၏ အမှတ်(၄၈)၊ တတိယထပ် (၄)လွှာ(A)လက်ယာဘက်ရှိ အလျား (၁၂ပေခွဲ)x အနံ (၅၀ပေ) အခန်း၏ ရေ၊ မီး အပြည့်အစုံနှင့်တကွ ဆက်စပ်အသုံးပြုလျက် ရှိသည့် ပစ္စည်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံသော ဒေါ်အေးအေးချို [၁၂/အစန(နိုင်)၀၂၇၇၁၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မို့မို့အောင်[၅/ဝလန(နိုင်)၁၅၉၃၉၁] မှ (၅–၄–၂၀၂၄) ရက်နေ့တွင် အပြီးအပိုင် ဝယ်ယူထားရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်း (မူရင်း) များနှင့် တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်မို့မို့အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အိသန္တာအောင် LL.B**

**အထက်တန်းရှေ့နေ(စဉ်–၅၄၀၆၀)**

**အမှတ်(၅၄)မြေညီထပ်၊ (ခ/၃)လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း – ၀၉–၄၄၆၆၀၀၃၀၂**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၁၀၀၀/ခ)၊ ရတနာပုံ(၁၁)လမ်းဟု ခေါ်တွင်သည့် အကျယ်အဝန်း(၂၀)ပေx (၆၀)ပေရှိ ဦးအုန်းရွှေ ZGN–009375 [၁၂/သကတ(နိုင်)၀၂၅၀၇၉]အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်များနှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် များအား အမည်ပေါက်ထံမှ အဆက်အစပ်စာချုပ်ဖြင့် ဝယ်ယူလက်ရှိထား ပိုင်ဆိုင်လျက် ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဒေါ်သန္တာခိုင် [၁၂/သကတ(နိုင်)၀၆၉၉၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန် အကြောင်းရှိပါက ဤကြော်ငြာပါပြီး (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်ပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီး အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဝင်းဝင်းထက်(LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၇၆)**

**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၄၂၀၀၁၁၅၇၆၊ ၀၉–၉၇၆၇၅၆၀၆၂**

## ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၂၈(ဘီ)၊ မြေကွက်အမှတ်–၆၅၊ ဧရိယာ (၀.၀၅၆) ဧကရှိ ဒေါ်ခင်ပု(ခ)ဒေါ်ပု [၁၂/အစန(နိုင်)၀၅၄၁၃၇] အမည်ပေါက်လျက်ရှိသည့် နှစ်(၆၀) ဂရန်မြေကွက်အပါအဝင် အမှတ်(၈၀)၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သည့်(၂)ထပ် အဆောက်အဦအပါအဝင် အရပ်ရပ် အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ ဒေါ်ခင်ပု (ခ) ဒေါ်ပု၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်စန်း စန်းမော် (စဉ်–၆၄၈၇/၉၇) ၏ (၁၂–၄–၂၀၂၄) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ၊ ကြော်ငြာ–၂၁ ပါ ကြေညာချက် အပေါ် အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာခြင်း

အထက်ခေါင်းစဉ်ပါ မြေကွက်ပေါ်တွင် နှစ်ခန်းတွဲ(၆)ထပ် တိုက် ကန်ထရိုက်တိုက်သစ်ဆောက်လုပ်ရန် ဒေါ်ခင်ပု (ခ) ဒေါ်ပုနှင့် ဦးအေးဝင်း[၁၂/စခန(နိုင်)၀၀၄၂၉၇]တို့သည် (၁–၁၀–၂၀၀၈) ရက်စွဲပါ သဘောတူကတိစာချုပ်ကို ချုပ်ဆိုပြီးနောက် ဒေါ်ခင်ပု (ခ) ဒေါ်ပုက မှတ်ပုံတင် အထွေထွေကိုယ်စားလှယ်လွှဲစာ–၁၁၅၉၇/၂၀၀၈ (၇–၁၁–၂၀၀၈)ကို ဦးအေးဝင်း သို့ လွှဲအပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ (၁–၁၀–၂၀၀၈) သဘောတူစာချုပ်ကို ချုပ်ဆိုသည့်နေ့ကပင် ဒေါ်ခင်ပု (ခ) ဒေါ်ပု၏ ကွယ်လွန်သူမိခင် ဒေါ်ရှုကြည်(AA –၀၁၈၆၆၄) လက်ထက်က ဒေါ်ရှုကြည်မှ ကန်ထရိုက်တာ ဦးစံညွှန့် AKB ၁၉၁၂၅၂ (Top Star ဆောက်လုပ်ရေးအဖွဲ့) ထံမှ တိုက်သစ်ဆောက်လုပ် ရန်အတွက် ကြိုတင်ရယူထားသည့် အလိုက်ငွေများအပြင် ဒေါ်ရှု ကြည် (၁၄–၁၁–၂၀၀၀)နေ့က ကွယ်လွန်၍ မြေကွက်အား ဒေါ်ရှုကြည် အမည်မှ ဒေါ်ခင်ပု(ခ)ဒေါ်ပု အမည်သို့ပြောင်းလဲနိုင်ရန် ဆောက်ရွက် ပေးခဲ့သည့် ကုန်ကျငွေများအတွက် ဒေါ်ခင်ပု (ခ) ဒေါ်ပုက ကန်ထ ရိုက်တာ ဦးစံညွှန့်သို့ အမ်းပေးရမည့်ငွေများအတွက် ဦးအေးဝင်းက မိမိပိုင်အခေါက်ရွှေများကို ရောင်းချ၍ ဒေါ်ခင်ပု (ခ) ဒေါ်ပု ရှေ့မှောက် တွင် ဦးစံညွှန့်သို့ စိုက်ထုတ်အမ်းပေးပြီး အထက်ပါ မြေကွက်၏ မြေငှား ဂရန်မူရင်းကို မျက်နှာစုံညီရယူခဲ့ခြင်းဖြစ်သကဲ့သို့ အထက်ပါ မြေကွက် ပေါ်ရှိ နှစ်ထပ်အိမ်မှ အပေါ်ထပ်တစ်ခုလုံးကို ဦးစံညွှန့် လက်ဝယ်မှ ဦးအေးဝင်းက လက်ခံရယူခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းလူနေအိမ်၏ အောက်ထပ်နေ ဒေါ်ရှုကြည်လက်ထက် က ငှားရမ်းနေထိုင်ခဲ့သူ လူဟောင်းများကိုလည်း ဦးအေးဝင်းက မိမိပိုင်ငွေကြေးများစွာ စိုက်ထုတ်အမ်းပေးပြီး ယင်းလူငှားများထံမှ အခန်းများကို လွှဲပြောင်း လက်ခံရယူခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်ခင်ပုသည် လွန်ခဲ့သည် နှစ်ပေါင်း များစွာကပင် အထက်ပါနေအိမ်၌ နေထိုင်ခဲ့ခြင်းမရှိဘဲ အထက်ပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအား (၂၅–၄–၂၀၀၉) ရက်စွဲပါ အိမ်နှင့်မြေ အရောင်းအဝယ်သဘောတူစာချုပ် ချုပ်ဆို၍ ဦးအေးဝင်းမှ ယနေ့တိုင် မိမိလက်ဝယ် တရားဝင်ထားရှိလျက်ရှိ ကြောင်း၊ ယင်းမြေကွက်နှင့် အဆောက်အဦတို့နှင့် စပ်လျဉ်း၍ ဦးအေး ဝင်း၏ အကျိုးစီးပွား သက်ဆိုင်ပါဝင်နေမှုများစွာရှိနေသည့်အတွက် ဒေါ်ခင်ပု (ခ) ဒေါ်ပုက ဦးအေးဝင်းသို့ လွှဲအပ်ထားသည့် G.P ၁၁၅၉၄/ ၂၀၀၈ အား (၂၇–၃–၂၀၂၄) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ–၃၀(ကြော်ငြာ)ဖြင့် တစ်ဖက်သတ်ရုပ်သိမ်းခွင့် လုံးဝမရှိ ကြောင်း (၁–၁၀–၂၀၀၈)ရက်စွဲပါ သဘောတူစာချုပ်နှင့် မှတ်ပုံတင် G.P ၁၁၅၉၄/၂၀၀၈ တို့အား ဖျက်သိမ်းပေးရန်နှင့် မြေငှားဂရန်မူရင်း ပြန်လည်ရလိုမှုအတွက် အိမ်နှင့်မြေအပေါ် တရားဝင်မှုမရှိသူ ဒေါ်ခင် ပု (ခ) ဒေါ်ပုက ဦးအေးဝင်းအား ယခင် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ်–၅၉၈/၂၀၁၃တွင် တရားစွဲဆိုခဲ့ သော်လည်း အမှုတွင် အဓိကကျသော အချက်လက်များအားနည်း၍ ဒေါ်ခင်ပု ကိုယ်တိုင်က အမှုအား အမှုသစ်စွဲဆိုခွင့်နှင့်တကွ ရုပ်သိမ်း ခွင့်ပြုရန် လျှောက်ထားခဲ့ရာ ရုံးတော်မှ အမှုသစ်စွဲဆိုခွင့်နှင့်တကွ ရုပ်သိမ်းခွင့်ပြုသည့်အနေဖြင့် ပလပ်သည့်အမိန့်ကို (၈–၈–၂၀၁၆) ရက်နေ့က ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ အထက်ဖော်ပြပါ ကိစ္စရပ်များ အတွက် ဦးအေးဝင်း ထံတွင် စာချုပ်စာတမ်းများ အခိုင်အမာ ရှိကြောင်း၊ ဦးအေးဝင်း ဘက်မှငွေကြေးနှင့် အချိန်များစွာကို စိုက်ထုတ် ကုန်ကျခံဆောင်ရွက်ခဲ့မှုများ၊ တရားရုံးက အမိန့်ချမှတ်ထားပြီး ဖြစ်သည့်အပြင် (၂၅–၄–၂၀၀၉) ရက်စွဲပါ အိမ်နှင့်မြေ အရောင်းအဝယ် သဘောတူစာချုပ်အပေါ် မျက်ကွယ်ပြု၍ ဒေါ်ခင်ပု (ခ) ဒေါ်ပုက ခိုင်လုံသော အကြောင်းပြချက် တစ်စုံတစ်ရာမျှ ဖော်ပြပါရှိခြင်းမရှိဘဲ အထက်ခေါင်းစဉ်ပါ ကြေညာချက်အား တစ်ဖက်သတ် ကြေညာစေ ခဲ့ခြင်းသာဖြစ်ပါသဖြင့် တည်ဆဲဥပဒေနှင့် အညီ ပြန်လည်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ခင်ပု (ခ) ဒေါ်ပုနှင့် အများ သိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ –ဦးအေးဝင်း**

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဝင်းလှိုင် (LL.B)** — **ဦးမောင်မောင်ဦး**

**တရားလွှတ်တော်ရှေ့နေ** — **B.A (Q), H.G.P, R.L**

**(စဉ်–၆၀၃၅/၉၃)** — **တရားလွှတ်တော်ရှေ့နေ**

**တိုက်(၁)၊ အခန်း(ဘီ)၊** — **(စဉ်–၄၂၆၀/၈၇)**

**ဒုတိယလွှာ၊ ပင်ရွှေညောင်လမ်း၊** — **တိုက်(၄)၊ အခန်း (၂၀၂)၊**

**တာမွေလေးရပ်ကွက်၊** — **ပိတောက်လမ်း၊**

**တာမွေမြို့နယ်၊ ရန်ကုန်မြို့။** — **(ယုဇနပလာဇာ)၊သာယာကုန်း ရပ်ကွက်၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၅၁၃၇၀၃၄** — **ဖုန်း–၀၉–၅၁၈၂၉၈၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် အေးချမ်း စီဒီစီအမှတ်(၂၅၆၄၁)၏ စီဒီစီ စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-5119914

## ပျောက်ဆုံးကြောင်း

ဦးရဲအောင်(ဘ)ဦးမောင်မောင် [၁၂/ခရန (နိုင်) ၁၀၁၂၂၅] ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ် အမှတ် MA 354223 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

Ph:09-755039765

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်သန္တာညွန့်[၁၂/စခန(နိုင်)၀၁၄၂၆၁](ဘ) ဦးလှညွန့်၏သမီး နိုင်ငံကူး လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-256466005

## ကြော်ငြာစာ

